
အမရပူရမြို့ အဘိဓမ္မာအကျော်

မဂ်လာရာမတိုက်ကြီး၏ နာယကချုပ် တိုက်အုပ်ဆရာတော်

# ဘဒ္ဒန္တ သုဇာတ

(ကောဇာ ၁၂၄၀-၁၃၀၅) (ခရစ်နှစ် ၁၈၇၈-၁၉၄၃)

အရှင်သူမြတ်သည် နောင်လာ နောင်သား သောတုဇနတို့၏ အကျိုး
ရှယ်ကိုးရည်သန်တော်မူပြီးကာလ ရေးသားတော်မူအပ်သော



# ဝီထိသင်္ခေပဒီပနီကျမ်း

နှင့်

# ပုဂ္ဂလစိတ္တဒီပနီကျမ်း

၆၄

သာသနာတော်နှစ်- ၂၅၅၆ ကောဇာ- ၁၃၇၄ ခရစ်- ၂၀၁၂

# တောင်းပန်လွှာ

ဝေါဟာရထုံး သုံးအနှုန်း၌ ရေးသုံးခေတ်သုံး ထိုနှစ်မျိုးတွင် ကွဲပြားမှုတချို့ ရှိပါသည်။ ဤကျမ်းစာတွင် ဝိထိ–ဟူသော ဝေါဟာရ အသုံးကို ရေးယခင် အသုံးအတိုင်း ဝိထိ–ဟူ၍ သုံးနှုန်းထားပါသည်။

ထိုကွဲပြားမှုနှင့်အတူ မကောင်းနိုင်သော ချွတ်ယွင်းချက်များ တွေ့ရှိပါက ကရုဏာသက် ပညာစွက်၍ ပရမတ်စစ် ဓာတ်အနှစ်တွင် ဉာဏ်သက်ဝင်နိုင်ကြပါစေ၊ အပြစ်မယူမူ၍ သည်းခံတော်မူနိုင်ကြပါစေသောဝ်။

ကွန်ပျူတာစာစီနှင့် စီစဉ်ပူဇော်သူ

အမရပူရမြို့ အဘိဓမ္မာအကျော်

ဘဒ္ဒန္တအာဒိစ္စ (ခ) ဆရာကြီးဦးအုန်း၏ ဓမ္မန္တေဝါသိက တပည့်ရင်း

မင်္ဂလာရာမတိုက်ကြီး၏ နာယကချုပ် တိုက်အုပ်ဆရာတော်


# ဘဒ္ဒန္တသုဇာတ

(ကောဇာ ၁၂၄၀-၁၃၀၅) (ခရစ် ၁၈၇၈-၁၉၄၃)

အရှင်သူမြတ်သည် နောင်လာနောင်သား သောတုဇနတို့၏ အကျိုး

ရွှယ်ကိုးရည်သန်တော်မူပြီးကာလ ရေးသားတော်မူအပ်သော

# ဝိထိသင်္ခေပဒီပနီကျမ်းနှင့် ပုဂ္ဂလစိတ္တဒီပနီကျမ်း



သာသနာတော်နှစ်-၂၅၄၆ ကောဇာ-၁၃၆၄ ခရစ်-၂၀၀၂

၂၀၁၂
အမှတ် ..........
ရက်စွဲ ..........

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | ▣ | ဒေါ်ရူပသိဂီ (ITBMU) |
| မျက်နှာဖုံးဒီဇိုင်း | ▣ | နေဝင်းအောင် |
| ကွန်ပျူတာစာစီ | ▣ | Dream City |
| ထုတ်ဝေသည့်အကြိမ် | ▣ | ဒုတိယအကြိမ်<br>၂၀၁၂ခုနှစ်၊စက်တင်ဘာလ |
| အုပ်ရေ | ▣ | ၁၀၀၀ အုပ် |
| တန်ဖိုး | ▣ | |
| ထုတ်ဝေသူ | ▣ | ဦးစိုးတင့်<br>ရွှေပြည်သာစာပေ<br>အမှတ်(၆)၊ ၁၀-ရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ်။ |
| ပုံနှိပ်သူ | ▣ | ဦးတင်အောင်ကျော်(မြ-၀၇၀၅၃)<br>စွယ်တော်ပုံနှိပ်တိုက်<br>အမှတ်-၁၄၇၊ ၅၁-လမ်း(အထက်)<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ရရှိနိုင်သည့်နေရာ | ▣ | မင်္ဂလာမဂ္ဂင်ရိပ်သာနှင့် မင်္ဂလာတိုက်<br>အမရပူရမြို့နယ်၊ မန္တလေးမြို့။<br>ဖုန်း - ၀၉ ၂၀၅၁၀၄၁<br>၀၉ ၄၃၀၁၁၉၂၁<br>၀၉ ၂၀၅၂၀၆၄ |

## ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

၂၉၄.၃

ဦးရေဝတ

ဝိထိသင်္ခေပဒီပနီကျမ်းနှင့် ပုဂ္ဂလစိတ္တဒီပနီကျမ်း/ဦးရေဝတ။ - ရန်ကုန်
ရွှေပြည်သာစာပေ၊ ၂၀၁၂။

၂၀၆ စာ၊ ၁၅.၂၄ စင်တီ × ၂၂.၈၆ စင်တီ

(၁) ဝိထိသင်္ခေပဒီပနီကျမ်းနှင့် ပုဂ္ဂလစိတ္တဒီပနီကျမ်း/ဦးရေဝတ။

အမရပူရမြို့ အဘိဓမ္မာအကျော်
ဘဒ္ဒန္တအာဒိစ္စ (ခ) ဆရာကြီးဦးအုန်း၏ ဓမ္မက္ခေဝါသိက တပည့်ရင်း
မင်္ဂလာရာမတိုက်ကြီး၏ နာယကချုပ် တိုက်အုပ်ဆရာတော်

# ဘဒ္ဒန္တသုဇာတ

(ကောဇာ ၁၂၄၀ - ၁၃၀၅) (ခရစ် ၁၈၇၈ - ၁၉၄၃)
အရှင်သူမြတ်သည် နှောင်းလာနောင်သား သောတုဇနတို့၏ အကျိုး
ရှုယ်ကိုးရည်သန်တော်မူပြီးကာလ ရေးသားတော်မူအပ်သော


# ဝိထိသင်္ခေပဒီပနီကျမ်းမြတ်နှင့်
# ပုဂ္ဂလစိတ္တဒီပနီကျမ်းမြတ်
# ဓမ္မစေတီတော်

ပဲခူးမြို့ ကျောက်တန်းကျေးရွာအုပ်စု၊ ကျောက်ဆောင်ကျေးရွာ၊
ပတ္တမြားကျောင်းတိုက် ပဓာနနာယကဆရာတော်

# ဘဒ္ဒန္တသုန္ဒရ

ပတ္တမြားဆရာတော်မှ
ပါရမီအဟုန် အဖြစ် တည်ထားပူဇော်တော်မူအပ်ပါသည်။
ပဋ္ဌာန်းဆက်အသီးသီးတို့၏ ဟာဒယနလုံးအိမ်အရောက်
ပင့်ဆောင်တည်ထားနိုင်ကြပါစေသော်။

သာသနာတော်နှစ်- ၂၅၅၆ ကောဇာ-၁၃၇၄ ခရစ်-၂၀၁၂



ကျမ်းပြုဆရာတော်

ဘဒ္ဒန္တ သုဇာတ

အမရပူရမြို့၊ မင်္ဂလာရာမ-တိုက်အုပ်ဆရာတော်။

ကောဇာ(၁၂၄၀-၁၃၀၅) ခရစ်(၁၈၇၈-၁၉၄၃)

ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သော ဆရာတော်၏

# အဓိဋ္ဌာန်တော်

ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး
ရှုရနှစ်ဖြာ မိုးကုတ်မင်္ဂလာ သာသနာ၏
ရှေးခါဘိုးဘ လက်ထက်ကလျှင်
ရသည့်တန်ဖိုး ထပ်မညှိုးဖို့
အားကြိုးမာန်တက် ငါဆောင်ရွက်သည်
နေနှစ်ဆူ လနှစ်ဝန်းလို
ထွန်းလင်းစေသော်၊၊


## ဆရာတော် ဘဒ္ဒန္တကေတုက (လေး)

**မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက**

ကောဇာ (၁၂၈၃-၁၃၇၂)၊ ခရစ်နှစ် (၁၉၂၁-၂၀၁၁)

ပဓာနမဟာနာယကဆရာတော်

မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ၊ မင်္ဂလာတိုက်၊ အမရပူရမြို့။

ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သော ဆရာတော်၏

# အာသီသတော်

ပို့သူသင်လူ လွန်လွယ်ကူ
ညည်းညူမဖြစ်ရ
သိလိုသူတွေ သင်ကြစေ
ငွေဝေဉာဏ်ဒါန
ပဋိစ္စဒေသနာ နေရောင်ဝါ
စမ်းလိုအေးလို့ ပန်းလိုလှ
ခေတ်အမှီဆုံး ကျဉ်း၍ချုံး
ရှေးထုံးမကွယ်ရ
ကြောင်းကျိုးဆင့်ဆင့် မဂ်ဉာဏ်ပွင့်
နန်းမြင့်နိဗ္ဗာန်ရ
နန်းမြင့်နိဗ္ဗာန် ရောက်ကြောင်းမှန်
သင်အံကျင့်ကြံကြ။


## ဆရာတော် ဘဒ္ဒန္တဇောတိက (လေး)

**မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက**

ကောဇာ (၁၂၈၃–၁၃၇၂)၊ ခရစ်နှစ် (၁၉၂၁–၂၀၁၁)

ပဓာနမဟာနာယကဆရာတော်

မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ၊ မင်္ဂလာတိုက်၊ အမရပူရမြို့

# အမှာစာ


မြန်မာနိုင်ငံတွင် ယနေ့ကာလသည် အဘိဓမ္မာကာလ အဘိဓမ္မာခေတ်ဟု ခေါ်ထိုက်သော အချိန်အခါကာလ ခေတ်သမယ ဖြစ်သည်။ ယခုအခါ အဘိဓမ္မာကို လေ့လာလိုက်စားသူများ အလွှာအသီးသီးတွင် တိုးတက်များပြားနေသောကြောင့် ဖြစ်သည်။ လူသားသည် စိတ် စေတသိက် ရုပ်တရားများဖြင့် ဖွဲ့စည်းဖြစ်တည်နေကြရသူများ ဖြစ်သည့်အတိုင်း အဘိဓမ္မာသည် ယင်း စိတ် စေတသိက် ရုပ်တရားများ၏ သဘောသဘာဝကို ပိုင်းခြားပြဆိုထားသော တရားဖြစ်သောကြောင့် ထိုစိတ် စေတသိက် ရုပ်တရားများ၏ သဘောသဘာဝကို သိရှိနိုင်ရန် အဘိဓမ္မာကို လူသားတိုင်း လေ့လာသင်ကြားသင့်သည်။

အဘိဓမ္မာတွင် စိတ်၏ဖြစ်စဉ် ဝီထိသဘောသည် အနက်နဲဆုံး၊ သိရန် အခက်ခဲဆုံးဖြစ်သည်ကို အဘိဓမ္မာကို လေ့လာသင်ကြားနေကြသူများ သိရှိကြပြီးဖြစ်သည်။ ထိုအခက်အခဲကို ဤ **ဝီထိသင်္ခေပဒီပနီကျမ်း** က ဖြေရှင်းပေးထားသဖြင့် အဘိဓမ္မာကို လေ့လာသင်ကြားနေကြသော သောတုဇနများအတွက် အသိဉာဏ်ပွားတိုး အကျိုးများသော ကျမ်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။


၎င်းအပြင် ပုဂ္ဂိုလ်အပြားနှင့် စိတ်ရများကိုပါ အသေးစိတ်ဖော်ပြထားသော **ပုဂ္ဂလစိတ္တာဒီပနီကျမ်း** ကိုပါ ပေါင်းစပ်ဖော်ပြထားသော ကျမ်းနှစ်စောင်တွဲ စာအုပ်ဖြစ်၍ အဘိဓမ္မာကို လေ့လာသင်ကြားနေသော သောတုဇနများအတွက် အကျိုးများသော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ဒေါက်တာ ဘဒ္ဒန္တ ပဝရာဘိဝံသ**
မဟာဌာနမှူးဆရာတော်၊ I.T.B.M.U.
သာသနောဒယကျောင်း
သရက်တောကျောင်းတိုက်
လမ္မတော်မြို့နယ်၊ ရန်ကုန်မြို့။

# မိုးကုတ်ဆရာတော်ဘုရားကြီး၏
# ကြွင်းကျန်ရစ်သော ဓါတ်တော်များ
















## အဘိဝန္ဒန ဥပကာရ ကထာ

အနန္တဂုဏ်တော် အနန္တကျေးဇူးတော်တို့ဖြင့် အထူးပြည့်စုံတော်မူသော **မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး** နှင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ **မိုးကုတ်ဆရာတော်ဘုရားကြီး**၏ ဉာဏ်တော်အား အစအဦးအထူးအားဖြင့် လေးမြတ်ကော်ရော် ရှိခိုးပူဇော်အပ်ပါ၏။

မိုးကုတ်ဆရာတော်ကြီး၏ ဓမ္မစေတီတော် ကျမ်းစာမြတ်အား သူတော်စင် ဓမ္မမာမက အပေါင်းတို့၏ ဟဒယနှလုံးအိမ်အရောက် တည်ထား ပူဇော်နိုင်ရန် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟတို့ဖြင့် ကိုယ်တော်တိုင် စတင်ဆောင်ရွက်၍ ချီးမြှောက်တော်မူခဲ့သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ ဘုန်းကြီးများ၏ ပဓာနမဟာနာယကဆရာတော် **ဘဒ္ဒန္တဇောတိက(လေး)** (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အားလည်းကောင်း၊ ပုံနှိပ်ရန်အတွက် လိုအပ်သောဝတ္ထုတို့ဖြင့် မ,တည်ပူဇော်သော ပဲခူးတိုင်းဒေသကြီး၊ ကျောက်တန်းကျေးရွာအုပ်စု၊ ကျောက်ဆောင်ကျေးရွာ၊ ပတ္တမြားကျောင်းတိုက် ပဓာနနာယက ပတ္တမြားဆရာတော် **ဘဒ္ဒန္တသုန္ဒရ** အားလည်းကောင်း၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ **"ခန္ဓာဝန်ချရှေ့ရေတုဉာဏ်တော်မြတ်ပူဇော်ပွဲ"**တွင် ကျမ်းစာအုပ်များအား လှူဒါန်းပူဇော်ပေးသည့် မော်ဘီမြို့၊ မင်္ဂလာတိုက် ပဓာနနာယက

ဆရာတော် **ဘဒ္ဒန္တသုမင်္ဂလ** (ဒယ်အိုးဆရာတော်) အားလည်းကောင်း၊ ဘာသာရပ်ဆိုင်ရာများကို စိစစ်ပေးကြသော ဆရာတော်များအား လည်းကောင်း၊ အထူးအားဖြင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ မဟာဌာနမှူး ဆရာတော် ဒေါက်တာဘဒ္ဒန္တပဝရာဘိဝံသ အားလည်းကောင်း၊ ကွန်ပျူတာ စာစီရာတွင် စိစစ်ကူညီပေးကြသော ဆက်စပ်သမျှအားလုံးသော ဝေနေယျများအားလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း အမရပူရမြို့၊ မင်္ဂလာတိုက်နှင့် မင်္ဂလာမဂ္ဂင်ရိပ်သာမှ မှတ်တမ်းတင်အပ်ပါသည်။

ဓမ္မကျမ်းစာများနှင့် ဆက်စပ်သမျှ အကြမ်းအနု ကိစ္စအရပ်ရပ်တို့သည် ထိုထိုသော ပညာရှင်ပုဂ္ဂိုလ်အပေါင်းတို့နှင့် ဆရာတော် ဘဒ္ဒန္တဇောတိက(လေး)၏ သဒ္ဓိဝိဟာရိကာ အမွေခံတပည့် မရူပသီဂိ (မရင်ရင်ထွေး) (မဟာဝိဇ္ဇာဘွဲ့ - ဗုဒ္ဓဓမ္မ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့)တို့မှ ကြိုးပမ်းဆောင်ရွက်သော ခွဲလုံ့လဝီရိယတို့၏ အသီးအပွင့်တို့သာတည်း။

အမရပူရမြို့၊ မင်္ဂလာတိုက်မှ
ဓမ္မကျမ်းစာအုပ်များကို ထုတ်ဝေပူဇော်သူ

**ဘဒ္ဒန္တရေဝတ**
(၉/အမရ(သ)၀၀၀၃၈၆)
မဟာနာယကချုပ်ဆရာတော်
အလယ်တိုက်ကျောင်း၊ မင်္ဂလာတိုက်၊
အိုးတော်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၁၃၇၃-ခု၊ သီတင်းကျွတ်လဆန်း ၂-ရက်
(၂၈-၉-၂၀၁၁) ကြာသပတေးနေ့။

ဓမ္မကျမ်းစာများကို ပုံနှိပ်ပူဇော်သော

# ဘဒ္ဒန္တ ဇောတိက (လေး)

(မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက)

ကောဇာ (၁၂၈၃ - ၁၃၇၂) ခရစ်နှစ် (၁၉၂၁ - ၂၀၁၁)

၏

# ကြွင်းကျန်ရစ်သော ဓါတ်တော်များ



# ဝိထိသင်္ခေပဒီပနီကျမ်း

## မာတိကာ

**စဉ်** **အကြောင်းအရာ**

၁။ နိဒါန်း
စိတ်သက် ရုပ်သက် ပြခြင်း
မေးခွန်းများ

၂။ နိဒါန်း
စိတ်သက် ရုပ်သက် ပြခြင်း (တစ်နည်း)

၃။ ပဉ္စဒွါရဝိထိ ဖြစ်ပုံပြခြင်း
မနောဒွါရ၌ ကာမဇောဝါရဝိထိ ဖြစ်ပုံပြခြင်း
မနောဒွါရ၌ မဟဂ္ဂုတ်ဇောဝါရဝိထိ
ဖြစ်ပုံပြခြင်း (အကျဉ်း)
လောကုတ္တရာဝိထိ ဖြစ်ပုံပြခြင်း (အကျဉ်း)
မဟဂ္ဂုတ်ဈာနဝိထိ ဖြစ်ပုံပြခြင်း (အကျယ်)
လောကုတ္တရာဝိထိ ဖြစ်ပုံပြခြင်း (အကျယ်)

၄။ ဒိဗ္ဗစက္ခု အဘိညာဉ်ဝိထိ ဖြစ်ပုံပြခြင်း
ဒိဗ္ဗသောတ အဘိညာဉ်ဝိထိ ဖြစ်ပုံပြခြင်း

ဣဒ္ဓိဝိဓ အဘိညာဉ်ဝိထိ ဖြစ်ပုံပြခြင်း ၅၅
စေတောပရိယ အဘိညာဉ်ဝိထိ ဖြစ်ပုံပြခြင်း ၅၈
ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဝိထိ
ဖြစ်ပုံပြခြင်း ၆၂
ယထာကမ္မုပဂ အဘိညာဉ်ဝိထိ ဖြစ်ပုံပြခြင်း ၆၆
အနာဂတံသ အဘိညာဉ်ဝိထိ ဖြစ်ပုံပြခြင်း ၆၉
နိရောဓသမာပတ္တိဝိထိ ဖြစ်ပုံပြခြင်း ၇၃
အရူပါဝစရရဟာနဝိထိ ဖြစ်ပုံပြခြင်း ၇၇
မရဏာသန္နဝိထိ ဖြစ်ပုံပြခြင်း ၇၉

၅။ ဝိထိမည်ပုံ ၁၁၅
ဝိညာဏ် (၆) ပါးဖြစ်ကြောင်း ပြခြင်း ၁၁၆
ပစ္စုပ္ပန် (၄) မျိုး မှတ်ရန် ၁၂၀
ပုဂ္ဂိုလ်ဒွါရ၏ အစွမ်းဖြင့် ဝိထိ ဖြစ်ပုံပြခြင်း ၁၂၃

**မာတိကာ ပြီး၏။**

× × × × ×

# ပုဂ္ဂလစိတ္တဒီပနီကျမ်း

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါနကထာ | ၁၄၃ |
| ၂။ | ပုဂ္ဂိုလ်အရေအတွက် ပြခြင်း | ၁၄၄ |
| ၃။ | အပါယ်ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း | ၁၄၅ |
| ၄။ | လူ့ဘုံ၊ စတုမဟာရာဇ်ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း | ၁၄၅ |
| ၅။ | ကာမသုဂတိ (၇) ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း | ၁၄၅ |
| ၆။ | ဝေဟပ္ဖိုလ်တိုင် ရူပ (၁၀) ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း | ၁၅၀ |
| ၇။ | အသညသတ်ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း | ၁၅၃ |
| ၈။ | သုဒ္ဓါဝါသ (၅) ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း | ၁၅၃ |
| ၉။ | အရူပ (၄) ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း | ၁၅၄ |
| ၁၀။ | ထေရုပ္ပတ္တိများ | ၁၆၃ |

**မာတိကာ ပြီး၏။**

× × × × ×




အမရပူရမြို့ မင်္ဂလာတိုက်၊ အဘိဓမ္မာ–ညဝါ၊ ပဌမကျော်ဆရာကြီးဦးအုန်း(ဦးအာဒိစ္စ)
ခရစ်နှစ် (၁၈၄၆–၁၉၂၅) ခုနှစ်

ဗုဒ္ဓံ ဓမ္မံ သံဃံ

# ဝိသုဒ္ဓိမဂ္ဂ ဒီပနီကျမ်း

# (၁)

## နိဒါန်း

အစိန္တေယျ၊ အပ္ပမေယျ၊ ဒသဗလ၊ ဆအသာဓာရဏ၊ စတုဝေ သာရဇ္ဇ အနန္တဂုဏ်တော် ကျေးဇူးတော်အပုံ လွှမ်းခြုံထက်ရပ် နှံ့စပ် ကြွေငြာတော်မူသော၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ခြောက်သွယ်သော ရောင်ခြည်တော် အစုံတို့ဖြင့် တင့်တယ်ရွှန်းရွှန်း ထွန်းလင်းတောက်ပတော်မူပေသော၊ အတုလာဓိပတိ သီရိန္ဒာဘိ မရှိနှိုင်းတန် ကဲလွန်မြင့်မြတ်သော၊ ကြက် သရေတော် အပေါင်းတို့ကို ဆောင်တော်မူသော၊ အတုမရှိ နှိုင်းညှိမရ ဂုဏ်တော်တွေအနန္တနှင့် ပြည့်စုံတော်မူသော၊ မြတ်စွာဗုဒ္ဓ မြွက်ဟ ဟောပြတော်မူအပ်သော ဒေသနာတော် အရပ်ရပ်တို့တွင် အဘိဓမ္မာ ဒေသနာတော်၏ မူလဘူတ အခြေရင်းဖြစ်သော ညဝါဘက်ဆိုင်ရာ

သိစွမ်းရာဖြစ်သဖြင့် ဝိထိအစဉ် ဉာဏ်ဝယ်ထင်စေရန် ရည်သန်ပိုင်း ကာ များစွာသိသာ သိစေရအောင် စိတ်ရင်းဆောင်၍ ရုပ်နာမ်ခဏ သချာပြလျက် ဝိထိသင်္ခေပ အကျဉ်းခြုံးကာ ရေးစီပါအံ့။

၁။ ။ တိရတာနံ ဗု–ခံ–သံ–အဟံဝန္ဒာမိ။

၂။ ။ ခဏငယ်ရုပ် နည်းသရုပ် ရေးထုတ်မိန့်ကုန်ဘိ။

၃။ ။ သောတုနောင်လာ များသိသာ သေချာမှတ်ကုန်ဘိ။

## စိတ်သက် ရုပ်သက်ကို ပြခြင်း

စိတ်သည် ဥပါဒ်တစ်ခဏ ဋ္ဌီတစ်ခဏ ဘင်တစ်ခဏ ဤသို့ ခဏငယ် ၃ ချက် အသက်ရှည်၏။ ခဏ၏ ကာလတိုခြင်းကို ဥပမာ ပေးဖွယ် မရှိ။ အလွန်ပင် ကာလတိုသည်။ ရုပ်သည် ဥပါဒ် တစ်ခဏ၊ ဋ္ဌီ ၄၉ ခဏ၊ ဘင်တစ်ခဏ ဤသို့ ခဏငယ် ၅၁ ချက် စိတ္တက္ခဏအလို ၁၇ ချက် အသက်ရှည်၏။ ခဏငယ် ၃ ချက်နှင့် ပြည့်စုံသော စိတ်သည် သတ္တဝါတစ်ယောက်တစ်ယောက် သန္တာန်၌ ဖြစ်ခြင်းသည် တစ်စိတ် ဖြစ်၍ ချုပ်ပြီးမှ တစ်စိတ် ဖြစ်ပေါ်ပါသည်။

ရုပ်သည် စိတ်ကဲ့သို့ (၁)ရုပ်ချုပ်ပြီးမှ (၁)ရုပ်ဖြစ်ပေါ်သည် မဟုတ်၊ ခဏတိုင်း ခဏတိုင်း ရုပ်ဖြစ်ပါသည်။ ဤသို့ ခဏတိုင်း ခဏတိုင်း ရုပ်ဖြစ်သောကြောင့် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စိတ္တက္ခဏ ၁၇ ချက်၊ ဝါ– ခဏငယ် ၅၁ ချက် ပြည့်သောအခါ ဥပါဒ်ရုပ် (၁)ရုပ်၊ ဋ္ဌီရုပ် (၄၉)ရုပ်၊ ဘင်ရုပ် (၁)ရုပ်အားဖြင့် (၅၁)ရုပ် ပေါင်းဆုံမိပါသည်။

ရှေးဦးအစ စိတ်သက် ခဏငယ်အပိုင်းအခြား၊ ရုပ်သက် ခဏငယ်အပိုင်းအခြား ထင်မြင်အောင် မှတ်သား၍ ရုပ်ဆုံ ပေါင်းပျက် အနှစ်သာရမရှိသော နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာက ဥပါဒါန်

နည်းပါး၍ ဘုံဘဝငြီးငွေ့သဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း အားထုတ်နိုင်ကြမည်။ (ဤကား စကားချုပ်)။

၁။ စိတ္တက္ခဏက ကိုင်၍မေးနည်း။

၂။ ခဏငယ်က ကိုင်၍မေးနည်း။

၃။ အစကိုဖော်သဖြင့် အလယ်အဆုံးကို မေးနည်း။

၄။ အလယ်ကိုဖော်သဖြင့် အစအဆုံးကို မေးနည်း။

၅။ အဆုံးကိုဖော်သဖြင့် အစအလယ်ကို မေးနည်း။

## ၁။ စိတ္တက္ခဏက ကိုင်၍ မေးသည့်ရှိသော်

မေး ။ ။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ကစ၍ အနုလောမအားဖြင့် ရေတွက်သည့်ရှိသော် (၁၈)ချက်မြောက်သော စိတ်မှာ ရုပ်မည်မျှ ပေါင်းဆုံမိပါသနည်း။

ဖြေ ။ ။ ခဏတိုင်း ခဏတိုင်း ရုပ်ဖြစ်သဖြင့်လည်းကောင်း၊ ခဏငယ် ၅၁ ချက်သာ အသက်ရှည်သဖြင့်လည်းကောင်း၊ ၅၁–ရုပ် ပေါင်းဆုံမိပါသည်။

မေး ။ ။ ၎င်း ၅၁–ရုပ်တို့တွင် ဥပါဒ်ရုပ်မည်မျှ၊ ဌီရုပ် မည်မျှ၊ ဘင်ရုပ် မည်မျှ အရေအတွက် ပါပါသနည်း။

ဖြေ ။ ။ ဥပါဒ်ရုပ် (၁)ရုပ်၊ ဘင်ရုပ် (၁)ရုပ်၊ ဌီရုပ် (၄၉)ရုပ် ပါပါသည်။

မေး ။ ။ ၎င်းချုပ်သော ဘင်ရုပ်သည် ဘယ်မျှလောက်သော စိတ်က ဖြစ်ပါသနည်း။ ၎င်းဖြစ်စ ဥပါဒ်ရုပ်သည်လည်း ဘယ်မျှလောက်သော စိတ်က ဖြစ်ပါသနည်း။ ၎င်းတည်ဆဲ ဌီရုပ် (၄၉)ရုပ်သည်လည်း ဘယ်မျှလောက်သော စိတ်က စ၍ ဖြစ်ပါသနည်း။

ဖြေ ။ ။ ပဋိသန္ဓေစိတ်၏ ဘင်က ဖြစ်ခဲ့သော ရုပ်သည် အနုလောမ အားဖြင့် အစဉ်အတိုင်းရေသော် (၁၈)ချက်မြောက်သော စိတ်၏ ဌီမှာ ခဏငယ် (၅၁)ချက် ရုပ်သက်စေ့ခြင်းကြောင့် ချုပ်သဖြင့် ဘင်ရုပ် ဖြစ်ပါသည်။ ၎င်း (၁၈)ချက်မြောက်သော စိတ်၏ ဌီခဏ၌ ဖြစ်ဆဲသော ရုပ်သည် ဥပါဒ်ရုပ် မည်ပါသည်။ ပဋိသန္ဓေစိတ် ချုပ်သည်၏ အခြားမဲ့ ပထမဘဝင်စိတ်၏ ဥပါဒ် ခဏကစ၍ (၁၈) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ တိုင် အောင် ခဏငယ် (၄၉) ချက်အတွင်း၌ ဖြစ်သော (၄၉) ရုပ် အပေါင်းသည် ၎င်း (၁၈) ချက်မြောက်သော စိတ်၏ ဌီခဏ၌ ဌီရုပ် (၄၉) ရုပ် ဖြစ်ပါသည်။ ဤသို့ ဥပါဒ်ရုပ် (၁) ရုပ်၊ ဘင်ရုပ် (၁) ရုပ်၊ ဌီရုပ် (၄၉) ရုပ်အားဖြင့် (၅၁) ရုပ် ဖြစ်၍ ပေါင်းဆုံမိပါသည်။

## စိတ္တက္ခဏက ကိုင်၍ မေးဖြေရန် တစ်နည်းမှာ

မေး ။ ။ စိတ္တက္ခဏ တစ်ခု၏ ဥပါဒ်ခဏ၌ (၅၁) ရုပ် ပေါင်းဆုံမိသဖြင့် ၎င်း (၅၁) ရုပ်တို့တွင် ဥပါဒ်ရုပ်၊ ဘင်ရုပ်၊ ဌီရုပ်တို့ကို ဘယ်မျှ လောက်သော စိတ်က ဖြစ်ခဲ့ပါသနည်း။ ပဋိလောမအားဖြင့် ရေတွက်၍ ပြပါ။

ဖြေ ။ ။ ၎င်းမေးသော စိတ်မှ ပဋိလောမအားဖြင့် ပြန်၍ရေသော် (၁၈) ချက်မြောက်သော စိတ်၏ ဌီကဖြစ်သော ရုပ်သည် ခဏငယ် (၅၁) ချက်စေ့သဖြင့် ဘင်ရုပ် ဖြစ်ပါသည်။ ၎င်းမေးသောစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲရုပ်သည် ဥပါဒ်ရုပ် ဖြစ်ပါသည်။ မေးသော စိတ်မှ ပဋိလောမ ပြန်၍ရေသော် (၁၈) ချက်မြောက်သော စိတ်၏ ဘင်ကစ၍ မေးသော စိတ်မှ ရှေးဖြစ်သော စိတ်၏

ဘင်တိုင်အောင် ခဏငယ် (၄၉) ချက် အတွင်း၌ ဖြစ်ခဲ့သော ရုပ် (၄၉) ရုပ် အပေါင်းသည် ၎င်းမေးသော စိတ်၏ ဥပါဒ် ခဏ၌ ဌီရုပ် (၄၉) ရုပ် ဖြစ်ပါသည်။ ဤသို့ ဥပါဒ် (၁) ရုပ်၊ ဘင် (၁) ရုပ်၊ ဌီ (၄၉) ရုပ်အားဖြင့် (၅၁) ရုပ် ပေါင်းဆုံမိပါသည်။

မေး ။ ။ စိတ္တက္ခဏတစ်ခု၏ ဌီခဏ၌ (၅၁) ရုပ် ပေါင်းဆုံမိသဖြင့် ၎င်း (၅၁) ရုပ်တို့တွင် ဥပါဒ်ရုပ်၊ ဘင်ရုပ်၊ ဌီရုပ်တို့ကို ဘယ်မျှ လောက်သော စိတ်က ဖြစ်ခဲ့ပါသနည်း။ ပဋိလောမအားဖြင့် ရေတွက်၍ပြပါ။

ဖြေ ။ ။ ၎င်းမေးသော စိတ်မှ ပဋိလောမအားဖြင့် ပြန်၍ ရေတွက်သော် (၁၈) ချက်မြောက်သော စိတ်၏ ဘင်ကဖြစ်သော ရုပ်သည် ၎င်း မေးသော စိတ်၏ဌီမှာ ခဏငယ် (၅၁) ချက်စေ့သဖြင့် ဘင်ရုပ် ဖြစ်ပါသည်။ ၎င်းမေးသောစိတ်၏ ဌီခဏ၌ ဖြစ်ဆဲသော ရုပ် သည် ဥပါဒ်ရုပ် ဖြစ်ပါသည်။ ၎င်းမေးသောစိတ်မှ ပဋိလောမ အားဖြင့် ပြန်၍ရေသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ် ကစ၍ ၎င်းမေးသော စိတ်၏ ဥပါဒ်တိုင်အောင် ခဏငယ် (၄၉) ချက် အတွင်း၌ ဖြစ်သောရုပ် (၄၉) ရုပ် အပေါင်းသည် ၎င်းမေး သော စိတ်၏ဌီမှာ ဌီရုပ် (၄၉) ရုပ် ဖြစ်ပါသည်။ ဤသို့ ဥပါဒ် ရုပ် (၁) ရုပ်၊ ဘင်ရုပ် (၁) ရုပ်၊ ဌီရုပ် (၄၉) ရုပ်အားဖြင့် ရုပ် ပေါင်း (၅၁) ရုပ် ပေါင်းဆုံမိပါသည်။

မေး ။ ။ စိတ္တက္ခဏတစ်ခု၏ ဘင်ခဏ၌ (၅၁) ရုပ် ပေါင်းဆုံမိသဖြင့် ၎င်း (၅၁) ရုပ်တို့တွင် ဥပါဒ်ရုပ်၊ ဌီရုပ်၊ ဘင်ရုပ်တို့ကို ဘယ်မျှ လောက်သော စိတ်က ဖြစ်ပါသနည်း။ ပဋိလောမအားဖြင့် ရေတွက်၍ပြပါ။

ဖြေ ။ ။ ၎င်းမေးသော စိတ်မှ ပဋိလောမအားဖြင့် ပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ကဖြစ်သော ရုပ်သည် ၎င်းမေးသော စိတ်၏ဘင်မှာ ခဏငယ် (၅၁) ချက်စွေသဖြင့် ဘင်ရုပ် ဖြစ်ပါသည်။ ၎င်းမေးသော စိတ်ဘင်ခဏ၌ အသစ် ဖြစ်ဆဲသော ရုပ်သည် ဥပါဒ်ရုပ် ဖြစ်ပါသည်။ ၎င်းမေးသော စိတ်မှ ပဋိလောမအားဖြင့် ပြန်၍ရေသော် (၁၇) ချက်မြောက် သော စိတ်၏ဋီကစ၍ မေးသော စိတ်၏ဋီတိုင်အောင် ခဏငယ် (၄၉) ချက်အတွင်းဖြစ်သော (၄၉) ရုပ်အပေါင်းသည် ၎င်းမေး သော စိတ်ဘင်ခဏမှာ ဋီရုပ် (၄၉) ရုပ် ဖြစ်ပါသည်။ ဤသို့ ဥပါဒ်ရုပ် (၁) ရုပ်၊ ဋီရုပ် (၄၉) ရုပ်၊ ဘင်ရုပ် (၁) ရုပ်အားဖြင့် ရုပ်ပေါင်း (၅၁) ရုပ် ပေါင်းဆုံမိပါသည်။

နောက်ဆိုလတ္တံ့သော စကားစဉ်မှာ သောတုဇနတို့ ဉာဏ်ကြီး ရင့်စေခြင်း အကျိုးငှာ ဝိသဇ္ဇနာကို မရေးမူ၍ ပုစ္ဆာ ကိုသာ ဖော်ပြတော့မည်။ အလွန်ငုပ်၍ အသိဉာဏ် ဖြစ်နိုင်ခဲ သော ပုစ္ဆာဖြစ်ပါက မပင်ပန်းကြစေခြင်းငှာ ဝိသဇ္ဇနာကို ဖော်ပြ လိုက်မည်။ (ဤကား စကားချပ်)။

မေး ။ ။တစ်နည်းမှာ။ ။ ပဋိသန္ဓေစိတ်မှ အစပြု၍ (၁၇) ချက်မြောက် သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သောရုပ်သည် အဘယ်မျှ လောက်သော စိတ်မှာ ချုပ်ပါသနည်း။ အနုလောမအားဖြင့် ရေတွက်၍ပြပါ။

မေး ။ ။ ပဋိသန္ဓေစိတ်မှ အစပြု၍ (၁၇) ချက်မြောက်သော စိတ်၏ ဋီခဏ၌ ဖြစ်သောရုပ်သည် ဘယ်မျှလောက်သော စိတ်မှာ ချုပ်ပါသနည်း။ အနုလောမအားဖြင့် ရေတွက်၍ပြပါ။

မေး ။ ။ ပဋိသန္ဓေစိတ်မှ အစပြု၍ (၁၇) ချက်မြောက်သော စိတ်၏ ဘင်ခဏ၌ ဖြစ်သောရုပ်သည် ဘယ်မျှလောက်သော စိတ်မှာ ချုပ်ပါသနည်း။ အနုလောမသချာအားဖြင့် ရေတွက်ပြပါ။

မေး ။ ။ တစ်နည်းမှာ ။ ။ စိတ်၏ ဥပါဒ်ခဏမှာ (၅၁) ရုပ် ပေါင်းဆုံမိပါလျှင် ဥပါဒ်ရုပ်၊ ဌီရုပ်၊ ဘင်ရုပ်ကို ရွေးခြယ်၍ ပဋိလောမ နည်းအားဖြင့် ရေတွက်၍ ကောက်ပြပါ။

ဖြေ ။ ။ ၎င်းမေးသောစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲသောရုပ်ကို ဥပါဒ်ရုပ် ခေါ်ပါသည်။ မေးသောစိတ်မှ ပဋိလောမအားဖြင့် ပြန်၍ ရေတွက်သည် ရှိသော် (၁၈) ချက်မြောက် စိတ်၏ဌီခဏ က ဖြစ်ခဲ့သော ရုပ်သည် ၎င်းမေးသော စိတ်၏ ဥပါဒ်ခဏမှာ ဘင်ရုပ် ဖြစ်ပါသည်။ ၎င်းမေးသောစိတ်မှ ပဋိလောမအားဖြင့် ပြန်၍ရေတွက်သော် (၁၈) ချက်မြောက်သော စိတ်၏ ဘင်ခဏ ကစ၍ ၎င်းမေးသောစိတ်မှ ရှေးဖြစ်သော စိတ်၏ ဘင်ခဏ တိုင်အောင် ခဏငယ် (၄၉) ချက်အတွင်း၌ ဖြစ်ခဲ့သော ရုပ် အပေါင်းသည် ၎င်းမေးသောစိတ်၏ ဥပါဒ်ခဏမှာ ဌီရုပ် (၄၉) ရုပ် ဖြစ်ပါသည်။ ဤသို့ ဥပါဒ်ရုပ် (၁) ရုပ်၊ ဌီရုပ် (၄၉) ရုပ်၊ ဘင်ရုပ် (၁) ရုပ်အားဖြင့် (၅၁) ရုပ် ပေါင်းဆုံမိပါသည်။

ဤနည်းကိုမှီ၍ ဖြေဆိုရန်ကို ပုစ္ဆာအားဖြင့် ဖော်ပြပေအံ့။

မေး ။ ။ စိတ်၏ ဌီခဏမှာ ရုပ်မည်မျှ ပေါင်းဆုံမိပါသနည်း။ ဥပါဒ်ရုပ်၊ ဌီရုပ်၊ ဘင်ရုပ်တို့ကို ရေတွက်၍ ဖော်ပြပါ။

မေး ။ ။ စိတ်၏ဘင်မှာ ရုပ်မည်မျှ ပေါင်းဆုံမိပါသနည်း။ ဥပါဒ်ရုပ်၊ ဌီရုပ်၊ ဘင်ရုပ်တို့ကို ရေတွက်၍ ဖော်ပြပါ။

မေး ။ ။တစ်နည်းမှာ။ ။ ဖြစ်ဆဲသော စိတ်၏ဥပါဒ်၌ ဖြစ်သောရုပ်သည် ဘယ်မျှလောက် စိတ်မှာချုပ်မည်နည်း။ အနုလောမအားဖြင့် ရေတွက်၍ပြပါ။

မေး ။ ။တည်ဆဲသော စိတ်၏ဌီ၌ ဖြစ်သောရုပ်သည် ဘယ်မျှလောက်သော စိတ်မှာချုပ်မည်နည်း။ အနုလောမအားဖြင့် ရေတွက်၍ပြပါ။

မေး ။ ။ချုပ်ဆဲသောစိတ်၏ ဘင်၌ ဖြစ်သောရုပ်သည် ဘယ်မျှလောက်သော စိတ်မှာ ချုပ်မည်နည်း။ အနုလောမအားဖြင့် ရေတွက်၍ပြပါ။

## ၂။ ခဏငယ်က ကိုင်၍ မေးသည့်ရှိသော်

မေး ။ ။ခဏငယ် (၂၀) ရုပ်သက် အရေအတွက်ရသော ရုပ်သည် စိတ္တက္ခဏ မည်မျှရပါသနည်း ရေတွက်၍ပြပါ။

မေး ။ ။ဤနည်းအတိုင်း ခဏငယ် (၂၅) ရသောရုပ်၊ ခဏငယ် (၃၀) ရသောရုပ်၊ ခဏငယ် (၃၅) ရသောရုပ်၊ ခဏငယ် (၄၀) ရသောရုပ်၊ ခဏငယ် (၄၅) ရသောရုပ်၊ ၎င်းရုပ်တို့သည် စိတ္တက္ခဏ မည်မျှရပါသနည်း။

မေး ။ ။တစ်နည်းမှာ။ ။ခဏငယ် (၂၀) ခန့် ချုပ်လတ္တံ့သော ရုပ်သည် စိတ္တက္ခဏ မည်မျှရပါသနည်း။ ရေတွက်၍ပြပါ။

မေး ။ ။ဤနည်းအတိုင်း ခဏငယ် (၂၅) ချက်ခန့် ချုပ်လတ္တံ့သောရုပ်၊ ခဏငယ် (၃၀) ခန့် ချုပ်လတ္တံ့သောရုပ်၊ ခဏငယ် (၃၅) ချက်ခန့် ချုပ်လတ္တံ့သောရုပ်၊ ခဏငယ် (၄၀) ခန့် ချုပ်လတ္တံ့သော

ရုပ်၊ ခဏငယ် (၄၅) ချက်ခန့် ချုပ်လတ္တံ့သောရုပ်၊ ၎င်းရုပ်တို့သည် စိတ္တက္ခဏ မည်မျှရပါသနည်း။ ရေတွက်၍ပြပါ။

မေး ။ ။ တစ်နည်းမှာ။ ။ စိတ္တက္ခဏ (၅) ချက်ရသော ရုပ်သည် ခဏငယ် အရေအတွက် မည်မျှရပါသနည်း။ ရေတွက်၍ ပြပါ။

မေး ။ ။ ဤနည်းကိုမှီ၍ မေးရန်မှာ စိတ္တက္ခဏ (၇) ချက် ရသောရုပ်၊ စိတ္တက္ခဏ (၁၀) ချက် ရသောရုပ်၊ စိတ္တက္ခဏ (၁၅) ချက် ရသောရုပ်၊ စိတ္တက္ခဏ (၁၇) ချက် ရသောရုပ်၊ ခဏငယ် မည်မျှရပါသနည်း ရေတွက်၍ ပြပါ။

မေး ။ ။ တစ်နည်းမှာ။ ။ စိတ္တက္ခဏ (၃) ချက်ရသော ရုပ်သည် ခဏငယ်ရုပ်သက် မည်မျှလိုသည်ကို ရေတွက်၍ပြပါ။

မေး ။ ။ ဤနည်းကိုမှီ၍ မေးရန်မှာ။ ။ စိတ္တက္ခဏ (၅) ချက်ရသောရုပ်၊ စိတ္တက္ခဏ (၇) ချက်ရသောရုပ်၊ စိတ္တက္ခဏ (၁၀) ချက်ရသောရုပ်၊ စိတ္တက္ခဏ (၁၂) ချက်ရသောရုပ်၊ စိတ္တက္ခဏ (၁၅) ချက်ရသောရုပ် တို့သည် ခဏငယ်ရုပ်သက် မည်မျှလိုသည်ကို ရေတွက်၍ပြပါ။

မေး ။ ။ တစ်နည်းမှာ။ ။ ခဏငယ် (၂၁) ချက်ရသောရုပ်သည် စိတ္တက္ခဏမည်မျှလိုသည်ကို ရေတွက်ပြပါ။

မေး ။ ။ ခဏငယ် (၃၀) ရသော ရုပ်သည် စိတ္တက္ခဏ မည်မျှလိုသည်ကို ရေတွက်၍ ပြပါ။

မေး ။ ။ ခဏငယ် (၃၅) ချက်ရသော ရုပ်သည် စိတ္တက္ခဏ မည်မျှလိုသည်ကို ရေတွက်၍ ပြပါ။

မေး ။ ။ခဏငယ် (၄၂) ချက်ရသော ရုပ်သည် စိတ္တက္ခဏ မည်မျှလိုသည်ကို ရေတွက်၍ ပြပါ။

မေး ။ ။ခဏငယ် (၄၅) ချက်ရသော ရုပ်သည် စိတ္တက္ခဏ မည်မျှလိုသည်ကို ရေတွက်၍ ပြပါ။

မေး ။ ။ခဏငယ် (၄၈) ချက်ရသော ရုပ်သည် စိတ္တက္ခဏ မည်မျှလိုသည်ကို ရေတွက်၍ ပြပါ။

## ၃။ အစကိုဖော်သဖြင့် အလယ်အဆုံးကို မေးသည်ရှိသော်

မေး။ ။စိတ်၏ ဥပါဒ်ကဖြစ်သော ရုပ်သည် ခဏငယ် (၂၀) ရပြီ။ ယခုရောက်သောစိတ်သည် ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ရေတွက်၍ ပြပါ။ နောင်ချုပ်လတ္တံ့သော စိတ်မှာ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ရေတွက်၍ ပြပါ။

မေး ။ ။စိတ်၏ဌီကဖြစ်သော ရုပ်သည် ခဏငယ် (၂၅) ရပါပြီ။ ယခုရောက်သောစိတ်သည် ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ရေတွက်၍ ပြပါ။ နောင်ချုပ်လတ္တံ့သော စိတ်မှာ ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ရေတွက်၍ ပြပါ။

မေး ။ ။စိတ်၏ဘင်ကဖြစ်သော ရုပ်သည် ခဏငယ် (၃၈) ရပါပြီ။ ယခုရောက်သောစိတ်သည် ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ရေတွက်၍ ပြပါ။ နောင်ချုပ်လတ္တံ့သောစိတ်မှာ ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ရေတွက်၍ ပြပါ။

ဤနည်းကိုမှီ၍ အစကိုဖော်၍ ခဏငယ် သင်္ချာတည်သဖြင့် အလယ်အဆုံးကို မေးလေ။

## ၄။ အလယ်ကိုဖော်သဖြင့် အစအဆုံးကိုမေးသည့်ရှိသော်

မေး။ ။စိတ်၏ ဥပါဒ်မှာရောက်သော ရုပ်သည် ခဏငယ် (၂၅) ရပါပြီ။ ပဋိလောမ အားဖြင့် ဘယ်မျှလောက်သော စိတ်၏ ဥပါဒ်၊ ဌီ၊ ဘင်က ဖြစ်ခဲ့ပါသနည်း။ နောင်ချုပ်လတ္တံ့သောစိတ်မှာ ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် အနုလောမနည်း ရေတွက်၍ပြပါ။

မေး ။ ။စိတ်၏ဌီမှာရောက်သော ရုပ်သည် ခဏငယ် (၃၅) ရပါပြီ။ ပဋိလောမအားဖြင့် ဘယ်မျှလောက်သော စိတ်၏ ဥပါဒ်၊ ဌီ၊ ဘင်က ဖြစ်ခဲ့ပါသနည်း။ နောင်ချုပ်လတ္တံ့သော စိတ်မှာ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အနုလောမသင်္ချာ ရေတွက်၍ပြပါ။

မေး ။ ။စိတ်၏ဘင်မှာရောက်သော ရုပ်သည် ခဏငယ် (၄၅) ရပါပြီ။ ပဋိလောမအားဖြင့် ဘယ်မျှလောက်သော စိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် က ဖြစ်ခဲ့ပါသနည်း။ နောင်ချုပ်လတ္တံ့သောစိတ်မှာ ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် အနုလောမသင်္ချာ ရေတွက်၍ပြပါ။

ဤနည်းကိုမှီ၍ အလယ်ကိုဖော်ပြသဖြင့် ခဏငယ် သင်္ချာတည်ပြီးလျှင် အစအဆုံးကို မေးလေ။

## ၅။ အဆုံးကိုဖော်သဖြင့် အစအလယ်ကို မေးသည့်ရှိသော်

မေး ။ ။စိတ်၏ ဥပါဒ်မှာ ချုပ်လတ္တံ့သောရုပ်သည် ခဏငယ် (၂၀) ခန့် လိုပါသေးသည်။ ယခုရောက်သော စိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ပဋိလောမသင်္ချာ ရေတွက်၍ပြပါ။

မေး ။ ။စိတ်၏ဌီမှာ ချုပ်လတ္တံ့သော ရုပ်သည် ခဏငယ် (၂၅) ချက် ခန့် လိုပါသေးသည်။ ယခုရောက်သော စိတ်၏ ဥပါဒ်၊ ဌီ၊

ဘင် အား ဖြင့် ရေတွက်၍ပြပါ။ ၎င်းဖြစ်ခဲ့သောစိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ပဋ္ဌိလောမသင်္ချာ ရေတွက်၍ပြပါ။

မေး ။ ။ စိတ်၏ဘင်မှာ ချုပ်လတ္တံ့သောရုပ်သည် ခဏငယ် (၃၀) ခန့် လိုပါသေးသည်။ ယခုရောက်သောစိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ရေတွက်၍ပြပါ။ ၎င်းဖြစ်သောစိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် ပဋ္ဌိလောမသင်္ချာ ရေတွက်၍ပြပါ။

ဤနည်းကိုမှီ၍ အဆုံးကိုဖော်သဖြင့် ခဏငယ်သင်္ချာတည်ပြီး လျှင် အစအလယ်ကို မေးလေ။

✧ ✧ ✧

၁။ ပြည်အမရ၊ ဒက္ခိဏ၊ ထွန်းပသာသနာ၊
၂။ တိုက်မြတ်ဝိဟာ၊ မင်္ဂလာ၊ ရှင်စွာပျော်စံရာ၊
၃။ သုညဇယ၊ ဒွေးအစ် ပြ၊ မှတ်ကြ နှစ်ကောဇာ၊
၄။ ဘွဲ့မည်သညာ၊ ထေရ်ဆရာ၊ ကြေညာပေါ်မည်တာ၊
၅။ အများဝေနေ၊ ဉာဏ်ဖြင့်ချွေ၊ မှတ်လေဤကဗျာ၊
၆။ ရုပ်ခဏငယ်၊ သင်္ချာသွယ်၊ မှတ်ဖွယ်ကြံလေပါ။

## မေးခွန်းများ

၁။ သန္ဓေစိတ်က ဥပါဒ်စ မည်မျှရုပ်ပေါင်းရသနည်း။
၂။ (၁၇) မြောက် ဘင်သို့ရောက် ဘယ်လောက်ရုပ်ပေါင်း ရသနည်း။
၃။ (၅၁) ရုပ် သင်္ချာထုတ် ဘင်ရုပ်မည်မျှပါသနည်း။
၄။ ၎င်းသင်္ချာ တည်ပြီးခါ ဌီမှာ မည်မျှရသနည်း။

၅။ ဋီ ဘင် ရွေးမှတ် သင်္ချာကပ် ဥပါဒ်မည်မျှရသနည်း။
၆။ ဘင်ရပ်သင်္ချာ ရွေးထုတ်ပါ ဘယ်မှာစ၍ ဖြစ်သနည်း။
၇။ ရပ်ဥပါဒ အမည်ရ ဘယ်မျှကာလ ဖြစ်သနည်း။
၈။ ဋီဟု နိမိတ် ပညတ်ရိတ် ဘယ်စိတ်ကသာ ဖြစ်သနည်း။
၉။ ဥပါဒ်၊ ဋီ၊ ဘင် ပေါင်းပြန်လျှင် ရုပ်တွင် မည်မျှ ထွက်သနည်း။
၁၀။ စိတ္တက္ခဏ ဥပါဒ်စ မည်မျှရုပ်ပေါင်းရသနည်း။
၁၁။ (၅၁) တွင် သင်္ချာဆင် ဋီ၊ ဘင်၊ ဥပါဒ်ရသနည်း။
၁၂။ ဋီ၊ ဘင်၊ ဥပါဒ် သင်္ချာကပ် ဘယ်မျှစိတ်က ဖြစ်သနည်း။
၁၃။ ဇောပညာ ပေါင်းပြန်ပါ မှန်စွာနည်းတစ်ဖြာ၊
၁၄။ စိတ္တက္ခဏ ဋီကာလ မည်မျှရုပ်ပေါင်းရသနည်း။
၁၅။ သင်္ချာအရ ရေတွက်ပြ ဥပါဒ်၊ ဋီ၊ ဘင် ထွက်သနည်း။
၁၆။ ဥပါဒ်၊ ဋီ၊ ဘင် စိတ်တိုင်းယှဉ် ဘယ်တွင် ကာလဖြစ်သနည်း။
၁၇။ ပေါင်းပြန်ပြီးခါ ရုပ်သင်္ချာ ကြံပါနည်းတစ်ဖြာ။
၁၈။ ဝီသခဏ ရပြန်က ဘယ်မျှစိတ်ပေါင်း ရှိသနည်း။
၁၉။ သင်္ချာခဏ တည်ပြီးမှ ဘယ်ကစိတ်မှာ ချုပ်မည်နည်း။
၂၀။ ချုပ်သောစိတ်တွင် ရွေးနှုတ်လျှင် ဋီ၊ ဘင်၊ ဥပါဒ် ရသနည်း။
၂၁။ အနုပဋ္ဌိ ကျမ်းအရှိ မှတ်သိဉာဏ်ဖြင့်သာ၊
၂၂။ ဉာဏ်နှင့် ကျမ်းဂန် ညှိလေပြန် အမှန်သိလေရာ၊
၂၃။ ခဏ သုံးဆယ် ဥပါဒ်ဝယ် မှတ်ဖွယ်ရပြန်တာ၊
၂၄။ မှတ်ဖွယ်ရဘိ ရုပ်အရှိ ဘယ်သည့်စိတ်က ဖြစ်သနည်း။
၂၅။ အနုလောမ သင်္ချာရ ဘယ်မျှစိတ်မှာ ချုပ်မည်နည်း။

၂၆။ တစ်နည်းသင်္ချာ ရေးစီကာ မှန်စွာနည်းအမှာ၊
၂၇။ လေးဆယ်ခဏာ တည်ပြီးက မည်မျှစိတ်ပေါင်းရသနည်း။
၂၈။ လေးဆယ်ကေန် အရကြံ အမှန်ဘယ်စိတ်ဖြစ်သနည်း။
၂၉။ မေးသည့်ရုပ်တွင် သင်္ချာဆင် ဘယ်တွင်အစဖြစ်သနည်း။
၃၀။ အနုလုံကို သင်္ချာဆို ဘယ်လိုစိတ်မှာ ချုပ်မည်နည်း။
၃၁။ ဖြေ၍တစ်ဖန် ပေါင်းလေပြန် အမှန်ရုပ်ပေါင်းရသနည်း။
၃၂။ ဤနည်းကိုသာ မှီပြီးခါ ဆယ်ဖြာဉာဏ်ဆင်ပါ၊
၃၃။ အာဒိအစ အမြွက်ပြ မှတ်ကြရုပ်သင်္ချာ၊
၃၄။ ခဏာသရုပ် နည်းကိုထုတ် မယုတ်ဉာဏ်ရှင်ပါ၊
၃၅။ တစ်ခဏာဤတွင် ပိုင်းခြားဆင် ကြည်လင်မှတ်သင့်စွာ၊
၃၆။ အနိစ္စတော ဒုက္ခတော သဘောအနတ္တာ၊
၃၇။ လက္ခဏာရေး ကြံ၍တွေး ယဉ်ကျေးဉာဏ်ထင်စွာ၊
၃၈။ ဤစာကြည့်က ဘေးဘယ က င်းပသူတို့မှာ၊
၃၉။ ဘေးကင်းပြန်လျှင် နိဗ္ဗာန်တွင် မြန်ပင်ရောက်မည်သာ၊
၄၀။ နိဗ္ဗာန်လမ်းဖြောင့် တရားစောင့် မထောင့်ဤကဗျာ၊
၄၁။ ကဗျာဉာဏ်ဆင် စကားပင် ဤတွင် နိဋ္ဌိတာ။

**ဝိထိသင်္ခေပဒီပနီကျမ်းတစ်နည်း ပြီး၏။**

✧ ✧ ✧

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## (၂)
## နိဒါန်း

**သမ္ဗုဒ္ဓံဓမ္မဉ္စသံဃံ တိဒွါရေဟိ နမေအဟံ ဝစနာဓိပ္ပါယဝိတ္ထိ လိက္ခိဿတာယ သောတုနံ။**

**အဟံ**၊ ပထမစာချ နာမမည်သီး ဆရာကြီးဟု တည်ပြီးပညတ် တံဆိပ်ခတ်၍ ခေါ်အပ်ဝေါဟာ နာမာမယုတ် အကျွန်ုပ်သည် ဝါ– ငါးပါးခန္ဓာ ပေါင်းတည်ကာဖြင့် ဝေါဟာသမုတ် အကျွန်ုပ်သည်၊ **သမ္ဗုဒ္ဓဉ္စ**၊ အကုန်အစင် မာရ်ငါးအင်ကို အောင်မြင်တော်မူသော သယမ္ဘူထွဋ်ထား မြတ်ဘုရားကိုလည်းကောင်း၊ **ဓမ္မဉ္စ**၊ မြတ်စွာဗုဒ္ဓ မြွက်ဟဟောဖော် တရားတော်ဆယ်ဖြာ မြတ်ဓမ္မာကို လည်းကောင်း၊ **သံဃဉ္စ**၊ ဗုဒ္ဓမြတ်၏ ရှစ်ရပ်သားတော် အရိယာမော်ကို လည်းကောင်း၊ **တိဒွါရေဟိ**၊ ကာယညွှတ်ချီ ဝစီနာမ သုံးဒွါရတို့ဖြင့်၊ **နမေ–နမာမိ**၊ စိတ်စေတနာ သဒ္ဓါညွှတ်နူး လွန်ကြူးမြတ်နိုး ရှိခိုးပါ၏၊ **နမိတွာ**၊

ရှိခိုးပြီး၍၊ **ဝစနာ ဓိပ္ပါယဝိထိ**၊ ဝိထိအဓိပ္ပာယ်စကားပြင်ကို၊ **သောတုန်**၊ ပညာလိုလား စာသင်သားတို့၏၊ **အတ္တာယ**၊ ကြည့်ရှုမှတ်သား ပညာပွားစေခြင်းအကျိုးငှာ၊ **လိက္ခိဿံ–လိက္ခိဿာမိ**၊ ဝိထိဓိပ္ပါ ဝစနာကို သေချာမမှား ရေးသားထားပေအံ့။

## စိတ်သက် ရုပ်သက် ပြခြင်း (တနည်း)

စိတ်သက် ရုပ်သက်ကိုဆိုအံ့၊ စိတ်တစ်ခုအသက်သည် ဥပါဒ် ခဏ ဌီခဏ ဘင်ခဏအားဖြင့် ခဏငယ် ၃ ချက် အသက်ရှည်၏။ ရုပ်တစ်ခု အသက်သည် ဥပါဒ်ခဏတစ်ချက်၊ ဌီခဏ ၄၉ ချက်၊ ဘင်ခဏ တစ်ချက်အားဖြင့် ခဏငယ် ၅၁ ချက်၊ စိတ္တက္ခဏ ၁၇ ချက် အသက် ရှည်၏။

### စိတ်သက် ရုပ်သက်မှတ်ရန် ပြီး၏။

ရုပ်ချုပ်ပုံကိုဆိုဦးအံ့ ။ စိတ်၏ ဥပါဒ်ကဖြစ်သောရုပ်သည် အနုလောမအားဖြင့် အစဉ်အတိုင်းရေသည်ရှိသော် (၁၇) ချက်မြောက် သော စိတ်၏ဘင်မှာ ချုပ်၏။ စိတ်၏ဘင်မှာ ချုပ်သောရုပ်သည် ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၁၇) ချက် မြောက်သောစိတ်၏ ဥပါဒ်ကဖြစ်၏။ စိတ်၏ဌီကဖြစ်သော ရုပ်သည် အနုလောမအားဖြင့် အစဉ်အတိုင်း ရေသည်ရှိသော် (၁၈) ချက်မြောက် သော စိတ်၏ ဥပါဒ်မှာချုပ်၏။ စိတ်၏ဥပါဒ်မှာ ချုပ်သောရုပ်သည် ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၁၈) ချက် မြောက်သော စိတ်၏ဌီက ဖြစ်၏။ စိတ်၏ဘင်က ဖြစ်သောရုပ်သည် အနုလောမအားဖြင့် အစဉ်အတိုင်း ရေသည်ရှိသော် (၁၈) ချက်မြောက်

သော စိတ်၏ဌီမှာ ချုပ်၏။ စိတ်၏ဌီမှာ ချုပ်သောရုပ်သည် ပဋိလောမ အားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၁၈) ချက်မြောက်သော စိတ်၏ ဘင်ကဖြစ်၏။

## ရုပ်ချုပ်ပုံ ပြီး၏။

သတ္တဝါတစ်ယောက်တစ်ယောက်၌ အစကား ပဋိသန္ဓေအခါ၊ အဆုံးကား စုတိအခါ၊ အလယ်ကား ပဝတ္တိအခါ၊ ဤသို့ကာလသုံးပါး ရှိ၏။ သတ္တဝါတစ်ယောက်ယောက်၌ ပဋိသန္ဓေမှစ၍ ရုပ်ဖြစ်ပုံကို ဆိုဦးအံ့။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ရုပ်ဖြစ်၏။ ထိုဖြစ်သောရုပ်ကို ဥပါဒ်ရုပ် ခေါ်ရမည်။ တစ်ဖန် ပဋိသန္ဓေစိတ်၏ ဌီသို့ ရောက်ပြန်သော် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သောရုပ်သည် ဌီရုပ်ဖြစ်ပြန်၏။ ၎င်းပဋိသန္ဓေစိတ်၏ ဌီခဏ၌ ရုပ်တစ်ခု အသစ်ဖြစ်ပြန်၏။ ထိုဖြစ်သော ရုပ်ကို ဥပါဒ်ရုပ်ခေါ်ရမည်။ ဤသို့လျှင် ပဋိသန္ဓေစိတ်၏ ဌီခဏ၌ ဌီရုပ်တစ်ခု၊ ဥပါဒ်ရုပ်တစ်ခုအားဖြင့် ရုပ်နှစ်ခု ပေါင်းဆုံမိ၏။ တစ်ဖန် ပဋိသန္ဓေစိတ်၏ ဘင်သို့ ရောက်ပြန်သော် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်ခဲ့သော ဌီရုပ်တစ်ခု၊ ပဋိသန္ဓေစိတ်၏ ဌီကဖြစ်ခဲ့သော ဌီရုပ်တစ်ခု၊ အသစ်ဖြစ်သော ဥပါဒ်ရုပ်တစ်ခုအားဖြင့် ရုပ် ၃ ခုပေါင်းဆုံမိပြန်၏။

တစ်ဖန် ခဏငယ် တစ်ချက်ကူးပြန်သော် ဥပါဒ်ရုပ်က ဌီသို့ ဝင်၍ ဌီရုပ် ၃ ခု၊ အသစ်ဖြစ်သော ဥပါဒ်ရုပ်တစ်ခုအားဖြင့် ရုပ် ၄ ခု ပေါင်းဆုံမိပြန်၏။ ဤသို့ စသည်ဖြင့် ခဏငယ်တစ်ချက် ကူးတိုင်း ကူးတိုင်း ဥပါဒ်ရုပ်တစ်ခုတိုး၍ တိုး၍ ၅ ရုပ်၊ ၆ ရုပ် စသည်ဖြင့် ရုပ်ပွားများလတ်သော် စိတ္တက္ခဏ (၁၇) ချက် ဘင်သို့ရောက်သောအခါ

၅၁ ရုပ် ပေါင်းဆုံမိပြန်၏။ ၎င်း ၅၁ ရုပ်တွင် ပဋိသန္ဓေစိတ်၏ ဥပါဒ်က ဖြစ်ခဲ့သောရုပ်သည် ဘင်ရုပ်ဖြစ်၏။ ၎င်းစိတ်၏ ဘင်၌ဖြစ်သော ရုပ်သည် ဥပါဒ်ရုပ်ဖြစ်၏။ ပဋိသန္ဓေစိတ်၏ ဠီမှစ၍ ၁၇ ချက်မြောက်သော စိတ်၏ ဠီတိုင်အောင် ခဏငယ် ၄၉ ချက်အတွင်း၌ ဖြစ်သော (၄၉) ခုသော ရုပ်တို့သည် ဠီရုပ်ဖြစ်ကုန်၏။ တစ်ဖန် ခဏငယ် တစ်ချက် ကူးပြန်သော် ၅၁ ရုပ်အနက်က ဘင်ရုပ်တစ်ခုကို ထားခဲ့၍ ဠီရုပ် ၄၉ ခု၊ ဥပါဒ်ရုပ်တစ်ခုအားဖြင့် ရုပ်ပေါင်း ၅၀ သာ ပြောင်းရွေ့ရမည်။ ပြောင်းသည်နှင့် တစ်ပြိုင်နက် ဠီရုပ် ၄၉ ခုက အစဆုံး ဠီရုပ်သည် ဘင်ရုပ် ဖြစ်၏။ ကျန်ဠီရုပ် ၄၈ ခုတွင် ယခင်စိတ်၏ ဘင်က ဖြစ်ခဲ့သော ဥပါဒ်ရုပ်သည် ဠီသို့ဝင်၍ ဠီရုပ် ၄၉ ခု ဖြစ်ပြန်၏။ ၎င်းစိတ်၏ ဥပါဒ်ခဏ၌ ဥပါဒ်ရုပ်တစ်ခု အသစ်ဖြစ်ပြန်၏။ ဤသို့ဖြစ်သော် ဘင်ရုပ်တစ်ခု၊ ဠီရုပ် ၄၉ ခု၊ ဥပါဒ်ရုပ်တစ်ခုအားဖြင့် (၅၁) ခုရုပ်ပေါင်း ဆုံမိပြန်၏။ ဤသို့ ခဏတိုင်း ခဏတိုင်း (၅၁)ခုသော ရုပ်ဆုံပုံကို ဉာဏ်ဖြင့် ဆင်ခြင်၍မှတ်လေ။

ဘယ့်ကြောင့် ၅၂ ရုပ်၊ ၅၃ ရုပ် စသည်ဖြင့် မပေါင်းဆုံမိသနည်း ဟူမူကား ရုပ်တစ်ခုတစ်ခု အသက်သည် ခဏငယ် ၅၁ ချက်သာ အသက်ရှည်သောကြောင့်လည်းကောင်း၊ ခဏငယ် တစ်ခုကူးသော် ဘင်ရုပ်ကို ထားခဲ့ရသောကြောင့်လည်းကောင်းတည်း။

**ရုပ်ဆုံပုံ မှတ်ရန် ပြီး၏။**

✧✧✧

# (၃)

# ပဋ္ဌာန်ဒွါရဝိထိ ဖြစ်ပုံ ပြခြင်း

**"စက္ခုဒွါရိကစိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ တဉ္စ ပစ္စုပ္ပန္နံ"**[၁] ဟူသော ပါဠိဖြင့် စက္ခုဒွါရ၌ဖြစ်သော ၄၆ ပါးသော စိတ်တို့သည် ပစ္စုပ္ပါန်ရူပါရုံကို အာရုံပြု၍ ဖြစ်ကုန်၏ဟူသော။(လ)။၏ ။ ထိုသို့ ဖြစ်သော ရူပါရုံကို မျက်စိဖြင့် ကြည့်သောအခါ ၄၆ ပါးလုံး အကုန်ဖြစ်သလောဟု စောဒနာလျှင် ၄၆ ပါးလုံးအကုန်မဖြစ်ပါ။ (၇) စိတ်သာ ဖြစ်ပါသည်။ အဘယ် (၇) စိတ် ဖြစ်သနည်းဟူမူ **"ပဉ္စဒွါရာ ဝဇ္ဇနံ၊ စက္ခုဝိညာဏံ၊ သမ္ပဋိစ္ဆနံ၊ သန္တီရဏံ၊ ဝေါဋ္ဌဗ္ဗနံ၊ ကာမာဝစရ၊ ဇဝနံ၊ တဒါလမ္ဗဏာဝသေန"**ဟု ဆိုသောကြောင့် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ၊ ဤ ၇ စိတ် ဖြစ်ပါသည်။ ၇ စိတ်ဖြစ်သော် ၇ ကြိမ်သာ ဖြစ်သလောဟု စောဒနာ လျှင် ဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ် ဤသို့ ဇော၊ တဒါရုံကအကြိမ်များ၍ ၁၄ ကြိမ် ဖြစ်ပါသည်။ ဤသို့ ၇ စိတ်သာ ဖြစ်လျှင် ၄၆ ပါးသော စိတ်တို့သည် ဖြစ်ကုန်၏ဟုဆိုသော စကားသည် အပိုဖြစ်သလောဟု စောဒနာလျှင် အလဲအလှယ်နှင့်တကွ ဖြစ်ကောင်းသော စိတ်ကို ဆိုပါသည်ဟုဖြေ။

---

၁။ အဘိဓမ္မတ္ထသင်္ဂဟပါဠိ၊ ပဏ္ဏတ္တိ(ပကိဏ္ဏက)၊ စာ–၂၀၊ ဂါထာ–၅၁။

ဤသို့ ၇ စိတ်ဖြစ်သောအခါ ဖြစ်ကောင်းသော စိတ် ၄၆၊ ဖြစ်စိတ် ၇ စိတ်၊ အကြိမ် ၁၄။ ရူပါရုံကို မျက်စိဖြင့် ကြည့်တိုင်း ကြည့်တိုင်းသော အခါ ၇ စိတ်ချည်း ဖြစ်သလော ဟု စောဒနာမူ၊ ၇ စိတ်ချည်း မဖြစ်ပါ။ ၆ စိတ်လည်း ဖြစ်ပါ၏။ ၅ စိတ်လည်း ဖြစ်ပါ၏။ ကြည့်လျက် ဝီထိစိတ်အလျဉ်း မဖြစ်သောအခါလည်း ရှိပါ၏ဟုဖြေ။

၆ စိတ်ဖြစ်သောအခါ ဖြစ်ကောင်းသော စိတ် ၃၈၊ ဖြစ်စိတ် ၆၊ အကြိမ် ၁၂။ ၅ စိတ် ဖြစ်သောအခါ ဖြစ်ကောင်းသောစိတ် ၉၊ ဖြစ်စိတ် ၅ စိတ်၊ အကြိမ် ၆ ကြိမ်၊ ၇ ကြိမ်။ ဝိသယပဝတ္တိအားဖြင့် ၇ စိတ် ဖြစ်သောအခါ အတိမဟန္တာရုံဝီထိ။ ၆ စိတ်ဖြစ်သောအခါ မဟန္တာရုံ ဝီထိ။ ၅ စိတ် ဖြစ်သောအခါ ပရိတ္တာရုံဝီထိ။ ဝီထိစိတ်အလျဉ်း မဖြစ်သောအခါ အတိပရိတ္တာရုံဝီထိ ခေါ်ပါသည်။ ၄၆ ပါးသော ဝီထိ စိတ်တို့ကို လဲဟန်ကား အလိုမရှိအပ်သော မကောင်းသော အနိဋ္ဌာရုံ ဖြစ်လျှင် အကုသလဝိပါက် စက္ခုဝိညာဏ်ချ။ အလိုရှိအပ်သော ကောင်း သော ဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် စက္ခုဝိညာဏ်ချ။ သမ္ပဋိစ္ဆိုန်းဒွေး နည်းတူ။ အလိုမရှိအပ်သော မကောင်းသော အနိဋ္ဌာရုံဖြစ်လျှင် အကု သလဝိပါက် ဥပေက္ခာသန္တီရဏချ။ အလယ်အလတ်အလိုရှိအပ်သော ကောင်းသော ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ကုသလဝိပါက် ဥပေက္ခာသန္တီရဏချ။ အလွန်အလိုရှိအပ်သော အလွန်ကောင်းသော အတိဣဋ္ဌာရုံ ဖြစ်လျှင် ကုသလဝိပါက် သောမနဿ သန္တီရဏချ။ ယောနိသောမနသိကာရ ကောင်းသော နှလုံးသွင်းခြင်းဖြစ်လျှင် မဟာကုသိုလ်ဇော ၈ ခုတို့တွင် တစ်ခုခု ၇ ကြိမ်ချ။ အယောနိသောမနသိကာရ မကောင်းသော နှလုံးသွင်းခြင်းဖြစ်လျှင် အကုသိုလ်ဇော ၁၂ ခုတို့တွင် တစ်ခုခု ၇ ကြိမ်ချ။ နိရာနုသယ၊ သန္တာနအနုသယ ကင်းသော ရဟန္တာပုဂ္ဂိုလ် သန္တာန်ဖြစ်လျှင် ကာမကြိယာဇော ၉ ခုတို့တွင် တစ်ခုခု ၇ ကြိမ်ချ။

အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် ဥပေက္ခာ သန္တီရဏတဒါရုံ ၂ ကြိမ်ချ။ ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ကုသလဝိပါက်ဥပေက္ခာတဒါရုံ ၅ ခုတို့တွင် တစ်ခုခု ၂ ကြိမ်ချ။ အတိဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် သောမနဿ တဒါရုံ ၅ ခုတို့တွင် တစ်ခုခု ၂ ကြိမ်ချ။ ဤသို့ ၄၆ ပါးသော ဝိထိစိတ်တို့ကို လဲလှယ်ရမည်။

ရူပါရုံကိုမျက်စိဖြင့် ကြည့်သောအခါ ၄၆ မဖြစ်။ ၇ စိတ်သာ ဖြစ်သည်ဟု ဆို၏။ ရတ်တရက် သတ္တဝါသန္တာန်၌ အဘယ်ဝင်၍ ဖြစ်သလောဟုမေးမူ၊ သတ္တဝါမှာ အာဂန္တုက ဧည့်သည်စိတ် မဖြစ်လျှင် အာဝါသိကစိတ် အမြဲရှိပါသည်။ အာဂန္တုကစိတ်ဟူသည် ဝိထိစိတ်ကို ဆိုပါသည်။ အာဝါသိကစိတ်ဟူသည် အစ– ပဋိသန္ဓေ၊ အဆုံး– စုတိ၊ အလယ်–ဘဝင် စိတ်ကို ဆိုပါသည်။ ယခု ပဝတ္တိအခါကား ပဋိသန္ဓေအခါ၊ စုတိအခါ မဟုတ်၍ ဘဝင်စိတ်ကို အာဝါသိကစိတ် ဆိုပါသည်။ သို့ဖြစ်သောကြောင့် အာဝါသိက ဘဝင်စိတ်ပြတ်မှ အာဂန္တုက ဝိထိစိတ် ဖြစ်နိုင်ပါသည်ဟုဖြေ။

ကြည့်ကြည့်ချင်း ဘဝင်ပြတ်သလောဟု မေးမူ ကြည့်ကြည့်ချင်း ဘဝင်မပြတ်ပါ။ ရူပါရုံကို မျက်စိဖြင့် ကြည့်သောအခါ ရူပါရုံ၊ စက္ခုပသာဒ၊ ဘဝင် သုံးဥပါဒ် ပြိုင်ပါသည်။ သုံးဥပါဒ် ပြိုင်ပြီးနောက် စိတ္တက္ခဏတစ်ချက်လွန်မှ ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ ရောက်ပါသည်။ ထင်သည်နှင့် တစ်ပြိုင်နက် ဘဝင်လှုပ်ပါသည်၊ ဘဝင်လှုပ်ပြီးနောက်မှ ဘဝင်ပြတ်ပါသည်၊ ဘဝင်ပြတ်ပြီးနောက်မှ ဝိထိစိတ် ဖြစ်ရပါသည်။ ဤသို့ ရူပါရုံ၊ စက္ခုပသာဒ ဥပါဒ်ပြိုင်ပြီးနောက် ဘဝင် ၃ ချက်ဖြစ်ပြီးမှ ဝိထိစိတ် ဖြစ်ရပါသည်ဟုဖြေ။

ကြည့်တိုင်းကြည့်တိုင်းသောအခါ တစ်ချက်လွန်ချည်း ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ ရောက်သလောဟုမေးမူ တစ်ချက်

လွှန်ချည်းထင်ခြင်းသို့ မရောက်ပါ။ တစ်ချက်လွှန်မှစ၍ ၁၅ ချက်တိုင်အောင် လွှန်ပြီးမှ ထင်ခြင်းသို့ရောက်သောအခါလည်း ရှိပါသည်ဟုဖြေ။

တစ်ချက်လွှန်ထင်လျှင် ဒုတိယတဒါရုံ၏ဘင်မှာ ချုပ်ပါသည်။ ဤဝိထိကို တဒါရုံအဆုံးရှိခြင်းကြောင့် တဒါလမ္ဗဏဝါရ အတိမဟန္တာရုံဝိထိ ခေါ်ပါသည်။ ၂ ချက်လွှန်ထင်လျှင် ပထမတဒါရုံ၏ ဘင်မှာ ချုပ်ပါသည်။ တဒါရုံဟူသည် တစ်ကြိမ်တည်းမဖြစ်။ နှစ်ကြိမ်ဖြစ်လောက်မှ ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် တဒါရုံ မဖြစ်မူ၍ ဇော၏အဆုံး၌ ဘဝင်ကျပါသည်။ ထို့ကြောင့် ၂ ချက်လွှန်ထင်လျှင် သတ္တမဇောနှောင် ပထမဘဝင်၏ဘင်မှာ ချုပ်ပါသည်။ ဤဝိထိကို ဇောအဆုံးရှိခြင်းကြောင့် ဇဝနဝါရပထမ မဟန္တာရုံဝိထိ ခေါ်ပါသည်။ ၃ ချက်လွှန်ထင်လျှင် သတ္တမဇော၏ဘင်မှာ ချုပ်ပါသည်။ ဒုတိယမဟန္တာရုံဝိထိ ခေါ်ပါသည်။

၄ ချက်လွှန်ထင်လျှင် ဆဋ္ဌမဇော၏ဘင်မှာ ချုပ်ပါသည်။ ဇောဟူသည် ပကတိအခါမှာ ၇ ကြိမ် စောပါသည်။ ၆ ကြိမ် မစောပါ။ သို့ဖြစ်သောကြောင့် ဇော ၇ ကြိမ်မဖြစ်လောက်၍ ဇောမဖြစ်မူ၍ ဝုဋ္ဌောသာ ဖြစ်ပါသည်။ ဝုဋ္ဌောသည်လည်း ဇောနေရာမှာတည်၍ ဖြစ်ရသော် တစ်ကြိမ်တည်းမဖြစ်၊ ၂ ကြိမ်၊ ၃ ကြိမ်ဖြစ်ရမှ ဖြစ်ပါသည်။ ထို့ကြောင့် ဝုဋ္ဌော ၃ ကြိမ်၊ ဝုဋ္ဌောနှောင် ဘဝင်ကျပါသည်။ ထို့ကြောင့် ၄ ချက်လွှန်ထင်လျှင် တတိယဝုဋ္ဌောနှောင် စတုတ္ထဘဝင်၏ဘင်မှာ ချုပ်ပါသည်။ ဤဝိထိကို ဝုဋ္ဌော အဆုံးရှိခြင်းကြောင့် ဝေါဋ္ဌဗ္ဗနဝါရပထမပရိတ္တာရုံဝိထိ ခေါ်ပါသည်။

၅ ချက်လွှန်ထင်လျှင် တတိယဘဝင်၏ ဘင်မှာ ချုပ်ပါသည်၊ ဒုတိယပရိတ္တာရုံဝိထိ။ ၆ ချက်လွှန်ထင်လျှင် ဒုတိယဘဝင်၏ဘင်မှာ ချုပ်ပါသည်၊ တတိယပရိတ္တာရုံ ဝိထိ။ ၇ ချက် လွှန်ထင်လျှင် ပထမ

ဘဝင်၏ဘင်မှာ ချုပ်ပါသည်၊ စတုတ္ထပရိတ္တာရုံ ဝိထိ။ ၈ ချက်လွန်ထင်လျှင် တတိယဝုဋ္ဌော၏ ဘင်မှာ ချုပ်ပါသည်၊ ပဉ္စမပရိတ္တာရုံဝိထိ။ ၉ ချက်လွန်ထင်လျှင် ဒုတိယဝုဋ္ဌော၏ဘင်မှာ ချုပ်ပါသည်၊ ဆဋ္ဌမပရိတ္တာရုံ ဝိထိ။

၁၀ ချက်လွန်ထင်လျှင် ပထမဝုဋ္ဌော၏ ဘင်မှာ ချုပ်ပါသည်။ ဝုဋ္ဌောဟူသည် ဇောမဖြစ်လောက်၍ ဇောနေရာ မှာ တည်၍ဖြစ်ရသော် တစ်ကြိမ်တည်းမဖြစ်။ ၂ ကြိမ်၊ ၃ ကြိမ်ဖြစ်ရမှ ဝုဋ္ဌော ဖြစ်ပါသည်။ ထိုသို့ ဝုဋ္ဌော ၂ ကြိမ်၊ ၃ ကြိမ် မဖြစ်လောက်၍ ဝုဋ္ဌောမဖြစ်သော် သန္တီရဏမဖြစ်။ သန္တီရဏမဖြစ်သော် သမ္ပဋိစ္ဆိုန်းမဖြစ်၊ သမ္ပဋိစ္ဆိုန်း မဖြစ်သော် စက္ခုဝိညာဏ်မဖြစ်။ စက္ခုဝိညာဏ်မဖြစ်သော် ပဉ္စဒွါရာ ဝဇ္ဇန်းမဖြစ်။ ဤသို့ ဝိထိစိတ်အလုံးစုံမဖြစ်သော် ဘဝင်္ဂုပစ္ဆေဒ၏ အဆုံး၌ ဘဝင်ကျပါသည်။ ထို့ကြောင့် ၁၀ ချက်လွန်ထင်လျှင် ဘဝင်္ဂုပစ္ဆေဒ နောင် ပဉ္စမဘဝင်၏ဘင်မှာ ချုပ်ပါသည်။ ဤဝိထိကို ဝိထိ စိတ်အလျဉ်း မဖြစ်ခြင်းကြောင့် မောဃဝါရပထမ အတိပရိတ္တာရုံဝိထိ ခေါ်ပါသည်။

၁၁ ချက်လွန်ထင်လျှင် စတုတ္ထဘဝင်၏ဘင်မှာ ချုပ်ပါသည်၊ ဒုတိယ အတိပရိတ္တာရုံဝိထိ။ ၁၂ ချက်လွန်ထင်လျှင် တတိယ ဘဝင်၏ ဘင်မှာ ချုပ်ပါသည်၊ တတိယ အတိပရိတ္တာရုံဝိထိ။ ၁၃ ချက် လွန်ထင် လျှင် ဒုတိယဘဝင်၏ဘင်မှာ ချုပ်ပါသည်၊ စတုတ္ထအတိ ပရိတ္တာရုံ ဝိထိ။ ၁၄ ချက်လွန်ထင်လျှင် ပထမဘဝင်၏ဘင်မှာ ချုပ်ပါသည်၊ ပဉ္စမအတိပရိတ္တာရုံဝိထိ။ ၁၅ ချက်လွန်ထင်လျှင် ဘဝင်္ဂုပစ္ဆေဒ၏ ဘင်မှာ ချုပ်ပါသည်၊ ဆဋ္ဌမအတိပရိတ္တာရုံဝိထိ။

ဤသို့ ၁ ချက်လွန် အတိ မဟန္တာဝိထိ။ ၂ ချက်လွန်၊ ၃ ချက်လွန်၊ မဟန္တာဝိထိ။ ၄ ချက်လွန်မှ စ၍ ၉ ချက်လွန်တိုင်အောင် ပရိတ္တာရုံဝိထိ။ ၁၀ ချက်လွန်မှစ၍ ၁၅ ချက်လွန်တိုင်အောင် အတိပရိတ္တာရုံဝိထိ ခေါ်ပါသည်။

ဤသို့ ရူပါရုံကို မျက်စိဖြင့် ကြည့်သောအခါ ဒွါရအားဖြင့် စက္ခုဒွါရတစ်ဝီထိ၊ ဝိသယပဝတ္တိအားဖြင့် အတိမဟန္တာရုံဝီထိ၊ မဟန္တာရုံဝီထိ၊ ပရိတ္တာရုံဝီထိ၊ အတိပရိတ္တာရုံဝီထိ ဟူ၍ ၄ ဝီထိ။ အတီတ ဘဝင် အလွန်အားဖြင့် အတိ မဟန္တာရုံ တစ်ဝီထိ၊ မဟန္တာရုံ ၂ ဝီထိ၊ ပရိတ္တာရုံ ၆ ဝီထိ၊ အတိပရိတ္တာရုံ ၆ ဝီထိ ဟူ၍ ၁၅ ဝီထိ ရှိပါသည်။

အတိမဟန္တာရုံ ဝီထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်းတစ်ကြိမ်၊ စက္ခုဝိညာဏ်ဒွေး တို့တွင် တစ်ခုခုတစ်ကြိမ်၊ သမ္ပဋိစ္ဆိုန်းဒွေ တို့တွင် တစ်ခုခုတစ်ကြိမ်၊ သန္တီရဏ ၃ ခုတို့တွင် တစ်ခုခု တစ်ကြိမ်၊ ဝုဋ္ဌောတစ်ကြိမ်၊ ကာမဇော တစ်ခုယုတ် ၃၀ တို့တွင် တစ်ခုခု ၇ ကြိမ်၊ တဒါရုံဧကဒသ တို့တွင် တစ်ခုခု ၂ ကြိမ်၊ ဘဝင်ဘဝင်။ အတီတဘဝင် ဥပါဒ်ကဖြစ်ခဲ့သော ရူပါရုံ၊ စက္ခုပသာဒသည် ဒုတိယတဒါရုံ၏ ဘင်မှာချုပ်ပါသည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်မှစ၍ ဒုတိယတဒါရုံတိုင် အောင်သော ဝီထိ စိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင် တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား စက္ခုဝိညာဏ်စိတ်သည် မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုက ၃ ပါးတို့တွင် မန္ဒ၊ အမန္ဒကိုမမှီ၊ အတီတ ဘဝင် တစ်ချက်နှင့်အတူ ဥပါဒ်ပြိုင်သော မဇ္ဈိမာယုက စက္ခုပသာဒ ဝတ္ထုရုပ်တစ်ခုကိုသာ စက္ခုဝိညာဏ်စိတ်က မှီ၏။ စက္ခုဝိညာဏ်မှ ကြွင်းသော အလုံးစုံသော စိတ်တို့သည် ရှေးရှေးသော စိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီ၏။ ဤနည်းကိုမှီ၍ ကြွင်းသောဝီထိတို့ကိုချလေ။

တစ်နည်း– အတိ မဟန္တာရုံဝီထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ ပဉ္စဒွါရာဝဇ္ဇန်း တစ်ကြိမ်၊ ထို့နောင် ပစ္စုပ္ပန်ရူပါရုံကို လည်း

ကောင်း အာရုံပြု၍ စက္ခု ဝိညာဏ်ဒွေတို့တွင်တစ်ခုခု တစ်ကြိမ်၊ ထို့နောင် ပစ္စုပ္ပန်ရူပါရုံကိုလည်းကောင်း အာရုံပြု၍ သမ္ပဋိစ္ဆိုန်းဒွေတို့တွင် တစ်ခုခု တစ်ကြိမ်၊ ထို့နောင် ပစ္စုပ္ပန်ရူပါရုံကိုလည်းကောင်း အာရုံပြု၍ သန္တီရဏ ၃ ခုတို့တွင်တစ်ခုခု တစ်ကြိမ်။ ထို့နောင် ပစ္စုပ္ပန်ရူပါရုံကိုလည်းကောင်း အာရုံပြု၍ ဝုဋ္ဌောတစ်ကြိမ်။ ထို့နောင် ပစ္စုပ္ပန်ရူပါရုံကို လည်းကောင်း အာရုံပြု၍ ကာမဇောတစ်ခုယုတ် ၃၀ တို့တွင် တစ်ခုခု ဇော ၇ ကြိမ်။ ထို့နောင် ပစ္စုပ္ပန်ရူပါရုံကိုလည်းကောင်း အာရုံပြု၍ တဒါရုံဧကာဒသ တို့တွင် တစ်ခုခု ၂ ကြိမ်။ ထို့နောင် ဘဝင်ဖြစ်၍ ချုပ်၏။ အတီတဘဝင် တစ်ချက်နှင့်အတူ ဥပါဒ်ပြိုင်သော ပစ္စုပ္ပန်ရူပါရုံသည် ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်၏။ အာရုံအားဖြင့်ကား ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ကာမဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်တို့ သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့ သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံ ပြုကုန်၏။

အမှီအားဖြင့်ကား စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုရုပ်ကို မှီပါ သည်။ စက္ခုဝတ္ထုရုပ်ကိုမှီ၏ဟုဆိုသော် စက္ခုဝိညာဏ်စိတ်မှ ပဋိ လောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် တစ်ဆယ့်ရှစ်ချက် မြောက်သော တေရသမဘဝင်စိတ်၏ ဌီမှစ၍ စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်တိုင်အောင် ခဏငယ် ၅၁ ချက်အတွင်း၌ ခဏတိုင်း ခဏတိုင်း စက္ခုပသာဒရုပ်ဖြစ်၍ စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ စက္ခုပသာဒရုပ်ပေါင်း ၅၁ ရုပ် ပေါင်းဆုံမိပါသည်။ ၎င်း ၅၁ ရုပ်လုံး ကို စက္ခုဝိညာဏ်စိတ်က အကုန်မှီသလော၊ အကုန်မမှီပါ။

စက္ခုဝိညာဏ်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် ၁၈ ချက်မြောက်သော တေရသမ ဘဝင်စိတ်၏ ဌီမှ ဖြစ်ခဲ့သော စက္ခုပသာဒရုပ်ကို စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ရောက်

သောအခါ ဘင်ရုပ်ဖြစ်၍ အသေဖြစ်သောကြောင့် စက္ခုဝိညာဏ်စိတ်က မမှီပါ။ ၎င်းစက္ခုဝိညာဏ်စိတ်၏ ဥပါဒ်ခဏဌ်ဖြစ်သော စက္ခုပသာဒရုပ်ကိုလည်း ဖြစ်စ ဥပါဒ်ရုပ်ဖြစ်၍ နုသောကြောင့် စက္ခုဝိညာဏ်စိတ်က မမှီပါ။ ဌီသို့ ရောက်သော စက္ခုပသာဒရုပ်ကိုသာ စက္ခုဝိညာဏ်စိတ်က မှီပါသည်။ ဌီသို့ရောက်သော စက္ခုပသာဒရုပ်ကို စက္ခုဝိညာဏ်စိတ်က မှီ၏ဟု ဆိုသော်လည်း စက္ခုဝိညာဏ်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် ၁၈ ချက်မြောက်သော တေရသမဘဝင်စိတ်၏ ဘင်မှစ၍ စက္ခုဝိညာဏ်စိတ်၏ ရှေးပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဘင်တိုင်အောင် ခဏငယ် ၄၉ ချက်အတွင်း၌ဖြစ်သော ၄၉ ခုသော စက္ခုပသာဒရုပ်တို့သည် စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော စက္ခုပသာဒရုပ် ၄၉ ခု ဖြစ်ပါသည်။ ၎င်းဌီသို့ရောက်သော စက္ခုပသာဒရုပ် ၄၉ ခုလုံးကို အကုန်မှီသလော။ အကုန်မမှီပါ။

စက္ခုဝိညာဏ်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် ၁၈ ချက်မြောက်သော တေရသမဘဝင်စိတ်၏ ဘင်မှစ၍ အတီတဘဝင်၏ ရှေးပထမဘဝင်၏ ဘင်တိုင်အောင် ခဏငယ် ၃၇ ချက်အတွင်း၌ဖြစ်ခဲ့သော မန္ဒာယုက စက္ခုပသာဒရုပ် ၃၇ ခုကို စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော စက္ခုပသာဒရုပ်ဖြစ်သော်လည်း စက္ခုဝိညာဏ်စိတ်က မမှီပါ။ စက္ခုဝိညာဏ်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် အတီတဘဝင်၏ ဌီမှစ၍ စက္ခုဝိညာဏ်စိတ်၏ ရှေးပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဘင်တိုင်အောင် ခဏငယ် ၁၁ ချက်၌ ဖြစ်ခဲ့သော အမန္ဒာယုကစက္ခုပသာဒရုပ် ၁၁ ခုကို စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ ရောက်သော စက္ခုပသာဒရုပ်ဖြစ်သော်လည်း စက္ခုဝိညာဏ်စိတ်က မမှီပါ။ စက္ခုဝိညာဏ်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေ

သည်ရှိသော် အတီတဘဝင်စိတ်၏ ဥပါဒ်ခဏမှဖြစ်ခဲ့သော မဇ္ဈိမာယုက စက္ခုပသာဒရုပ် တစ်ခုကိုသာ စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ရောက် သောအခါ ဌီသို့ရောက်သော စက္ခုပသာဒရုပ်ဖြစ်၍ စက္ခုဝိညာဏ်စိတ်က မှီပါသည်။ စက္ခုဝိညာဏ်စိတ်မှကြွင်းသော အလုံးစုံသောစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက် နောက်သော စိတ်ကမှီပါသည်။

တစ်နည်းကား။ ။ ပထမဇောစိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီပါသည်။ ဟဒယဝတ္ထုရုပ်ကိုမှီ၏ဟုဆိုသော် ပထမဇောစိတ်မှ ပဋိ လောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် ၁၈ ချက်မြောက် သော နဝမဘဝင်စိတ်၏ ဌီမှစ၍ ပထမဇောစိတ်၏ ဥပါဒ်တိုင်အောင် ခဏငယ် ၅၁ ချက်အတွင်း၌ ခဏတိုင်း၊ ခဏတိုင်း ဟဒယဝတ္ထုရုပ် ဖြစ်၍ ပထမဇောစိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဟဒယဝတ္ထု ရုပ်ပေါင်း ၅၁ ရုပ် ပေါင်းဆုံမိပါသည်။ ၎င်း ၅၁ ရုပ်လုံးကို ပထမဇော စိတ်က အကုန်မှီသလော။ အကုန်မမှီပါ။

ပထမဇောစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် ၁၈ ချက်မြောက်သော နဝမဘဝင်စိတ်၏ ဌီမှဖြစ်ခဲ့ သော ဟဒယဝတ္ထုရုပ်ကို ပထမဇောစိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဘင်ရုပ်ဖြစ်၍ အသေဖြစ်သောကြောင့် ပထမဇောစိတ်က မမှီပါ။ ၎င်း ပထမဇောစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သောဟဒယဝတ္ထုရုပ်ကိုလည်း ဖြစ်စ ဥပါဒ်ရုပ်ဖြစ်၍ နုသောကြောင့် ပထမဇောစိတ်က မမှီပါ။ ဌီသို့ရောက် သော ဟဒယဝတ္ထုရုပ်ကိုသာ ပထမဇောစိတ်က မှီပါသည်။ ဌီသို့ရောက် သော ဟဒယဝတ္ထုရုပ်ကို ပထမဇောစိတ်ကမှီ၏ဟုဆိုသော် ပထမဇော စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် ၁၈ ချက်မြောက်သော နဝမဘဝင်စိတ်၏ ဘင်မှစ၍ ပထမဇောစိတ်၏ ရှေးဝုဋ္ဌောစိတ်၏ ဘင်တိုင်အောင် ခဏငယ် ၄၉ ချက်အတွင်း၌ ဖြစ်ခဲ့

သော ၄၉ ခုသော ဟဒယဝတ္ထုရုပ်တို့သည် ပထမဇောစိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ် ၄၉ ခု ဖြစ်ပါသည်။ ၎င်း ၄၉ ခုလုံးကို ပထမဇောစိတ်က အကုန်မှီသလော။ အကုန်မမှီပါ။

ပထမဇောစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် ၁၈ ချက်မြောက်သော နဝမဘဝင်စိတ်၏ ဘင်မှစ၍ ဝုဋ္ဌောစိတ်၏ ရှေးသန္တီရဏစိတ်၏ ဘင်တိုင်အောင် ခဏငယ် ၄၆ ချက်၌ဖြစ်ခဲ့သော မန္ဒာယုက ဟဒယဝတ္ထုရုပ် ၄၆ ခုကို ပထမဇောစိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်သော်လည်း ပထမဇောစိတ်က မမှီပါ။ ဝုဋ္ဌောစိတ်၏ ဌီနှင့်ဘင်မှ ဖြစ်ခဲ့သော အမန္ဒာယုက ဟဒယဝတ္ထုရုပ် ၂ ခုကို ပထမဇောစိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်သော်လည်း ပထမဇောစိတ်က မမှီပါ။ ဝုဋ္ဌောစိတ်၏ ဥပါဒ်ခဏမှ ဖြစ်ခဲ့သော မၛ္ဈိမာယုက ဟဒယဝတ္ထုရုပ်တစ်ခုကိုသာ ပထမဇောစိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်၍ ပထမဇောစိတ်က မှီပါသည်။ ဤသို့ စက္ခုဝိညာဏ်မှ ကြွင်းသော အလုံးစုံသော စိတ်တို့သည် ရှေးရှေးသော စိတ်၏ဥပါဒ်မှ ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီပါသည်။ ဤဝိထိသည်ကား ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ဖြစ်သော စက္ခုဒွါရအတိမဟန္တာရုံဝိထိမည်၏ဟူလိုသော်။ အဘယ်ကြောင့် မန္ဒာယုက၊ အမန္ဒာယုက၊ မၛ္ဈိမာယုက ခွေးရသနည်းဟူမူ စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်ခဏ၌ စက္ခုပသာဒရုပ် ၅၁ ရုပ် ပေါင်းဆုံမိပါသည်။ ထို ၅၁ ရုပ်တို့တွင် ဘင်ရုပ်ကိုလည်း အသေဖြစ်၍မမှီ၊ ဥပါဒ်ရုပ်ကိုလည်း ဖြစ်စဥပါဒ်ရုပ်ဖြစ်၍ နုသောကြောင့်မမှီ၊ ဌီရုပ် ၄၉ ခုတို့တွင် မန္ဒာယုက ၃၇ ကိုလည်းမမှီ၊ အမန္ဒာ

ယုက ၁၁ ကိုလည်းမမှီ၊ အတီတဘဝင်တစ်ချက်နှင့်အတူ ဥပါဒ်ပြိုင်၍ ဖြစ်သော မဇ္ဈိမာယုကစက္ခုပသာဒရုပ် တစ်ခုကိုသာ စက္ခုဝိညာဏ်စိတ် မှီပါသည်။ အဘယ်ကြောင့် မဇ္ဈိမာယုကကိုသာ မှီရသနည်း။ မျက်စိဖြင့် ကြည့်သောအခါ ၎င်းစက္ခုပသာဒရုပ်နှင့် ရူပါရုံဥပါဒ်ပြိုင်သောကြောင့် ဘဝင်ပြတ်ရပါသည်။ ဘဝင်ပြတ်မှ စက္ခုဝိညာဏ်စိတ် ဖြစ်ရသော ကြောင့်တည်း။ အဘယ်ကြောင့် မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုက မည်ပါသနည်း။ မဇ္ဈိမာယုက အရင်ချုပ်သောကြောင့် မန္ဒာယုက မည် ပါသည်။ မဇ္ဈိမာယုက နောက်မှချုပ်သောကြောင့် အမန္ဒာယုက မည်ပါ သည်။ မန္ဒ၊ အမန္ဒ အလယ်ကျသောကြောင့် မဇ္ဈိမာယုက မည်ပါသည်။ မန္ဒာယုကကား တေရသမဘဝင်၏ ဘင်မှစ၍ ပထမဘဝင်စိတ်၏ ဘင်တိုင်အောင် ၃၇ ရှိပါသည်။ အမန္ဒာယုကကား အတီတ ဘဝင်၏ ဋ္ဌီမှစ၍ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ဘင်တိုင်အောင် (၁၁) ရှိပါသည်။ အတီတ ဘဝင်ဥပါဒ်က ဖြစ်ခဲ့သော စက္ခုပသာဒရုပ်တစ်ခုသာ မဇ္ဈိမာယုက မည်ပါသည်။

နောက်နောက်သော မဟန္တာရုံ၊ ပရိတ္တာရုံ ဝိထိတို့၌ မန္ဒာယုက စက္ခုပသာဒ နည်း၍ အမန္ဒာယုက စက္ခုပသာဒ များသည်။ ဤနည်း အတူ ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ ဒွါရအားဖြင့် သောတဒွါရတစ်ဝိထိ။ ဝိသယပဝတ္တိ အားဖြင့် အတိမဟန္တာရုံဝိထိ၊ မဟန္တာရုံဝိထိ၊ ပရိတ္တာရုံ ဝိထိ၊ အတိ ပရိတ္တာရုံဝိထိဟူ၍ (၄) ဝိထိ။ အတီတဘဝင်အလွန်အားဖြင့် အတိ မဟန္တာရုံ (၁) ဝိထိ၊ မဟန္တာရုံ (၂) ဝိထိ၊ ပရိတ္တာရုံ (၆) ဝိထိ၊ အတိ ပရိတ္တာရုံ (၆) ဝိထိဟူ၍ (၁၅) ဝိထိ။ ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၍ ဒွါရအားဖြင့် ဃာနဒွါရတစ်ဝိထိ။ ဝိသယပဝတ္တိအားဖြင့် အတိမဟန္တာရုံ ဝိထိ၊ မဟန္တာရုံဝိထိ၊ ပရိတ္တာရုံဝိထိ၊ အတိပရိတ္တာရုံဝိထိဟူ၍ (၄) ဝိထိ။ အတီတဘဝင် အလွန်အားဖြင့် အတိမဟန္တာရုံတစ်ဝိထိ၊ မဟန္တာရုံ (၂)

ဝိထိ၊ ပရိတ္တာရုံ (၆) ဝိထိ၊ အတိပရိတ္တာရုံ (၆) ဝိထိဟူ၍ ၁၅ ဝိထိ။ ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၍ ဒွါရအားဖြင့် ဇိဝှါဒွါရတစ်ဝိထိ။ ဝိသယပဝတ္တိအားဖြင့် အတိမဟန္တာရုံဝိထိ၊ မဟန္တာရုံဝိထိ၊ ပရိတ္တာရုံဝိထိ၊ အတိပရိတ္တာရုံဝိထိဟူ၍ (၄) ဝိထိ။ အတီတဘဝင်အလွန်အားဖြင့် အတိမဟန္တာရုံ ၁ ဝိထိ၊ မဟန္တာရုံ ၂ ဝိထိ၊ ပရိတ္တာရုံ ၆ ဝိထိ၊ အတိပရိတ္တာရုံ ၆ ဝိထိ ဟူ၍ ၁၅ ဝိထိ။ ဖောဋ္ဌဗ္ဗာရုံ ၃ ခုတို့တွင် ပစ္စုပ္ပန်ပထဝီ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဒွါရအားဖြင့် ကာယဒွါရတစ်ဝိထိ။ ဝိသယပဝတ္တိအားဖြင့် အတိမဟန္တာရုံဝိထိ၊ မဟန္တာရုံဝိထိ၊ ပရိတ္တာရုံဝိထိ၊ အတိပရိတ္တာရုံဝိထိ ဟူ၍ (၄) ဝိထိ။ အတီတဘဝင် အလွန်အားဖြင့် အတိမဟန္တာရုံ (၁) ဝိထိ၊ မဟန္တာရုံ (၂) ဝိထိ၊ ပရိတ္တာရုံ (၆) ဝိထိ၊ အတိပရိတ္တာရုံ (၆) ဝိထိ ဟူ၍ (၁၅) ဝိထိ။ ပစ္စုပ္ပန်တေဇော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဒွါရအားဖြင့် ကာယဒွါရတစ်ဝိထိ။ ဝိသယပဝတ္တိအားဖြင့် အတိမဟန္တာရုံဝိထိ၊ မဟန္တာရုံဝိထိ၊ ပရိတ္တာရုံဝိထိ၊ အတိပရိတ္တာရုံဝိထိ ဟူ၍ (၄) ဝိထိ။ အတီတဘဝင် အလွန်အားဖြင့် အတိမဟန္တာရုံတစ်ဝိထိ၊ မဟန္တာရုံ (၂) ဝိထိ၊ ပရိတ္တာရုံ (၆) ဝိထိ၊ အတိပရိတ္တာရုံ (၆) ဝိထိဟူ၍ (၁၅) ဝိထိ။ ပစ္စုပ္ပန်ဝါယော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဒွါရအားဖြင့် ကာယဒွါရတစ်ဝိထိ။ ဝိသယပဝတ္တိအားဖြင့် အတိမဟန္တာရုံဝိထိ၊ မဟန္တာရုံဝိထိ၊ ပရိတ္တာရုံဝိထိ၊ အတိပရိတ္တာရုံဝိထိဟူ၍ (၄) ဝိထိ။ အတီတဘဝင် အလွန်အားဖြင့် အတိမဟန္တာရုံတစ်ဝိထိ၊ မဟန္တာရုံ (၂) ဝိထိ၊ ပရိတ္တာရုံ (၆) ဝိထိ အတိပရိတ္တာရုံ (၆) ဝိထိဟူ၍ (၁၅) ဝိထိ။ ပထဝီ တေဇော ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ (၃) ခုကို ဖောဋ္ဌဗ္ဗာရုံအဖြစ်ဖြင့် တူသောကြောင့် ပေါင်း၍ ရေတွက်သော်ကား ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဒွါရအားဖြင့် ကာယဒွါရတစ်ဝိထိ။ ဝိသယပဝတ္တိအားဖြင့် အတိမဟန္တာရုံဝိထိ၊

မဟန္တာရုံဝိထိ၊ ပရိတ္တာရုံဝိထိ၊ အတိပရိတ္တာရုံဝိထိဟူ၍ (၄) ဝိထိ။ အတီတဘဝင် အလွန်အားဖြင့် အတိမဟန္တာရုံတစ်ဝိထိ၊ မဟန္တာရုံ (၂) ဝိထိ၊ ပရိတ္တာရုံ (၆) ဝိထိ၊ အတိပရိတ္တာရုံ (၆) ဝိတိအားဖြင့် (၁၅) ဝိတိ ဖြစ်ကုန်၏။ ဤသို့ ပစ္စုပ္ပန်ပဉ္စာရုံကို အာရုံပြု၍ ဒွါရအားဖြင့် (၁၅) ဝိထိ၊ ဝိသယ ပဝတ္တိအားဖြင့် ဝိထိ (၂၀)၊ အတီတဘဝင် အလွန် အားဖြင့် (၇၅) ဝိထိ ဖြစ်ကုန်၏။

တစ်နည်း– ပထဝီ ဖောဋ္ဌဗ္ဗာရုံ၊ တေဇော ဖောဋ္ဌဗ္ဗာရုံ၊ ဝါယော ဖောဋ္ဌဗ္ဗာရုံ ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ (၃) တို့၏ အစွမ်းအားဖြင့် ပြား၍ ဒွါရအားဖြင့် (၇) ဝိထိ၊ ဝိသယပဝတ္တိအားဖြင့် (၂၈)၊ အတီတဘဝင် အလွန်အားဖြင့် (၁၀၅) ဝိထိ ဖြစ်ကုန်၏။

**ပဉ္စဒွါရဝိထိမှတ်ရန် ပြီး၏။**

✧ ✧ ✧

## မနောဒွါရ၌ ကာမဇောဝါရဝိထိ ဖြစ်ပုံ ပြခြင်း

**"မနောဒွါရိကစိတ္တာနံ ပန ဆဗ္ဗိဓမ္ပိ ပစ္စုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟမာရမ္မဏံ ဟောတိ။"**[၂] ဟူသော ပါဠိဖြင့် မနောဒွါရ၌ဖြစ်သော (၆၇) ပါးသော စိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ပသာဒ ရုပ် (၅) ခု ဓမ္မာရုံ၊ သုခုမရုပ် သောဠသဓမ္မာရုံ၊ စိတ်တစ်ခုယုတ် ၉၀ ဓမ္မာရုံ၊ စေတသိက် ဒွေပညာသဓမ္မာရုံ၊ ကာလ ဝိမုတ်ဖြစ်သော နိဗ္ဗာန် ဓမ္မာရုံ၊ ကာလဝိမုတ်ဖြစ်သော ပညတ်ဓမ္မာရုံဟု ဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဖြစ်ကုန်၏ ဟူသော အနက် အဓိပ္ပာယ်ကို ပြအပ်၏။

---

၂။ အဘိဓမ္မတ္ထသင်္ဂဟပါဠိ၊ ပကိဏ္ဏက၊ စာ–၂၀၊ ဂါထာ၅၂။

ထိုသို့ပြရာ၌ ကာမဇောဝါရ၊ အပ္ပနာဇောဝါရအားဖြင့် နှစ်ပါး ခွဲရမည်။ ထိုနှစ်ပါးတို့တွင် ကာမဇောဝါရ၌ ဖြစ်ကောင်းသော စိတ်ကား မနောဒွါရာ ဝဇ္ဇန်း၊ ကာမဇောတစ်ခုယုတ် ၃၀၊ တဒါရုံ ၈ ကောဒသ အားဖြင့် ၄၁ ပါး ရှိပါသည်။ ထိုသို့ဖြစ်သော် အာရုံကို အောက်မေ့တိုင်း အောက်မေ့တိုင်း ၄၁ ပါးလုံး အကုန်ဖြစ်သလောဟုမေးလျှင် ၄၁ ပါး လုံး အကုန်မဖြစ်ပါ။

မနောဒွါရာဝဇ္ဇန်းတစ်စိတ်၊ ဇောတစ်စိတ်၊ တဒါရုံတစ်စိတ်အား ဖြင့် ၃ စိတ်သာ ဖြစ်ပါသည်။ ထိုသို့ ၃ စိတ်သာဖြစ်သော် ၎င်း ၄၁ ပါးသော စိတ်တို့သည်ဖြစ်ကုန်၏ဟု ဆိုသော စကားသည် အပိုဖြစ် သလောဟုမေးလျှင် အပိုမဟုတ်ပါ။ အလဲအလှယ်နှင့်တကွ ဖြစ်ကောင်း သော စိတ်ကို ဆိုပါသည်။ ၃ စိတ်ဖြစ်သော် ၃ ကြိမ်သာ ဖြစ်သလောဟု မေးလျှင် ဇော၊ တဒါရုံက အကြိမ်များခြင်းကြောင့် ၁၀ ကြိမ် ဖြစ်ပါ သည်။ အာရုံကို အောက်မေ့တိုင်း၊ အောက်မေ့တိုင်း ၃ စိတ်ချည်း ဖြစ် သလောဟုမေးမူ ၃ စိတ်ချည်းမဖြစ်ပါ။ ၂ စိတ်လည်း ဖြစ်ပါသေးသည်။ ဤသို့ ၃ စိတ်ဖြစ်သောအခါ ဖြစ်ကောင်းသောစိတ် ၄၁၊ ဖြစ်စိတ် ၃၊ အကြိမ် ၁၀ ကြိမ်၊ ဝိဘူတာရုံဝိထိ ခေါ်ပါသည်။ ၂ စိတ်ဖြစ်လျှင် ဖြစ် ကောင်းသော စိတ် ၃၀၊ ဖြစ်စိတ် ၂၊ အကြိမ် ၈ ကြိမ်၊ အဝိဘူတာရုံ ဝိထိ ခေါ်ပါသည်။

ထိုသို့ဖြစ်သော် အာရုံကိုအောက်မေ့တိုင်းသောအခါ ဝိထိစိတ် အသာဝင်၍ ဖြစ်သလောဟုမေးလျှင် အာဝါသိက ဘဝင်စိတ် ပြတ်မှ အာဂန္တုကဝိထိစိတ် ဖြစ်ပါသည်။ ဖြစ်ဟန်ကား ထင်ရှားရှိသော ဝတ္ထု ဒြပ်၌တည်သော ပစ္စုပ္ပန်ရူပါရုံကို စိတ်ဖြင့် ကြည့်သောအခါ ပစ္စုပ္ပန် ရူပါရုံ၊ ဘဝင်တို့သည် ဥပါဒ်ပြိုင်ပါသည်။ ဥပါဒ်ပြိုင်ပြီးနောက် တစ်ချက် လွန် ထင်ခြင်းသို့ ရောက်ပါသည်။ ထင်သည်နှင့်တစ်ပြိုင်နက် ဘဝင် လှုပ်ပါသည်။ ဘဝင်လှုပ်ပြီးနောက် ဘဝင်ပြတ်ပါသည်။ ဘဝင်ပြတ်မှ

ဝိထိစိတ် ဖြစ်ပါသည်။ အာရုံကိုအောက်မေ့တိုင်း၊ အောက်မေ့တိုင်း တစ်ချက်လွန်ချည်းထင်ခြင်းသို့ ရောက်သလောဟုမေးမူ တစ်ချက်လွန်မှစ၍ ၇ ချက်တိုင်အောင်လွန်ပြီးမှ ထင်ခြင်းသို့ ရောက်သောအရာလည်း ရှိပါသည်။ တစ်ချက်လွန်ထင်လျှင် ပဉ္စဒွါရပါရုံသည် ဒုတိယတဒါရုံနောင်စတုတ္ထဘဝင်၏ဘင်မှာ ချုပ်ပါသည်။ ပထမဝိဘူတာရုံဝိထိ ခေါ်ပါသည်။ ၂ ချက်လွန်ထင်လျှင် တတိယဘဝင်၏ဘင်မှာ ချုပ်ပါသည်၊ ဒုတိယဝိဘူတာရုံဝိထိ။ ၃ ချက်လွန်ထင်လျှင် ဒုတိယဘဝင်၏ဘင်မှာ ချုပ်ပါသည်၊ တတိယဝိဘူတာရုံဝိထိ။ ၄ ချက်လွန်ထင်လျှင် ပထမဘဝင်၏ဘင်မှာ ချုပ်ပါသည်၊ စတုတ္ထဝိဘူတာရုံဝိထိ။ ၅ ချက်လွန်ထင်လျှင် ဒုတိယတဒါရုံ၏ဘင်မှာ ချုပ်ပါသည်၊ ပဉ္စမဝိဘူတာရုံဝိထိ။ ၆ ချက်လွန်ထင်လျှင် ပထမတဒါရုံ၏ဘင်မှာ ချုပ်ပါသည်၊ ထိုသို့ ပထမတဒါရုံ၏ ဘင်မှာချုပ်သော် တဒါရုံနှစ်ကြိမ် မဖြစ်လောက်၍ တဒါရုံမဖြစ်ရကား ဇောနောင်ဘဝင်ကျ၍ ပထမဘဝင်၏ဘင်မှာ ချုပ်ပါသည်၊ ပထမအဝိဘူတာရုံဝိထိ။ ၇ ချက်လွန်ထင်လျှင် သတ္တမဇော၏ဘင်မှာ ချုပ်ပါသည်၊ ဒုတိယအဝိဘူတာရုံဝိထိ ခေါ်ပါသည်။

ဤသို့ ပဉ္စဒွါရပါရုံကို အာရုံပြု၍ ဝိဘူတာရုံ ၅ ဝိထိ၊ အဝိဘူတာရုံ ၂ ဝိထိအားဖြင့် ၇ ဝိထိ။ အတိတ်ရူပါရုံကို အာရုံပြု၍ ၂ ဝိထိ။ အနာဂတ်ရူပါရုံကို အာရုံပြု၍ ၂ ဝိထိ၊ ဤသို့လျှင် ရူပါရုံ၌ ၁၁ ဝိထိ။ ဤနည်းအတူ သဒ္ဒါရုံ၌ ၁၁ ဝိထိ။ ဂန္ဓာရုံ၌ ၁၁ ဝိထိ။ ရသာရုံ၌ ၁၁ ဝိထိ။ ဖောဋ္ဌဗ္ဗာရုံ ၃ ခုတို့တွင် ပထဝီဖောဋ္ဌဗ္ဗာရုံ၌ ၁၁ ဝိထိ။ တေဇောဖောဋ္ဌဗ္ဗာရုံ၌ ၁၁ ဝိထိ။ ဝါယောဖောဋ္ဌဗ္ဗာရုံ၌ ၁၁ ဝိထိ။ ပသာဒရုပ် ၅ ခု ဓမ္မာရုံ၌ ၁၁ ဝိထိစီ၊ သုခုမရုပ် ၁၀ ဓမ္မာရုံ၌ ၁၁ ဝိထိစီ၊ သုခမရုပ် ၆ ခု ဓမ္မာရုံ၌ ပစ္စုပ္ပန် ၂ ဝိထိ၊ အတိတ် ၂ ဝိထိ၊ အနာဂတ် ၂ ဝိထိအားဖြင့် ၆ ဝိထိစီ၊ စိတ်တစ်ခုယုတ် ၉၀ ဓမ္မာရုံ၌ ၆ ဝိထိစီ၊ စေတသိက်ဒွေပညာသဓမ္မာရုံ၌ ၆ ဝိထိစီ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်

ဓမ္မာရုံတို့၌ ၂ ဝိထိစီ။ ဤသို့ မနောဒွါရ ကာမဇောဝါရ၌ မှတ်အပ်၏။ ပထမဝိဘူတာရုံဝိထိ ဖြစ်ဟန်ကား၊ ဘဝင် ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်၊ ကာမဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်၊ ဘဝင် ဘဝင်။ အတီတဘဝင် ဥပါဒ်ကဖြစ်သော ပစ္စုပ္ပန်ရူပါရုံသည် ဒုတိယတဒါရုံနောင် စတုတ္ထဘဝင်၏ ဘင်မှာ ချုပ်၏။ မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံတို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အလုံးစုံသော စိတ်တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်မှဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်စိတ်ကမှီ၏။ တစ်နည်းအကျယ် ဟဒယဝတ္ထုရုပ် မှီပုံကို စက္ခုဒွါရ၌ ပထမဇောစိတ်၏ မှီပုံကို နည်းမှီ၍မှီလေ။ ကြွင်းသောဝိထိတို့ကိုလည်း ဤနည်းကိုမှီလေ။

**မနောဒွါရ၌ ကာမဇောဝါရမှတ်ရန် ပြီး၏။**

✧✧✧

# မနောဒွါရ၌ မဟဂ္ဂုတ်ဇောဝါရဝိထိ ဖြစ်ပုံ ပြခြင်း (အကျဉ်း)

မဟဂ္ဂုတ်ဇော ဝါရသည်လည်း အာဒိကမ္မိကဝိထိ၊ သမာပဇ္ဇနဝိထိအားဖြင့် ၂ ပါးအပြားရှိ၏။ ထို ၂ ပါးတို့တွင် အာဒိကမ္မိကဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်၊ ဉာဏသမ္ပယုတ်ကာမာဝစရကုသိုလ်၊ ကြိယာဇော (၈) ခု တို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၄ ကြိမ်၊ ၃ ကြိမ် ။ မဟဂ္ဂုတ်ဈာန်ဇော ၁၈ ခုတို့တွင် တစ်ခုခုဈာန်တစ်ကြိမ်၊ ဘဝင် ဘဝင်။ ဈာန်ဇောက (၁၄) ခု ဖြစ်လျှင် မနောဒွါရာဝဇ္ဇန်း၊

ပရိကံ ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဈာန်စိတ်တို့သည် ပညတ်ကို အာရုံပြုကုန်၏။ ဈာန်ဇောက ၄ ခုဖြစ်လျှင် မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ ဂေါတြဘူ၊ ဈာန်စိတ်တို့သည် မဟဂ္ဂုတ်ကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်မှာ အာရုံပြုရေးနည်း၊ အမှီမှာရေးနည်း။ ဤအာဒိကမ္မိက ဝိထိ၌ ဖြစ်ကောင်းသောစိတ် ၂၇၊ ဖြစ်စိတ် ၃၊ အကြိမ် ၅ ကြိမ် ၊ ၆ ကြိမ်။ သမာပဇ္ဇနဝိထိလည်း ဤနည်းတူ။ အကြိမ် အရေအတွက် မရှိ။ မဟဂ္ဂုတ်ဇောဝါရအကျဉ်း ပြီး၏။

မဂ္ဂဝိထိဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်၊ ဉာဏသမ္ပယုတ်ကာမာဝစရ ကုသိုလ်ဇော ၄ ခုတို့တွင် တစ်ခုခု ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၄ ကြိမ်၊ ၃ ကြိမ်၊ မဂ် ၄ ခုတို့တွင် တစ်ခုခု တစ်ကြိမ်၊ မဂ်အားလျော်စွာ ဖိုလ် ၄ ခုတို့တွင် တစ်ခုခု ၂ ကြိမ်၊ ၃ ကြိမ်၊ ဘဝင် ဘဝင်။ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံတို့သည် တေဘူမ္မကသင်္ခါရကို အာရုံပြုကုန်၏။ ဂေါတြဘူ၊ မဂ်ဖိုလ်တို့သည် နိဗ္ဗာန်ကိုအာရုံပြုကုန်၏။ ရှေ့ဘဝင် နောက် ဘဝင် အာရုံပြု ရေးနည်း အမှီရေးနည်း၊ ဤမဂ္ဂဝိထိ၌ ဖြစ်ကောင်းသော စိတ်–၁၃၊ ဖြစ်စိတ်–၄၊ အကြိမ်–၈ကြိမ်။ ပရိကံလျော့လျှင် ဖိုလ် ၃– ကြိမ်၊ မလျော့လျှင် ဖိုလ် ၂ ကြိမ်တည်း။ ဖလသမာပတ္တိဝိထိ ဖြစ်ဟန် ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာ ဝဇ္ဇန်း တစ်ကြိမ်၊ ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်၊ ကြိယာဇော (၈) ခု တို့တွင် တစ်ခုခုသည် အနုလုံ အနုလုံဟူ၍ (၄) ကြိမ်၊ (၃) ကြိမ်၊ ဖိုလ် (၄) ခုတို့တွင် တစ်ခုခုဖိုလ်ဖိုလ်ဟူ၍ အကြိမ်များစွာချ။ ဘဝင် ဘဝင်။ မနောဒွါရာဝဇ္ဇန်း၊ အနုလုံ အနုလုံ တို့သည် တေဘူမ္မက သင်္ခါရကို အာရုံပြုကုန်၏။ ဖိုလ်ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ရှေ့ဘဝင်၊ နောက်ဘဝင်တို့သည် အာရုံပြု ရေးနည်း။ အမှီ ရေးနည်း။

ဤဖလသမာပတ္တိဝိထိ၌ ဖြစ်ကောင်းသောစိတ် မနောဒွါရာဝဇ္ဇန်း၊ ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်ကြိယာဇော (၈) ခု၊ ဖိုလ် (၄) ခုအားဖြင့် (၁၃)။ ဖြစ်စိတ် (၃)။ အကြိမ်အရေအတွက် မရှိ။ လောကုတ္တရာ မဂ္ဂဝိထိ ဖလသမာပတ္တိဝိထိ အကျဉ်းမှတ်ရန် ဤတွင်ပြီး၏။

တစ်နည်း မကျဉ်းမကျယ်ကား ဈာနဝိထိသည်လည်း ရူပါဝစရ ဈာနဝိထိ၊ အရူပါဝစရဈာန ဝိထိအားဖြင့် (၂) ပါးရှိ၏။ ထို (၂) ပါး တို့တွင် ရူပါဝစရ ပထမဈာနဝိထိသည်လည်း (လ) ရူပါဝစရ ပဉ္စမဈာနဝိထိဟူ၍ ရူပါဝစရဈာနဝိထိ (၅) ပါး၊ အရူပါဝစရဈာနဝိထိ သည်လည်း အာကာသာနဉ္စာယတနဈာနဝိထိ (လ) နေဝသညာ နာသညာယတနဈာနဝိထိဟူ၍ အရူပါဝစရဈာနဝိထိ (၄) ပါး ဤသို့ ပေါင်း (၉) ပါး အပြားရှိပါသည်။ ထို (၉) ပါးတို့တွင် ရူပါဝစရ ပထမဈာနဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပုထုဇဉ်သေက္ခဖြစ်အံ့ မဟာကုသိုလ် ပထမဒွေ တို့တွင် တစ်ခုခု ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ (၄) ကြိမ်၊ (၃) ကြိမ်၊ ရူပါဝစရကုသိုလ် ပထမဈာန် ဇောတစ်ကြိမ်။ ဝင်စားလျှင် အကြိမ်များစွာ၊ ဘဝင်ဘဝင်။ ရဟန္တာဖြစ်အံ့ မဟာကြိယာ ပထမဒွေ တို့တွင် တစ်ခုခု ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ (၄) ကြိမ်၊ (၃) ကြိမ်၊ ရူပါဝစရကြိယာ ပထမဈာန် ဇောတစ်ကြိမ်။ ဝင်စားလျှင် အကြိမ်များစွာ၊ ဘဝင်ဘဝင်။ အာရုံအားဖြင့် မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဈာန်ဇောဝိထိစိတ်တို့သည် ကသိုဏ်း (၁၀) ပါး၊ အသုဘ (၁၀) ပါး၊ ကာယဂတာသတိ၊ အာနာပါနာသတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား ၃ ပါး၊ ဤ (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု ကုန်၏။ ရှေ့ဘဝင် နောက်ဘဝင် အာရုံပြု အမှီရှေးနည်း။ ဤကား မကျဉ်းမကျယ် ရူပါဝစရပထမဈာနဝိထိချုပ် ပြီး၏။

ဒုတိယဈာနဝိထိမှာ– ပုထုဇဉ်သေက္ခဖြစ်အံ့ မဟာကုသိုလ် ပဌမ ဒွေတို့တွင် တစ်ခုခု၊ ရူပါဝစရ ကုသိုလ် ဒုတိယဈာန်ဇောချ။ ရဟန္တာဖြစ်အံ့ မဟာကြိယာပဌမဒွေတို့တွင် တစ်ခုခု၊ ရူပါဝစရကြိယာ ဒုတိယဈာန်ဇောချ။ တတိယဈာနဝိထိမှာ–ပုထုဇဉ်သေက္ခဖြစ်အံ့ မဟာကုသိုလ် ပဌမဒွေတို့တွင် တစ်ခုခု၊ ရူပါဝစရကုသိုလ် တတိယဈာန်ဇောချ။ ရဟန္တာဖြစ်အံ့ မဟာကြိယာပဌမဒွေတို့တွင် တစ်ခုခု၊ ရူပါဝစရကြိယာ တတိယဈာန်ဇောချ။ စတုတ္ထဈာနဝိထိမှာ–ပုထုဇဉ်သေက္ခဖြစ်အံ့ မဟာကုသိုလ်ပဌမဒွေတို့တွင် တစ်ခုခု၊ ရူပါဝစရကုသိုလ် စတုတ္ထဈာန်ဇောချ။ ရဟန္တာဖြစ်အံ့ မဟာကြိယာ ပဌမဒွေတို့တွင် တစ်ခုခု၊ ရူပါဝစရကြိယာ စတုတ္ထဈာန်ဇောချ။ ပဉ္စမဈာနဝိထိမှာ–ပုထုဇဉ်သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခု၊ ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်ဇောချ။ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဒွေတို့တွင် တစ်ခုခု၊ ရူပါဝစရကြိယာ ပဉ္စမဈာန်ဇောချ။ အာရုံပြုမှာ ဒုတိယ၊ တတိယ၊ စတုတ္ထဈာနဝိထိတို့၌ ဝိထိစိတ်တို့သည် ကသိုဏ်း (၁၀) ပါး၊ အာနာပါနာသတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဗြဟ္မဝိဟာရတရား (၃) ပါး၊ ဤ (၁၄) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ပဉ္စမဈာန် ဝိထိ၌ ဝိထိစိတ်တို့သည် ကသိုဏ်း (၁၀) ပါး၊ အာနာပါနာသတိ၊ ဥပေက္ခာ ဗြဟ္မဝိဟာရတရား တစ်ပါး၊ ဤ (၁၂) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အာကာသာနဉ္စာယတန ဝိထိမှာ ပုထုဇဉ် သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဒွေ၊ အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ဇောချ။ ရဟန္တာဖြစ်အံ့ မဟာကြိယာတတိယဒွေ၊ အာကာသာနဉ္စာယတန ကြိယာ ဈာန်ဇောချ။ ဝိညာဏဉ္စာယတန ဝိထိမှာ ပုထုဇဉ်သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဒွေ၊ ဝိညာဏဉ္စာယတနကုသိုလ်ဈာန်ဇောချ။ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဒွေ၊ ဝိညာဏဉ္စာ

ယတန ကြိယာ ဈာန်ဇောချ။ အာကိဉ္စညာယတနဝိထိမှာ ပုထုဇဉ် သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဒွေ၊ အာကိဉ္စညာယတနကုသိုလ် ဈာန်ဇောချ။ ရဟန္တာဖြစ်အံ့ မဟာကြိယာတတိယဒွေ၊ အာကိဉ္စညာယ တန ကြိယာဈာန်ဇောချ၊ နေဝသညာ နာသညာ ယတနဝိထိမှာ ပုထုဇဉ် သေက္ခဖြစ်အံ့ မဟာကုသိုလ်တတိယဒွေး၊ နေဝသညာနာသညာယတန ကုသိုလ်ဈာန်ဇောချ။ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဒွေး၊ နေဝ သညာနာသညာယတနကြိယာ ဈာန်ဇောချ။

အာရုံပြုမှာ အာကာသာနဉ္စာ ယတနဝိထိ၌ ဝိထိစိတ်တို့သည် အာကာသသည် ကြဉ်အပ်သော ကသိုဏ်း ၉ – ပါးတို့တွင် တစ်ပါးပါး ကိုခွာ၍ ရအပ်သော ကောင်းကင် ပညတ်ကို အာရုံပြုကုန်၏။

ဝိညာဏဉ္စာယတနဝိထိ၌ ဝိထိစိတ်တို့သည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်၊ ကြိယာကို အာရုံပြုကုန်၏။ အာကိဉ္စညာယတနဝိထိ၌ ဝိထိစိတ်တို့သည် အာကာသာနဉ္စာယတန ကုသိုလ်၊ ကြိယာ၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကို အာရုံ ပြုကုန်၏။ နေဝသညာနာသညာယတနဝိထိ၌ ဝိထိစိတ်တို့သည် အတိတ်ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်၊ ကြိယာကို အာရုံပြု ကုန်၏။

**မဟဂ္ဂုတ်ဇောဝါရ မကျဉ်းမကျယ်မှတ်ရန် ပြီး၏။**

✧ ✧ ✧

## လောကုတ္တရာဝိထိ ဖြစ်ပုံ ပြခြင်း (အကျဉ်း)

လောကုတ္တရာဝိထိ မကျဉ်းမကျယ်ကား မဂ္ဂဝိထိ၊ ဖလသမာပတ္တိ ဝိထိအားဖြင့် ၂ ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မဂ္ဂ ဝိထိသည်လည်း

သောတာပတ္တိ မဂ္ဂဝိထိ၊ သကဒါဂါမိ မဂ္ဂဝိထိ၊ အနာဂါမိ မဂ္ဂဝိထိ၊ အရဟတ္တ မဂ္ဂ ဝိထိအားဖြင့် ၄ ပါးအပြား ရှိ၏။ ဖလသမာပတ္တိဝိထိသည်လည်း သောတာပတ္တိ ဖလသမာပတ္တိဝိထိ၊ သကဒါဂါမိ ဖလသမာပတ္တိဝိထိ၊ အနာဂါမိ ဖလသမာပတ္တိဝိထိ၊ အရဟတ္တ ဖလသမာပတ္တိဝိထိအားဖြင့် လေးပါးအပြား ရှိ၏။ ဤသို့လျှင် လောကုတ္တရာ ဝိထိသည် ရှစ်ပါး အပြား ရှိ၏။

ထိုရှစ်ပါးတို့တွင် သောတာပတ္တိမဂ္ဂ ဝိထိဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာ ဝဇ္ဇန်းတစ်ကြိမ်။ သောတာပတ္တိမဂ်က ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထ စျာန်ဖြစ်အံ့ မဟာကုသိုလ်ပထမဒွေတို့တွင် တစ်ခုခု ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ၄ ကြိမ်၊ ၃ ကြိမ်။ သောတာပတ္တိမဂ် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ၄ ခု တို့တွင် တစ်ခုခု သောတာပတ္တိမဂ်တစ်ကြိမ်၊ သောတာပတ္တိမဂ် အားလျော်စွာ သောတာ ပတ္တိဖိုလ် ၂ ကြိမ်၊ ၃ ကြိမ်၊ ဘဝင်ဘဝင်။ သောတာပတ္တိမဂ်က ပဉ္စမစျာန်ဖြစ်အံ့ မဟာကုသိုလ်တတိယဒွေတို့တွင် တစ်ခုခု ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ (၄) ကြိမ်၊ (၃) ကြိမ်။ သောတာပတ္တိမဂ် ပဉ္စမစျာန်တစ်ကြိမ်။ သောတာပတ္တိမဂ် အားလျော်စွာ သောတာ ပတ္တိဖိုလ် (၂) ကြိမ်၊ (၃) ကြိမ်၊ ဘဝင်ဘဝင်။ အာရုံပြုမှာ မနောဒွါရာ ဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံတို့သည် တေဘုမ္မက သင်္ခါရကို အာရုံ ပြုကုန်၏။ ဂေါတြဘူ၊ မဂ်၊ ဖိုလ်သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ရှေးဘဝင် နောက်ဘဝင် အာရုံပြု၊ အမှီရှေးနည်း။

သောတာပတ္တိဖလသမာပတ္တိဝိထိ ဖြစ်ဟန်ကား ဘဝင်ဘဝင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ သောတာပတ္တိ ဖိုလ်က ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်ဖြစ်အံ့ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခု အနုလုံ အနုလုံဟူ၍ (၄)

ကြိမ်၊ (၃) ကြိမ်။ သောတာပတ္တိဖိုလ် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ဖိုလ်ဖိုလ်ဟူ၍ အကြိမ်များစွာ။ ဘဝင်ဘဝင်။ သောတာပတ္တိဖိုလ်က ပဉ္စမစျာန်ဖြစ်အံ့ မဟာကုသိုလ် တတိယဒွေ တို့တွင် တစ်ခုခု အနုလုံ အနုလုံဟူ၍ (၄) ကြိမ်၊ (၃) ကြိမ်။ သောတာပတ္တိဖိုလ် ပဉ္စမစျာန် ဖိုလ်ဖိုလ် ဟူ၍ အကြိမ်များစွာစော။ ဘဝင် ဘဝင်။ အာရုံပြုမှာ မနောဒွါရာဝဇ္ဇန်း၊ အနုလုံ အနုလုံတို့သည် တေဘူမ္မကသင်္ခါရကို အာရုံပြုကုန်၏။ ဖိုလ်ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ရှေးဘဝင် နောက်ဘဝင် အာရုံပြု၊ အမှီရှေးနည်း။

သကဒါဂါမိမဂ္ဂဝိထိ၊ အနာဂါမိမဂ္ဂဝိထိ၊ အရဟတ္တမဂ္ဂဝိထိမှာ မဂ်က ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထစျာန်ဖြစ်အံ့ မဟာကုသိုလ် ပထမဒွေ၊ မဂ်ပထမစျာန်၊ မဂ်ဒုတိယစျာန်၊ မဂ်တတိယစျာန်၊ မဂ် စတုတ္ထစျာန်ချ။ မဂ်က ပဉ္စမစျာန်ဖြစ်အံ့ မဟာကုသိုလ် တတိယဒွေ၊ မဂ်ပဉ္စမစျာန်ချ။ မဂ်အားလျော်စွာ ဖိုလ် (၂) ကြိမ်၊ (၃) ကြိမ်ချ။ သကဒါဂါမိ ဖလသမာပတ္တိဝိထိ၊ အနာဂါမိဖလ သမာပတ္တိဝိထိမှာ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်က ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထစျာန် ဖြစ်အံ့ မဟာကုသိုလ် ပထမဒွေ၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထစျာန်ချ။ သကဒါဂါမိဖိုလ်၊ အနာဂါမိ ဖိုလ်က ပဉ္စမစျာန်ဖြစ်အံ့ မဟာကုသိုလ် တတိယဒွေ၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ် ပဉ္စမစျာန်ချ။ အရဟတ္တဖိုလ် ဖလသမာပတ္တိဝိထိမှာ အရဟတ္တဖိုလ်က ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထစျာန်ဖြစ်အံ့ မဟာကြိယာ ပထမဒွေ၊ အရဟတ္တဖိုလ် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထစျာန်ချ။ အရဟတ္တဖိုလ်က ပဉ္စမစျာန်ဖြစ်အံ့ မဟာကြိယာ တတိယဒွေ၊ အရဟတ္တဖိုလ် ပဉ္စမစျာန်ချ။ အထူးကား အထက်မဂ် (၃) ခု၏ ရှေ့မှာ ဝေါဒါန်ချရသည်။ အာရုံပြုမှာ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံတို့သည် တေဘူမ္မက သင်္ခါရကို အာရုံပြုကုန်၏။

ဝေါဒါန်၊ မဂ်၊ ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ဖလသမာပတ္တိဝိထိမှာ မနောဒွါရာဝဇ္ဇန်း၊ အနုလုံ အနုလုံတို့သည် တေဘုမ္မက သင်္ခါရကို အာရုံပြုကုန်၏။ ဖိုလ် ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။

**လောကုတ္တရာဝိထိ မကျဉ်းမကျယ်မှတ်ရန် ပြီး၏။**

✧ ✧ ✧

## မဟဂ္ဂုတ်ဈာနဝိထိ ဖြစ်ပုံ ပြခြင်း (အကျယ်)

မဟဂ္ဂုတ် ဈာနဝိထိ အကျယ်ကား။ ဈာနဝိထိသည်လည်း။ (လ)။ ၉–ပါးအပြား ရှိ၏။ ထို (၉) ပါးတို့တွင် ရူပါဝစရ ပထမဈာနဝိထိသည်လည်း အာဒိကမ္မိကဝိထိ၊ သမာပဇ္ဇနဝိထိအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် ရူပါဝစရပထမဈာန အာဒိကမ္မိက ဝိထိဖြစ်ဟန်ကား မိမိ ပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါး တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂု ပစ္ဆေဒ ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ကသိုဏ်း (၁၀) ပါး၊ အသုဘ (၁၀) ပါး၊ ကာယဂတာသတိ၊ အာနာပါနာသတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဗြဟ္မဝိဟာရတရား (၃) ပါး။ ဤ (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ် ပဋိဘာဂ နိမိတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထိုနောင် တိဟိတ်ပုထုဇဉ် သေက္ခဖြစ်အံ့ ကသိုဏ်း (၁၀) ပါး၊ (လ) ထို (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ် ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ မဟာကုသိုလ်ပထမဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ (၄) ကြိမ်၊ (၃) ကြိမ်။ ထိုနောင် ကသိုဏ်း (၁၀) ပါး။ (လ)။ ထို (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ် ပဋိဘာဂနိမိတ်ကို

အာရုံပြု၍ ရူပါဝစရကုသိုလ် ပထမ ဈာန်ဇော တစ်ကြိမ်။ ရဟန္တာဖြစ်အံ့ ကသိုဏ်း (၁၀) ပါး။ (လ)။ ထို (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မဟာကြိယာ ပထမဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြ ဘူဟူ၍ (၄) ကြိမ်၊ (၃) ကြိမ်။ ထို့နောင် ကသိုဏ်း (၁၀) ပါး။ (လ)။ ထို (၂၅) ပါးတို့တွင် တစ်ပါးပါး ပညတ်ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ရူပါဝစရ ကြိယာ ပထမဈာန်ဇောတစ်ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရ ဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ရူပါဝစရ ပထမဈာန်ဇောဝိထိ စိတ်တို့သည် ကသိုဏ်း (၁၀) ပါး။(လ)။ ထို (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြုကုန်၏။ မိမိ ပဋိသန္ဓေစိတ်နှင့် တူသော ရှေ့ဘဝင်၊ နောက်ဘဝင်တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါး ကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသောစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက် နောက်သော စိတ်ကမှီကုန်၏။ (တစ်နည်း – ဟဒယဝတ္ထုရုပ်ကို အကျယ်ဆို၍ မှီပုံနည်းကို ရှေးစက္ခုဒွါရဝိထိ၌ ဆိုအပ်ပြီးသောနည်းကို မှီ၍ဆိုလေ) ဤဝိထိသည်ကား ပထမဈာန်ကို ရစသောကာလ၌သာ ဖြစ်သောကြောင့် ရူပါဝစရပထမဈာန အာဒိကမ္မိကဝိထိမည်၏ ဟူလို သော်။

တစ်နည်းအကျယ်။ ရူပါဝစရ ပထမဈာန သမာပဇ္ဇနဝိထိ ဖြစ်ဟန်ကား မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေ

စိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စ ဖြစ်၍ချုပ်၏။ ထို့နောင် ကသိုဏ်း (၁၀) ပါး။(လ)။ ထို (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်။ ထိုနောင်တိဟိတ်ပုထုဇဉ် သေက္ခဖြစ်အံ့ ကသိုဏ်း (၁၀) ပါး။(လ)။ ထို ၂၅ ပါးတို့တွင် တစ်ပါးပါးသော ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မဟာကုသိုလ်ပထမဒွေတို့တွင် တစ်ခုခု သည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ (၄) ကြိမ်၊ (၃) ကြိမ်။ ထို့နောင် ကသိုဏ်း (၁၀) ပါး။(လ)။ ထို (၂၅) ပါးတို့တွင် တစ်ပါးပါး သော ပညတ်ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ ရူပါဝစရကုသိုလ် ပထမ ဈာန်ဇောစိတ်သည် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသောအတိုင်း ဈာန်ဈာန် ဟု အကြိမ်များစွာ ဖြစ်၍ချုပ်၏။

ရဟန္တာဖြစ်အံ့ ကသိုဏ်းဆယ်ပါး။(လ)။ ထို (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မဟာကြိယာ ပထမဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၄ ကြိမ်၊ ၃ ကြိမ်။ ထိုနောင် ကသိုဏ်း (၁၀) ပါး။(လ)။ ထို (၂၅) ပါး တို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ရူပါဝစရ ကြိယာ ပထမဈာန်ဇောစိတ်သည် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသော အတိုင်း ဈာန်ဈာန်ဟု အကြိမ်များစွာ ဖြစ်၍ချုပ်၏။ ထိုနောင် မိမိ ပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံ ဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ ဂေါတြဘူ၊ ဈာန်ဇောဝိထိစိတ်တို့သည် ကသိုဏ်းဆယ်ပါး။(လ)။ ထို (၂၅)

ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်ကို အာရုံပြုကုန်၏။ မိမိပဋိသန္ဓေစိတ်နှင့်တူသော ရှေ့ဘဝင် နောက်ဘဝင်တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော စိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီကုန်၏။ (တစ်နည်း – ဟဒယဝတ္ထုရုပ်ကို အကျယ်ဆို၍ မှီပုံနည်းကို ရှေးစက္ခုဒွါရဝိထိ၌ ဆိုအပ်ခဲ့ပြီး သောနည်းကို မှီ၍ဆိုလေ)။ ဤဝိထိသည်ကား ရူပါဝစရ ပထမဈာန် ကို ဝင်စားသည်၏ အစွမ်းအားဖြင့်ဖြစ်သောကြောင့် ရူပါဝစရပထမဈာနသမာပဇ္ဇနဝိထိမည်၏ ဟူလိုသော်။ (ဒုတိယဈာနဝိထိအစ နေဝသညာ နာသညာ ယတနဈာနဝိထိ အဆုံးတိုင်အောင်သော ဝိထိစိတ်တို့၌ အာဒိကမ္မိကဝိထိ၊ သမာပဇ္ဇနဝိထိ အကျယ်ဆိုပုံကို ဤရူပါဝစရပထမဈာနဝိထိ၌ အာဒိကမ္မိကဝိထိ၊ သမာပဇ္ဇနဝိထိ အကျယ်ဆိုပုံကို နည်းမှီ၍ဆိုလေ)

**မဟဂ္ဂုတ်ဈာနဝိထိ အကျယ်ဆိုပုံနည်း ပြီး၏။**

✧✧✧

# လောကုတ္တရာဝိထိ ဖြစ်ပုံ ပြခြင်း (အကျယ်)

လောကုတ္တရာဝိထိသည်လည်း။(လ)။ (၈) ပါးအပြားရှိ၏။ ထို (၈) ပါးတို့တွင် သောတာပတ္တိမဂ္ဂဝိထိ ဖြစ်ဟန် ကား မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စ ဖြစ်၍ချုပ်၏။

ထို့နောင် တေဘုမ္မကသင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မနော ဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် သောတာပတ္တိမဂ်က ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဖြစ်အံ့ တေဘုမ္မကသင်္ခါရ တို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ။ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြ ဘူဟု (၄) ကြိမ်၊ (၃) ကြိမ်။ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ သောတာ ပတ္တိမဂ် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် လေးခု တို့တွင် တစ်ခုခု သောတာပတ္တိမဂ်တစ်ကြိမ်။ ထို့နောင် နိဗ္ဗာန်ကို အာရုံ ပြု၍ သောတာ ပတ္တိမဂ် အားလျော်စွာ သောတာပတ္တိဖိုလ် (၂) ကြိမ်၊ (၃) ကြိမ်။

သောတာပတ္တိမဂ်က ပဥ္စမဈာန်ဖြစ်အံ့ တေဘုမ္မကသင်္ခါရ တို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခု သည် ပရိကံ၊ ဥပစာ၊ အနုလုံ။ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဟု (၄) ကြိမ်၊ (၃) ကြိမ်။ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ သောတာပတ္တိမဂ် ပဥ္စမဈာန် (၁) ကြိမ်၊ သောတာပတ္တိမဂ်အားလျော်စွာ သောတာပတ္တိဖိုလ် (၂) ကြိမ်၊ (၃) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံတို့သည် တေဘုမ္မကသင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြု ကုန်၏။ ဂေါတြဘူ၊ မဂ်၊ ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ မိမိပဋိသန္ဓေစိတ်နှင့်တူသော ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ။ (လ)။ တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော စိတ်သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီကုန်၏။ (တစ်နည်း – ဟဒယဝတ္ထုရုပ်ကို

အကျယ်ဆို၍ မှီပုံနည်းကို ရှေးစကျွဒွါရဝိထိ၌ ဆိုအပ်ခဲ့ပြီးသော နည်းကို မှီ၍ဆိုလေ)။ ဤဝိထိသည်ကား သောတာပတ္တိမဂ်ကိုရသည်၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် သောတာပတ္တိမဂ္ဂဝိထိမည်၏ ဟူလိုသော်။

သောတာပတ္တိ ဖလသမာပတ္တိဝိထိ ဖြစ်ဟန်ကား မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ။ (လ) တစ်ပါးပါးကို အာရုံပြု၍ ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တေဘုမ္မကသင်္ခါရ တို့တွင် တစ်ပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်။ ထို့နောင် သောတာပတ္တိဖိုလ်က ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထ ဈာန်ဖြစ်အံ့ တေဘုမ္မက သင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခုသည် အနုလုံ အနုလုံဟု (၄) ကြိမ်၊ (၃) ကြိမ်။ ထို့နောင် နိဗ္ဗာန်ကိုအာရုံပြု၍ သောတာ ပတ္တိဖိုလ် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် (၄) ခုတို့တွင် တစ်ခုခုသည် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသောအတိုင်း ဖိုလ် ဖိုလ်ဟူ၍ အကြိမ်များစွာ ဖြစ်၍ ချုပ်၏။

သောတာပတ္တိဖိုလ်က ပဉ္စမဈာန်ဖြစ်အံ့ တေဘုမ္မကသင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် အနုလုံ အနုလုံဟု (၄) ကြိမ်၊ (၃) ကြိမ်။ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ သောတာပတ္တိဖိုလ် ပဉ္စမဈာန် စိတ်တို့သည် ဘဝင်အလျဉ်ကဲ့သို့ အလိုရှိသောအတိုင်း ဖိုလ်ဖိုလ်ဟု အကြိမ်များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဘဝင်ဟု ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ အနုလုံ အနုလုံတို့သည် တေဘုမ္မကသင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ဖိုလ်ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ မိမိ ပဋိသန္ဓေစိတ်နှင့်တူသော ရှေ့ဘဝင် နောက်

ဘဝင်တို့သည် ထို မိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ။ (လ) ကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော စိတ်တို့သည် ရှေးရှေးသော စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီကုန်၏။

(တစ်နည်း - ဟဒယဝတ္ထုရုပ်ကို အကျယ်သိ၍ မှီပုံနည်းကို ရှေးစက္ခုဒွါရဝိထိ၌ ဆိုအပ်ခဲ့ပြီးသောနည်းကို မှီ၍ဆိုလေ)။

ဝိထိသည်ကား သောတာပတ္တိဖိုလ်ကို ဝင်စားသည်၏ အစွမ်း အားဖြင့် ဖြစ်သောကြောင့် သောတာပတ္တိဖလသမာပတ္တိဝိထိ မည်၏ ဟူလိုသော်။ သောတာပတ္တိဖလသမာပတ္တိ ပြီး၏။

အထက်မဂ္ဂဝိထိ၊ ဖလသမာပတ္တိဝိထိတို့၌ အကျယ်ဆိုပုံနည်းကို အောက်သောတာပတ္တိမဂ္ဂဝိထိ၊ ဖလသမာပတ္တိဝိထိ၌ အကျယ်ဆိုပုံနည်း ကို မှီ၍ဆိုလေ။

**လောကုတ္တရာဝိထိ အကျယ်ဆိုပုံနည်း ပြီး၏။**

✧ ✧ ✧

## (၄)

# ဒိဗ္ဗစက္ခု အဘိညာဉ်ဝိထိ ဖြစ်ပုံ ပြခြင်း

(၁) ဈာနလာဘီတိဟိတ်ပုထုဇဉ် သေက္ခဖြစ်အံ့ အဝေးအနီး ဖြစ်သော ရူပါရုံကို မြင်လိုလတ်၍ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားသော ပါဒကသမာပဇ္ဇနဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အာလောက ကသိုဏ်းပညတ် ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အာလောက ကသိုဏ်းပညတ် ဓမ္မာရုံကို အာရုံပြု၍ လျင်စွာ သိတတ်သော မဟာကုသိုလ် တတိယဒွေ တို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက ကသိုဏ်းပညတ် ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမ ဈာန်စိတ်သည် အပ္ပနာဈာန်ဇောကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာ ဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန်ဇော ဝိထိစိတ် တို့သည် အာလောက ကသိုဏ်းပညတ်ဓမ္မာရုံကို အာရုံပြုကုန်၏။

ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော စိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက် မရှိ။ ဤဝိထိသည် အသေးအနီးဖြစ်သော ရူပါရုံကို မြင်လိုလတ်၍ ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိ မည်၏။

(၂) အသေးအနီးဖြစ်သော ရူပါရုံကို မြင်စေသတည်းဟု **"တေသသ ရူပံ ပဿာမိ၊ တေသသ ရူပံ ပဿာမိ"** ဟု အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ မဟာကုသိုလ်ဇော ၈ ခုတို့တွင် တစ်ခုခုသည် ဇောကိစ္စတတ်၍ ၇ ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဇောဝိထိတို့သည် အဓိဋ္ဌာတဗ္ဗကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော စိတ်တို့သည် ရှေးရှေးသော စိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၉ စိတ်၊ ဖြစ်စိတ် ၂၊ အကြိမ် ၈ ကြိမ်။ ဤဝိထိသည် အသေးအနီးဖြစ်သော ရူပါရုံကိုအာရုံပြု၍ မြင်စေသတည်းဟု အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗဝိထိမည်၏ ဟူလိုသော်။

(၃) အဘိညာဉ်၏ အခြေဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်ကို တစ်ဖန်ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိ ဖြစ်ဟန်ကား

ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာ ဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် အာလောက ကသိုဏ်းပညတ်ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့ တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက ကသိုဏ်းပညတ်ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ် သည် အပ္ပနာဈာန်ဇော ကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန်ဇောဝိထိစိတ်တို့သည် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ် ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော စိတ်တို့ သည် ရှေးရှေးသော စိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ဖြစ်ကောင်းသော စိတ် ၄၊ ဖြစ်စိတ် ၃၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် အဘိညာဉ်၏ အခြေဖြစ်သော ရူပါဝစရပဉ္စမဈာန်ကို ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိမည်၏။

(၄) အဝေးအနီးဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ မြင်တတ် သော ဒိဗ္ဗစက္ခု အဘိညာဉ်ဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂ စလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အဝေးအနီးဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်း ကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အဝေးအနီးဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊

ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အဝေးအနီး ဖြစ်သော ရူပါရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရ ပဉ္စမဈာန်စိတ်သည် အဘိညာဉ်ဇောကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာ ဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အဘိညာဉ် ဇောဝိထိစိတ်တို့ သည် အဝေးအနီးဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါး ပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော စိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက် နောက်သော စိတ်ကမှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် ၅ ကြိမ်၊ ၆ ကြိမ်။ ဤဝိထိသည် အဝေးအနီးဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ မြင်တတ်သော ဒိဗ္ဗစက္ခုအဘိညာဉ် ဝိထိမည်၏ဟူလိုသော်။

(၅) ထိုနောင် ဒိဗ္ဗစက္ခုအဘိညာဉ်သည် မြင်အပ်ပြီးသော အဝေး အနီးဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို ဆင်ခြင်လိုလတ်သည်ရှိသော် ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အဝေးအနီးဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ် သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အဝေးအနီးဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ မဟာကုသိုလ်စိတ် ၈ ခုတို့တွင် တစ်ခုခု သည် ပစ္စဝေက္ခဏာဇောကိစ္စတတ်၍ ၇ ကြိမ်။ ထိုနောင်ဘဝင်ဖြစ်ထိုက် သမျှဖြစ်၍ ချုပ်၏။ အာရုံပြု၊ အမှီရေးနည်းဆိုလေ။ ဤဝိထိ၌ ဖြစ် ကောင်းသော စိတ် ၉ စိတ်၊ ဖြစ်စိတ် ၂ စိတ်၊ အကြိမ် ၈ ကြိမ်။ ဤဝိထိသည်ကား အဝေးအနီးဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို ဆင်ခြင်တတ် သော ပစ္စဝေက္ခဏာ ဝိထိမည်၏ဟူလိုသော်။

**မှတ်ချက်**။ ။ နောက်နောက်သော ဒွိပဉ္စသောတ၊ ကြ္ဒိဝိစ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသ အဘိညာဉ် ဝိထိမှာလည်း အာရုံအားလျော်စွာ ပစ္စဝေက္ခဏာဝိထိ အသီးသီးဆိုလေ။

**ဒိဗ္ဗစက္ခု အဘိညာဉ်ဝိထိ ပြီး၏။**

✧✧✧

## ဒိဗ္ဗသောတ အဘိညာဉ်ဝိထိ ဖြစ်ပုံ ပြခြင်း

(၁) အဝေးအနီးဖြစ်သော သဒ္ဒါရုံကို ကြားလိုလတ်၍ ဝင်စားသော ပါဒကစျာန သမာပဇ္ဇနဝိထိဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အာလောက ကသိုဏ်းပညတ် ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အာလောက ကသိုဏ်းပညတ် ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ စျာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ရူပါဝစရ ပဉ္စမစျာန်စိတ်သည် အပ္ပနာစျာန် ဇောကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာစျာန် ဇောဝိထိစိတ်တို့သည် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော စိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်က ဖြစ်

ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် အရေအတွက်မရှိ။ ဤဝိထိသည် အဝေးအနီးဖြစ်သော သဒ္ဒါရုံကို ကြား လိုလတ်၍ ဝင်စားသော ပါဒကဈာန သမ္မာပဇ္ဇနဝိထိမည်၏ ဟူလို သော်။

(၂) အဝေးအနီးဖြစ်သော သဒ္ဒါရုံကို ကြားစေသတည်းဟု **"တေသသ သဒ္ဒံ သုဏာမိ၊ တေသသ သဒ္ဒံ သုဏာမိ"** ဟု အဓိဋ္ဌာတဗ္ဗ ဝိထိ ဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ် သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် မဟာကုသိုလ်ဇော ၈ ခုတို့တွင် တစ်ခုခုသည် ဇောကိစ္စတတ်၍ ၇ ကြိမ်။ ထိုနောင် ဘဝင်ဖြစ် ထိုက်သမျှ ဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဇောဝိထိစိတ်တို့သည် အဓိဋ္ဌာတဗ္ဗကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိ စိတ်တို့သည် ရှေးရှေးသော စိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော ဟဒယဝတ္ထု ရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်း သောစိတ် ၉ စိတ်၊ ဖြစ်စိတ် ၂ စိတ်၊ အကြိမ် ၈ ကြိမ်။ ဤဝိထိသည် အဝေးအနီးဖြစ်သော သဒ္ဒါရုံကို ကြားစေသတည်းဟု အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗဝိထိမည်၏ ဟူလိုသော်။

(၃) အဘိညာဉ်၏ အခြေကို တစ်ဖန်ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အာလောက ကသိဏ်း ပညတ်မွှောရုံကို အာရုံပြု၍ ဆင်ခြင် တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍တစ်ကြိမ်။

ထို့နောက် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်သည် အပ္ပနာဈာန်ဇော ကိစ္စတပ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဈာန်ဇောဝိထိစိတ်တို့သည် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသော စိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် အဘိညာဉ်၏ အခြေကိုဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိမည်၏ဟူလိုသော်။

(၄) အဝေးအနီးဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ ကြားတတ်သော ဒိဗ္ဗသောတအဘိညာဉ်ဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အဝေးအနီးဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အဝေးအနီးဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်သည် အဘိညာဉ်ဇောကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနော

ဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အဘိညာဉ် ဈာန်ဇော ဝိထိစိတ်တို့သည် အဝေးအနီးဖြစ်သော ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် ၅၊ ၆ ကြိမ်။ ဤဝိထိသည် အဝေးအနီးဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ ကြားတတ်သော ဒိဗ္ဗသောတ အဘိညာဉ်ဝိထိမည်၏ ဟူလိုသော်။ ထိုနောင် ပစ္စဝေက္ခဏာဝိထိ ဖြစ်ကုန်၏။

**ဒိဗ္ဗသောတ အဘိညာဉ်ဝိထိ ပြီး၏။**

✧✧✧

## ဣဒ္ဓိဝိဓအဘိညာဉ်ဝိထိ ဖြစ်ပုံပြခြင်း

(၁) သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ကာမရူပတိဟိတ် ပုထုဇဉ် သေက္ခပုဂ္ဂိုလ်သည် သတ သဟဿ အစရှိသော (၁၀၀၀) သော နိမ္မိတရုပ်ကို ဖန်ဆင်းလိုလတ်၍ ဝင်စားသော ပါဒကဈာနသမာပဇ္ဇနဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် ပထဝီကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် ပထဝီကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယ ဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် ပထဝီကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍

ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်သည် အပ္ပနာဈာန်ဇော ကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန်ဇောဝိထိစိတ်တို့သည် ပထဝီကသိုဏ်း ပညတ်မွှာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်၊ ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် သတသဟဿ အစရှိသော (၁၀၀၀) သော နိမ္မိတရုပ်ကို ဖန်ဆင်းလိုလတ်၍ ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိမည်၏ ဟူလိုသော်။

(၂) သတသဟဿအစရှိသော (၁၀၀၀) သော နိမ္မိတရုပ်ကို ဖြစ်စေသတည်းဟု **"သတံ ဟောမိ သဟဿံ ဟောမိ"** ဟု အဓိဋ္ဌာန်ဝိထိ ဖြစ်ပုံကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ မဟာကုသိုလ်ဇော ၈ ခုတို့တွင် တစ်ခုခုသည် ဇောကိစ္စတတ်၍ ၇ ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဇောဝိထိစိတ်တို့သည် အဓိဋ္ဌာတဗ္ဗကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသော စိတ် ၉ စိတ်၊ ဖြစ်စိတ် ၂ စိတ်၊ အကြိမ် ၈ ကြိမ်။

ဤဝိထိသည် သတသဟဿအစရှိသော (၁၀၀၀) သော နိမ္မိတရုပ်ကို ဖြစ်စေသတည်းဟု အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗဝိထိမည်၏ဟူလိုသော်။

(၃) အဘိညာဉ်၏ အခြေကို တစ်ဖန်ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိတိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ပထဝီ ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် ပထဝီကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် ပထဝီကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမ ဈာန်ဇောစိတ်သည် အပ္ပနာဈာန်ဇောကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာ ဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန်ဇောစိတ်တို့သည် ပထဝီကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက် ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါး ကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယရုပ်ကို နောက်နောက် သော စိတ်ကမှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် အဘိညာဉ်၏ အခြေကို ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိမည်၏ဟူလိုသော်။

(၄) သတသဟဿအစရှိသော (၁၀၀၀) သော နိမ္မိတရုပ်ကို အာရုံပြု၍ ဖန်ဆင်းတတ်သော ဣဒ္ဓိဝိဓအဘိညာဉ်ဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် သတသဟဿ အစရှိသော (၁၀၀၀) သော နိမ္မိတရုပ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင်

သတသဟဿ အစရှိသော (၁၀၀၀) သော နိမ္မိတရုပ်ကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် သတသဟဿ အစရှိသော (၁၀၀၀) သော နိမ္မိတရုပ်ကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဥ္စမဈာန်စိတ်သည် အဘိညာဉ် ဇောကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အဘိညာဉ်ဈာန်ဇောဝိထိစိတ်တို့သည် သတသဟဿ အစရှိသော (၁၀၀၀) သော နိမ္မိတရုပ်ကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသော စိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် ၅ ကြိမ်၊ ၆ ကြိမ်။ ဤဝိထိသည် သတသဟဿ အစရှိသော (၁၀၀၀) သော နိမ္မိတရုပ်ကို အာရုံပြု၍ ဖန်ဆင်းတတ်သော ဣဒ္ဓိဝိဓ အဘိညာဉ်ဝိထိမည်၏ ဟူလိုသော်။ ထိုနောင် ပစ္စဝေက္ခဏာ ဝိထိ ဖြစ်ကုန်၏။

**ဣဒ္ဓိဝိဓ အဘိညာဉ်ဝိထိ ပြီး၏။**

✧✧✧

## စေတောပရိယ အဘိညာဉ်ဝိထိ ဖြစ်ပုံ ပြခြင်း

(၁) သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ကာမရူပတိဟိတ် ပုထုဇဉ် သေက္ခပုဂ္ဂိုလ်သည် လွန်လေပြီးသော ၇ ရက်မှစ၍ လာလတ္တံ့သော ၇

ရက်တိုင်အောင် ကာလ ၃ ပါး၌ တည်သော သူတစ်ပါးတို့၏စိတ်ကို သိလိုလတ်၍ ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရ ပဉ္စမဈာန်စိတ်သည် အပ္ပနာဈာန် ဇောကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား  မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန် ဇောဝိထိစိတ်တို့သည် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် လွန်လေပြီးသော ၇ ရက်မှစ၍ လာလတ္တံ့သော ၇ ရက်တိုင်အောင် ကာလ ၃ ပါးအတွင်း၌တည်သော သူတစ်ပါးတို့၏ စိတ်ကို သိလိုလတ်၍ ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိ မည်၏ဟူလိုသော်။

(၂) လွန်လေပြီးသော ၇ ရက်မှစ၍ လာလတ္တံ့သော ၇ ရက်တိုင်အောင် ကာလ ၃ ပါး၌တည်သော သူတစ်ပါးတို့၏ စိတ်ကို သိစေသောဟု **"တေသံ စိတ္တံ ဇာနာမိ၊ တေသံ စိတ္တံ ဇာနာမိ"** ဟု

အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗဝိထိဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာ ဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အဓိဋ္ဌာတဗ္ဗ ကို အာရုံပြု၍ မဟာကုသိုလ်ဇော ၈ ခုတို့တွင် တစ်ခုခုသည် ဇောကိစ္စ တတ်၍ ၇ ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ချုပ်၏။ အာရုံ အားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဇောဝိထိစိတ်တို့သည် အဓိဋ္ဌာတဗ္ဗကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအား ဖြင့်ကား အလုံးစုံသောဝိထိ စိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသော စိတ် ၉ စိတ်၊ ဖြစ်စိတ် ၂ စိတ်၊ အကြိမ် ၈ ကြိမ်။ ဤဝိထိသည် လွန်လေပြီးသော ၇ ရက်မှစ၍ လာလတ္တံ့သော ၇ ရက်တိုင်အောင် ကာလ ၃ ပါး၌တည်သော သူ တစ်ပါး၏ စိတ်ကို သိစေသတည်းဟု အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗဝိထိ မည်၏ ဟူလိုသော်။

(၃) အဘိညာဉ်၏ အခြေကို တစ်ဖန်ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အာလောက ကသိုဏ်း ပဉ္စတ်ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင် တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံ ပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်သည် အပ္ပနာဇောကိစ္စတတ်၍

အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန် ဇောဝိထိ စိတ်တို့သည် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် အဘိညာဉ်၏ အခြေကို တစ်ဖန် ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိမည်၏ ဟုလိုသော်။

(၄) လွန်လေပြီးသော ၇ ရက်မှစ၍ နောင်လာလတ္တံ့သော ၇ ရက်တိုင်အောင် ကာလ ၃ ပါး၌တည်သော သူတစ်ပါးတို့၏ စိတ်ကို အာရုံပြု၍ သိတတ်သော စေတောပရိယ အဘိညာဉ်ဝိထိဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် သူတစ်ပါးတို့၏ စိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာ ဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် သူတစ်ပါးတို့၏ စိတ်ကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် သူတစ်ပါးတို့၏ စိတ်ကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်စိတ်သည် အဘိညာဉ်ဈာန် ဇောကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန် ဇောဝိထိ စိတ်တို့သည် သူတစ်ပါးတို့၏ စိတ်ကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါး

တို့တွင် တစ်ပါးပါးကို အာရုံပြုကြကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟာဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် ၅၊ ၆ ကြိမ်။ ဤဝိထိသည် လွန်လေပြီးသော ၇ ရက်မှစ၍ လာလတ္တံ့သော ၇ ရက်တိုင်အောင် ကာလ ၃ ပါးအတွင်း၌တည်သော သူတစ်ပါးတို့၏ စိတ်ကို အာရုံပြု၍သိတတ်သော စေတောပရိယ အဘိညာဉ်ဝိထိမည်၏ဟူလိုသော်။ ထိုနောင် ပစ္စဝေက္ခဏာဝိထိ ဖြစ်ကုန်၏။

**စေတောပရိယ အဘိညာဉ်ဝိထိ ပြီး၏။**

✧ ✧ ✧

## ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဝိထိ ဖြစ်ပုံ ပြခြင်း

(၁) သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ကာမရူပတိဟိတ် ပုထုဇဉ် သေက္ခပုဂ္ဂိုလ်သည် လွန်လေပြီးသော ၇ ရက်မှစ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို သိလိုလတ်၍ ဝင်စားသော ပါဒကဈာန သမာပဇ္ဇန ဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အာလောက ကသိုဏ်းပညတ် ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ

၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်သည် အပ္ပနာဇော ကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန် ဇောဝိထိ စိတ်တို့သည် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါး တို့တွင် တစ်ပါးပါးကို အာရုံပြု ကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေး သော စိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက် သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် လွန်လေပြီး သော ၇ ရက်မှစ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါး နှင့် စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို သိလိုလတ်၍ ဝင်စားသော ပါဒကဈာန သမ္မာပဇ္ဇနဝိထိမည်၏ ဟူလိုသော်။

(၂) လွန်လေပြီးသော ၇ ရက်မှစ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို သိစေသတည်းဟု **"ပုဗ္ဗေ နိဝုဋ္ဌံ ခန္ဓံ ဇာနာမိ၊ ပုဗ္ဗေ နိဝုဋ္ဌံ ခန္ဓံ ဇာနာမိ"** ဟု အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗ ဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာ ဝဇ္ဇန်းစိတ် သည် အာဝဇ္ဇန်းကိစ္စတတ်၍တစ်ကြိမ်။ ထိုနောင် အဓိဋ္ဌာတဗ္ဗ ကို အာရုံပြု၍ မဟာကုသိုလ်ဇော ၈ ခုတို့တွင် တစ်ခုခုသည် ဇောကိစ္စ တတ်၍ ၇ ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံ အားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဇောဝိထိ စိတ်တို့သည် အဓိဋ္ဌာတဗ္ဗကို

အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါး တို့တွင် တစ်ပါးပါးကို အာရုံပြုကြကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၉ စိတ်၊ ဖြစ်စိတ် ၂ စိတ်၊ အကြိမ် ၈ ကြိမ်။ ဤဝိထိသည် လွန်လေပြီးသော ၇ ရက်မှစ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်စပ်သော အမည် အမျိုးပညတ်၊ နိဗ္ဗာန် ဟုဆိုအပ်သော အာရုံ ၆ ပါးကို သိစေသတည်းဟု အမိဋ္ဌာန်သော အမိဋ္ဌာ တဗ္ဗဝိထိမည်၏ဟူလိုသော်။

(၃) အဘိညာဉ်၏ အခြေကို တစ်ဖန်ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထို့နောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်သည် အပ္ပနာဇောကိစ္စတတ်၍ အကြိမ်များစွာ။ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဈာန် ဇောဝိထိ စိတ်တို့သည် အာလောက ကသိုဏ်း ပညတ် ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်က

ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် အရေအတွက်မရှိ။ ဤဝိထိသည် အဘိညာဉ်၏ အခြေကို တစ်ဖန် ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိမည်၏ ဟူလိုသော်။

(၄) လွန်လေပြီးသော ၇ ရက်မှစ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင်အာရုံ ၆ ပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အာရုံ ၆ ပါးကို အာရုံပြု၍ မဟာကုသိုလ် တတိယ ဒွေးတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာရုံ ၆ ပါးကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်သည် အဘိညာဉ် ဇောကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အဘိညာဉ်ဈာန် ဇောဝိထိတို့သည် အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါး တို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံ သော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် ၅၊ ၆ ကြိမ်။ ဤဝိထိသည် လွန်လေပြီးသော ၇ ရက် မှစ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့် စပ်သော

အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဝိထိမည်၏ဟူလိုသော်။ ထိုနောင် ပစ္စဝေက္ခဏာဝိထိ ဖြစ်ကုန်၏။

**ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ပြီး၏။**

✧✧✧

## ယထာကမ္မုပဂ အဘိညာဉ်ဝိထိ ဖြစ်ပုံ ပြခြင်း

(၁) သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ကာမရူပတိဟိတ် ပုထုဇဉ်သေက္ခပုဂ္ဂိုလ်သည် အတိတ်ဖြစ်သော လောကီကုသိုလ် အကုသိုလ်စေတနာကံတို့တွင် တစ်ပါးပါးကို သိလိုလတ်၍ ဝင်စားသော ပါဒကစျာန သမာပဇ္ဇနဝိထိ ဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အာလောက ကသိုဏ်းပညတ် ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ စျာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမစျာန်စိတ်သည် အပ္ပနာဇော ကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာစျာန်ဇောဝိထိ စိတ်တို့သည် အာလောက ကသိုဏ်း ပညတ် ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ် ၃ ပါး တို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား

အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသော စိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် အရေအတွက် မရှိ။ ဤဝိထိသည် အတိတ်ဖြစ်သော လောကီ ကုသိုလ်၊ အကုသိုလ်စေတနာကံတို့တွင် တစ်ပါးပါးကို သိလိုလတ်၍ ဝင်စားသော ပါဒကစျာန သမ္မာပဇ္ဇနဝိထိမည်၏ ဟူလိုသော်။

(၂) အတိတ်ဖြစ်သော လောကီကုသိုလ်၊ အကုသိုလ် စေတနာကံတို့တွင် တစ်ပါးပါးကို သိစေသတည်းဟု **"အတီတံ ကမ္မံ ဇာနာမိ၊ အတီတံ ကမ္မံ ဇာနာမိ"** ဟု အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ မဟာကုသိုလ်ဇော ၈ ခုတို့တွင် တစ်ခုခုသည် ဇောကိစ္စတတ်၍ ၇ ကြိမ်။ ထိုနောင် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဇောဝိထိ စိတ်တို့သည် အဓိဋ္ဌာတဗ္ဗကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါး တို့တွင် တစ်ပါးပါးကို အာရုံပြုကြကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၉ စိတ်၊ ဖြစ်စိတ် ၂ စိတ်၊ အကြိမ် ၈ ကြိမ်။ ဤဝိထိသည် အတိတ်ဖြစ်သော လောကီကုသိုလ်၊ အကုသိုလ်စေတနာကံတို့တွင် တစ်ပါးပါးကို သိစေသတည်းဟု အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗဝိထိ မည်၏ဟူလိုသော်။

(၃) အဘိညာဉ်၏ အခြေကို တစ်ဖန်ဝင်စားသော ပါဒကစျာန

သမာပဇ္ဇနဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်သည် အပ္ပနာဇောကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံ အားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန်ဇောဝိထိ စိတ်တို့သည် အာလောက ကသိုဏ်း ပညတ် ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် အဘိညာဉ်၏ အခြေကို တစ်ဖန်ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိမည်၏ ဟူလိုသော်။

(၄) အတိတ်ဖြစ်သော လောကီကုသိုလ်၊ အကုသိုလ်စေတနာကံတို့တွင် တစ်ပါးပါးကို အာရုံပြု၍ သိတတ်သော ယထာကမ္မုပဂအဘိညာဉ်ဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အတိတ်ဖြစ်သော လောကီကုသိုလ်၊ အကုသိုလ်စေတနာကံတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အတိတ်ဖြစ်သော

လောကီကုသိုလ်၊ အကုသိုလ် စေတနာကံတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဥ္စမဈာန်စိတ်သည် အဘိညာဉ်ဈာန် ဇောကိစ္စတတ်၍တစ်ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အဘိညာဉ်ဈာန် ဇောဝိထိ စိတ်တို့သည် အတိတ်ဖြစ်သော လောကီကုသိုလ်၊ အကုသိုလ် စေတနာကံတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် ၅၊ ၆ ကြိမ်။ ဤဝိထိသည် အတိတ်ဖြစ်သော လောကီကုသိုလ်၊ အကုသိုလ် စေတနာကံတို့တွင် တစ်ပါးပါးကို အာရုံပြု၍ သိတတ်သော ယထာကမ္မူပဂ အဘိညာဉ်ဝိထိ မည်၏ဟူလိုသော်။ ထိုနောင် ပစ္စဝေက္ခဏာဝိထိ ဖြစ်ကုန်၏။

**ယထာကမ္မူပဂ အဘိညာဉ်ဝိထိ ပြီး၏။**

✧ ✧ ✧

# အနာဂတံသ အဘိညာဉ်ဝိထိ ဖြစ်ပုံ ပြခြင်း

(၁) သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ကာမရူပတိဟိတ် ပုထုဇဉ် သေက္ခပုဂ္ဂိုလ်သည် အနာဂတ်ဖြစ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်

စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါး တို့တွင် တစ်ပါးပါးကို သိလိုလတ်၍ ဝင်စားသော ပါဒကစျာန သမာပဇ္ဇန ဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အာလောက ကသိုဏ်းပညတ် ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ စျာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရ ကုသိုလ် ပဥ္စမစျာန်စိတ်သည် အပ္ပနာစျာန်ဇော ကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံ အားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာစျာန်ဇောဝိထိ စိတ်တို့သည် အာလောက ကသိုဏ်း ပညတ် ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မ နိမိတ်၊ ဂတိ နိမိတ် ၃ ပါး တို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသော စိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် အနာဂတ်ဖြစ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို သိလိုလတ်၍ ဝင်စားသော ပါဒကစျာန သမ္မာပဇ္ဇနဝိထိမည်၏ ဟူလိုသော်။

(၂) အနာဂတ်ဖြစ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့် စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါး

တို့တွင် တစ်ပါးပါးကို သိစေသတည်းဟု **"အနာဂတံ ခန္ဓံ ဇာနာမိ၊ အနာဂတံ ခန္ဓံ ဇာနာမိ"** ဟု အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ မဟာကုသိုလ်ဇော ၈ ခု တို့တွင် တစ်ခုခုသည် ဇောကိစ္စတတ်၍ ၇ ကြိမ်။ ထိုနောင် ဘဝင်ဖြစ် ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဇောဝိထိ စိတ်တို့သည် အဓိဋ္ဌာတဗ္ဗကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကြကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသော စိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသော စိတ် ၉ စိတ်၊ ဖြစ်စိတ် ၂ စိတ်၊ အကြိမ် ၈ ကြိမ်။ ဤဝိထိသည် အနာဂတ်ဖြစ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်စပ်သော အမည် အမျိုးပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို သိစေသတည်းဟု အဓိဋ္ဌာန်သော အဓိဋ္ဌာတဗ္ဗ ဝိထိမည်၏ဟူလိုသော်။

(၃) အဘိညာဉ်၏ အခြေကို တစ်ဖန်ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အာလောက ကသိုဏ်း ပညတ်မွှာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် အာလောက ကသိုဏ်း ပညတ်မွှာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အာလောက

ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်စိတ်သည် အပ္ပနာဇောကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန် ဇောဝီထိ စိတ်တို့သည် အာလောက ကသိုဏ်း ပညတ်ဓမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် အဘိညာဉ်၏ အခြေကို တစ်ဖန် ဝင်စားသော ပါဒကဈာန သမာပဇ္ဇနဝိထိမည်၏ ဟူလိုသော်။

(၄) အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ သိတတ်သော အနာဂတံသအဘိညာဉ် ဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အနာဂတ်၌ ဖြစ်လတ္တံ့သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍တစ်ကြိမ်။ ထိုနောင် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့် စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်စပ်သော

အမည်အမျိုး ပညတ်၊ နိဗ္ဗာန်ဟု ဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါး ပါးကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဥ္စမဈာန်စိတ်သည် အဘိညာဉ်ဈာန်ဇော ကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနော ဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အဘိညာဉ်ဈာန်ဇော ဝိထိစိတ်တို့သည် အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့ တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယ ဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ် ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် ၅၊ ၆ ကြိမ်။ ဤ ဝိထိသည် အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးနှင့်စပ်သော အမည်အမျိုးပညတ်၊ နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍သိတတ်သော အနာဂတံသ အဘိညာဉ် ဝိထိမည်၏ဟူလိုသော်။ ထိုနောင် ပစ္စဝေက္ခဏာဝိထိဖြစ်ကုန်၏။

**အနာဂတံသ အဘိညာဉ်ဝိထိ ပြီး၏။**

✧ ✧ ✧

# နိရောဓသမာပတ္တိဝိထိ ဖြစ်ပုံ ပြခြင်း

(၁) သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ကာမအနာဂါမ်ပုဂ္ဂိုလ်သည် နိရောဓသမာပတ်ကို ဝင်စားလို၍ ပဌမဈာနသမာပဇ္ဇန ဝိထိဖြစ်ဟန် ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် ၂၅ ပါးသော ပညတ်ဓမ္မာရုံတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော

မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် ၂၅ ပါးသော ပညတ်ဓမ္မာရုံတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထို့နောင် ၂၅ ပါးသော ပညတ်ဓမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပထမဈာန် စိတ်သည် အပ္ပနာဇော ကိစ္စတတ်၍ အကြိမ်များစွာ။ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာ ဈာန် ဇောဝိထိ စိတ်တို့သည် ၂၅ ပါးသော ပညတ် ဓမ္မာရုံတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသော စိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ကာမအနာဂါမ် ပုဂ္ဂိုလ်၏နိရောဓသမာပဇ္ဇနဝိထိ မည်၏ ဟူလိုသော်။

(၂) ပထမဈာန်၌ရှိသော သင်္ခါရကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာတင်၍ ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဝိထိ ဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ပထမဈာန်၌ရှိသော သင်္ခါရကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် သင်္ခါရကို အာရုံပြု၍ မဟာကုသိုလ်ဇော ၈ ခု တို့တွင် တစ်ခုခုသည် ဇောကိစ္စတတ်၍ ၇ ကြိမ်။ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဇောဝိထိ စိတ်တို့သည် ပထမဈာန်၌ရှိသော သင်္ခါရ

ကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသော စိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသော စိတ် ၉ စိတ်၊ ဖြစ်စိတ် ၂ စိတ်၊ အကြိမ် ၈ ကြိမ်။ ဤဝိထိသည် ပထမဈာန်၌ရှိသော သင်္ခါရကို အာရုံပြု၍ ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဝိထိ မည်၏ဟူလိုသော်။

(၃) သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော အနာဂါမ်ပုဂ္ဂိုလ်သည် နိရောဓသမာပတ်ကို ဝင်စားလိုလတ်သော် ဒုတိယဈာနသမာပဇ္ဇန ဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ၁၄ ပါးသော ပညတ်ခမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း စိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် ၁၄ ပါးသော ပညတ်ခမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် ပထမဒွေ တို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃ ကြိမ်၊ ၄ ကြိမ်။ ထိုနောင် ၁၄ ပါးသော ပညတ်ခမ္မာရုံကို အာရုံပြု၍ ဈာန်အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ဒုတိယဈာန်စိတ် သည် အပ္ပနာဇောကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင် ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဈာန် ဇောဝိထိ စိတ်တို့သည် ၁၄ ပါးသော ပညတ်ခမ္မာရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင် တို့သည် ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက် နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄

စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည် သမာပတ်ရစ်ပါးနှင့် ပြည့်စုံသော ကာမအနာဂါမ်ပုဂ္ဂိုလ်၏ နိရောဓ သမာပတ်ကို ဝင်စားသော ဒုတိယဈာနသမာပဇ္ဇန ဝိထိမည်၏ ဟူလို သော်။

(၄) ဒုတိယဈာန်၌ရှိသော သင်္ခါရကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာတင်၍ ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဝိထိ ဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် ဒုတိယဈာန်၌ ရှိသော သင်္ခါရကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ် သည် အာဝဇ္ဇန်းကိစ္စတတ်၍တစ်ကြိမ်။ ထိုနောင် သင်္ခါရကို အာရုံပြု၍ မဟာကုသိုလ်ဇော ၈ ခုတို့တွင် တစ်ခုခုသည် ဇောကိစ္စတတ်၍ ၇ ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဇောဝိထိစိတ်တို့သည် ဒုတိယဈာန်၌ရှိသော သင်္ခါရ ကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့် ကား အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်က ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက် နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၉ စိတ်၊ ဖြစ်စိတ် ၂ စိတ်၊ အကြိမ် ၈ ကြိမ်။ ဤဝိထိသည် ဒုတိယဈာန်၌ ရှိသော သင်္ခါရကို အာရုံပြု၍ ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဝိထိ မည်၏ဟူလိုသော်။

**မှာထားချက်စကားရပ်** ။ ။ တတိယဈာန်နှင့် စတုတ္ထ ဈာန်သည် ၁၄ ပါးသော ပညတ်ဓမ္မာရုံ၊ ဒုတိယဈာန်နှင့်တူ၏။ တတိယဈာန်မှာ တတိယဈာန်၌ရှိသော သင်္ခါရဆိုက ဈာန် အင်္ဂါ ၃ ပါး။ စတုတ္ထဈာန်မှာ စတုတ္ထဈာန်၌ ရှိသော သင်္ခါရ ဆိုက ဈာန်အင်္ဂါ ၂ ပါးသာရ၏။ ထို့ပြင် အထူးမရှိ။ အမည် ပြောင်းရုံသာ ထူးတော့၏။

ပဥ္စမစျာန်သည် ၁၂ ပါးသော ပညတ်ဓမ္မာရုံ။ ပဥ္စမစျာန်၌ရှိသော သင်္ခါရဆိုက စျာန်အင်္ဂါ ၂ ပါးသာ ထူး၏။ ဝိထိဆိုလျှင် ဖြစ်ကောင်းပါပြီဖြစ်၍ မရေးတော့ပြီ။တတိယစျာန် ၂ ဝိထိ၊ စတုတ္ထစျာန် ၂ ဝိထိ၊ ပဥ္စမစျာန် ၂ ဝိထိ ပြီး၏။

## အရူပါဝစရ စျာနဝိထိ ဖြစ်ပုံ ပြခြင်း

အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန ဝိထိတို့သည် ၂ ဝိထိစီ ဆိုလေ မထူးတော့ပြီ။ ထူးသမျှကိုသာ ပြဆိုပါအံ့။

**"နာနာဗဒ္ဓ အဝိကောပနံ အဓိဋ္ဌာတဗ္ဗံ။ တဒါ ဝုဍ္ဍှာမိတိဝါ သံဃပ္ပတိမာနနံ အဓိဋ္ဌာတဗ္ဗံ။ ဇဝံ သတ္ထုပက္ကောသနံပိ။ အဒ္ဓါနပရိစ္ဆေဒေါ"**[၃] ဟု မိမိနှင့်စပ်သောကျောင်း အစရှိသော ပစ္စည်းများကို မပျက်ပြားစေသတည်းဟု အဓိဋ္ဌာန်ခြင်း၊ သံဃာတော်တို့ မြတ်နိုးတောင့်တသော အခါ ထနိုင်စေသတည်းဟု အဓိဋ္ဌာန်ခြင်း၊ ဘုရားမြတ်စွာ ခေါ်တော်မူရာ ထနိုင်စေသတည်းဟု အဓိဋ္ဌာန်ခြင်း၊ ရက်အပိုင်းအခြား မှတ်သား၍ ထနိုင်စေသတည်းဟု အဓိဋ္ဌာန်ခြင်း။ ဤသို့ ၄ ပါးသော ပုဗ္ဗကိစ္စတို့ကို ပြုပြီး၍ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ အစဉ်ဖြစ်ခြင်းမှ ပြတ်ငြိမ်းကြောင်းဖြစ်သော နေဝသညာ နာသညာယတန စျာန ဝိထိ ဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် အတိတ်ဖြစ်သော အာကိဉ္စညာယတန မဟဂ္ဂုတ်ဓမ္မာရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် မဟဂ္ဂုတ် ဓမ္မာရုံကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေး တို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူ၍ ၃–ကြိမ်၊ ၄–ကြိမ်။ ထိုနောင် မဟဂ္ဂုတ် ဓမ္မာရုံကို အာရုံပြု၍ နေဝသညာ နာသညာယတန ကုသိုလ်စျာန်ဇောစိတ်တို့သည် အပ္ပနာ

[၃]။ အနုဒီပနီပါဠိ၊ စာ –၃၂၀။

ဓောကိစ္စ တတ်၍ ၂ ကြိမ်။ ထိုနောင် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့သည် အစဉ်ဖြစ်ခြင်းမှပြတ်၍ ကာမဘုံအားလျော်စွာ ၇ ရက်ပတ်လုံး ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့သည် အစဉ်မပြတ် ဖြစ်ကုန်၏။

၇-ရက်စေ့၍ နိရောဓ သမာပတ်မှ ထသောအခါ နိဗ္ဗာန်ကို အာရုံပြု၍ အနာဂါမိဖိုလ်တစ်ကြိမ်။ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အပ္ပနာဇောဝိထိ စိတ်တို့သည် အတိတ်ဖြစ်သော အာကိဉ္စညာယတန မဟဂ္ဂုတ်ဈာန်ကို အာရုံပြုကုန်၏။ အနာဂါမိဖိုလ် ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အနာဂါမိဖိုလ်စိတ်သည် မိမိ၏ရှေ့ စိတ္တက္ခဏ တစ်ချက်ခန့်က ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို အနာဂါမိဖိုလ် စိတ်က မှီပါသည်။ အနာဂါမိဖိုလ်စိတ်မှ ကြွင်းသော အလုံးစုံသော ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်၏ ဥပါဒ်ကဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီသည်။ ဤဝိထိ၌ ဖြစ်ကောင်းသော စိတ် ၄ စိတ်၊ ဖြစ်စိတ် ၃ စိတ်၊ အကြိမ် ၇ ကြိမ်။ ဤဝိထိသည် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ အစဉ်ဖြစ်ခြင်းမှ ပြတ်၍ ကမ္မဇရုပ်၊ ဥတုဇ ရုပ်၊ အာဟာရဇရုပ်တို့၏ အစဉ်မပြတ်ဖြစ်ခြင်းသည် နိရောဓသမာပတ္တိ ဝိထိမည်၏ ဟူလိုသော်။

[ ဤကား နိရောဓသမာပတ် ဝင်စားခြင်းနှင့် ထခြင်းကို တွဲစပ်၍ ပြပုံတည်း။ ]

ရဟန္တာပုဂ္ဂိုလ်ဖြစ်က ကြိယာဇော၊ အရဟတ္တဖိုလ်ဆိုရခြင်းသာ ထူးတော့၏။ ရူပအနာဂါမ်၊ ရဟန္တာဖြစ်က ပုဗ္ဗကိစ္စ ၄ ပါးကို မပြုရခြင်း၊

ရက်အပိုင်းအခြား အရေအတွက်မရှိခြင်း ဤမျှသာထူးသည်။ အကြွင်းမှာ ကာမအနာဂါမ်၊ ရဟန္တာနှင့် အတူဆိုလေ။

**နိရောဓသမာပတ္တိဝိထိ ပြီး၏။**

✧ ✧ ✧

# မရဏာသန္နဝိထိ ဖြစ်ပုံ ပြခြင်း

ထင်ရှားရှိသော ဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ အဆုံး စုတိနောင် ကာမပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခုဖြင့် ပဋိသန္ဓေ နေလတ္တံ့သောပုဂ္ဂိုလ်အား (၆) ဒွါရဖြင့်ကျ၍ သေကောင်း၏။ ထို (၆) ပါးသော ဒွါရတို့တွင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ စက္ခုဒွါရ မရဏာသန္နဝိထိ ဖြစ်လိုလတ်သော် တဒါရုံနောင်စုတိ။ တဒါရုံ နောင် ဘဝင်၊ ဘဝင်နောင်စုတိ။ ဇောနောင်စုတိ။ ဇောနောင်ဘဝင်၊ ဘဝင်နောင် စုတိအားဖြင့် ၄ ပါး အပြားရှိ၏။

ထို ၄ ပါးတို့တွင် ပစ္စုပ္ပန်ရူပါရုံကမ္မ နိမိတ်ကို အာရုံပြု၍ တဒါရုံ နောင်စုတိဖြစ်သော စက္ခုဒွါရ မရဏာသန္န ဝိထိ ဖြစ်ဟန်ကား မိမိ ပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ် သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါး တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်ဘဝင်၊ အတီတဘဝင်၊ ဘဝင် စလန၊ ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ပဉ္စဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ် ကိုလည်းကောင်း အာရုံပြု၍ စက္ခုဝိညာဏ်ဒွေတို့တွင် တစ်ခုခု တစ်ကြိမ်။ ထိုနောင် ပစ္စုပ္ပန်ရူပါရုံကမ္မနိမိတ်ကို လည်းကောင်း အာရုံပြု၍ သမ္ပဋိစ္ဆိုန်းဒွေတို့တွင် တစ်ခုခုတစ်ကြိမ်။ ထိုနောင် ပစ္စုပ္ပန်ရူပါရုံ

ကမ္မနိမိတ်ကိုလည်းကောင်း အာရုံပြု၍ သန္တီရဏ ၃ ခု တို့တွင် တစ်ခုခုတစ်ကြိမ်။ ထိုနောင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကိုလည်း ကောင်း အာရုံပြု၍ ဝုဋ္ဌောတစ်ကြိမ်။ ထိုနောင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ် ကို လည်းကောင်း အာရုံပြု၍ ကာမကုသိုလ်၊ အကုသိုလ်ဇော (၂၀) တို့တွင် တစ်ခုခု မရဏာသန္နဇော (၅) ကြိမ်။ ထိုနောင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကိုလည်းကောင်း အာရုံပြု၍ တဒါရုံ ဇကောဒသတို့တွင် တစ်ခုခု တဒါရုံကိစ္စတတ်၍ (၂) ကြိမ်။ ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ စုတိကိစ္စတတ်၍ တစ်ကြိမ်။

ထိုနောင်များသောအားဖြင့် ဘဝတစ်ပါးက စက္ခုဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာမပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခုသည် ပဋိသန္ဓေ ကိစ္စတတ်၍တစ်ကြိမ်။ ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် ဘဝတစ်ပါးက စက္ခုဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ဖြစ်သော ရူပါရုံကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင် (၁၆)။ ထိုနောင် ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်ဟု ဆိုအပ်သော ဘဝသစ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထိုနောင် ဝိပါက် နာမက္ခန္ဓာကဋတ္တာရုပ် ဟု ဆိုအပ်သော ဘဝသစ်ကိုလည်းကောင်း အာရုံပြု၍ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်။ ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် ဘဝတစ်ပါးက စက္ခုဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ချုပ်၏။

အချုပ်ကား အတီတ ဘဝင်စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်သည် ပဋိသန္ဓေစိတ်၏ဘင်မှာ ချုပ်၏။ ဘဝဟောင်း၌ အာရုံအားဖြင့်ကား ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီ ရဏ၊ ဝုဋ္ဌော၊ မရဏာသန္နဇော (၅) ကြိမ်၊ တဒါရုံ (၂) ကြိမ်တို့သည် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ မိမိပဋိသန္ဓေစိတ်နှင့် တူ သော ရှေ့ဘဝင် စုတိစိတ်တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ် သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။

ဘဝသစ်၌ အာရုံအားဖြင့်ကား ပဋိသန္ဓေစိတ်သည် များသော အားဖြင့် ဘဝတစ်ပါးက စက္ခုဒွါရဖြင့် မရဏာသန္န ဇောသည် ယူအပ် ပြီးသော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ပဋိသန္ဓေနောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင် ၁၆။ ဘဝ နိကန္တိက လောဘဇော နောင်ဘဝင်တို့သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသော အားဖြင့် ဘဝတစ်ပါးက စက္ခုဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီး သော အတိတ်ရူပါရုံ ကာမနိမိတ်ကို အာရုံပြုကုန်၏။ မနောဒွါရာ ဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ၇ ကြိမ်တို့သည် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟုဆိုအပ်သော ဘဝသစ်ကို အာရုံပြုကုန်၏။

ဘဝဟောင်း၌ အမှီအားဖြင့်ကား စက္ခုဝိညာဏ်စိတ်သည် စုတိ စိတ်မှပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော အတီတ ဘဝင်၏ ရှေးပထမဘဝင်၏ ဥပါဒ်မှဖြစ်ခဲ့သော စက္ခုပသာဒရုပ်တစ်ခု ကိုသာ စက္ခုဝိညာဏ်စိတ်က မှီ၏။ တစ်နည်းကား– စက္ခုဝိညာဏ် စိတ်သည် စက္ခုဝတ္ထုရုပ်ကို မှီပါသည်။ စက္ခုဝတ္ထုရုပ်ကို မှီ၏ဟုဆိုသော် စက္ခုဝိညာဏ်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည် ရှိသော် (၁၈) ချက်မြောက်သော တေရသမ ဘဝင်စိတ်၏ ဌီမှစ၍

စုတိစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော အတီတ ဘဝင်စိတ်၏ ရှေးပထမ ဘဝင်စိတ်၏ ဥပါဒ်တိုင်အောင် ခဏငယ် (၃၆) ချက်အတွင်း၌ ခဏတိုင်း ခဏတိုင်း စက္ခုပသာဒရုပ်ဖြစ်၍ စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ စက္ခုပသာဒရုပ်ပေါင်း (၃၆) ရုပ် ပေါင်းဆုံမိပါသည်။ ၎င်း (၃၆) ရုပ်လုံးကို အကုန်မှီသလော။ အကုန်မမှီပါ။

စက္ခုဝိညာဏ်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၁၈) ချက်မြောက်သော တေရသမ ဘဝင်စိတ်၏ ဌီမှ ဖြစ်ခဲ့သော စက္ခုပသာဒရုပ်ကို စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဘင်ရုပ်ဖြစ်၍ အသေဖြစ်သောကြောင့် စက္ခုဝိညာဏ်စိတ်က မမှီပါ။ ဌီသို့ရောက်သော စက္ခုပသာဒရုပ်ကိုသာ စက္ခုဝိညာဏ်စိတ်က မှီပါသည်။ ဌီသို့ရောက်သော စက္ခုပသာဒရုပ်ကို စက္ခုဝိညာဏ်စိတ်က မှီ၏ဟု ဆိုသော်လည်း စက္ခုဝိညာဏ်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၁၈) ချက်မြောက်သော တေရသမ ဘဝင်စိတ်၏ ဘင်မှစ၍ စုတိစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သော အတီတဘဝင်စိတ်၏ ရှေးပထမဘဝင်စိတ်၏ ဥပါဒ်တိုင်အောင် ခဏငယ် (၃၅) ချက်အတွင်း၌ ဖြစ်ခဲ့သော စက္ခုပသာဒရုပ်တို့သည် စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ရောက်သော စက္ခုပသာဒရုပ် (၃၅) ခု ဖြစ်ပါသည်။ ၎င်းဌီသို့ရောက်သော စက္ခုပသာဒရုပ် (၃၅) ခုလုံးကို အကုန်မှီသလော။ အကုန်မမှီပါ။ စက္ခုဝိညာဏ်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၁၈) ချက်မြောက်သော တေရသမ ဘဝင်စိတ်၏ ဘင်မှစ၍ စုတိစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၁၈) ချက်မြောက်သော ပထမဘဝင်

စိတ်၏ရှေး ဒုတိယဘဝင်စိတ်၏ ဘင်တိုင်အောင် ခဏငယ် (၃၄) ချက်၌ ဖြစ်ခဲ့သော မန္ဒာယုက စက္ခုပသာဒရုပ် (၃၄) ခုကို စက္ခုဝိညာဏ် စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ငြိသို့ရောက်သော စက္ခုပသာဒရုပ် ဖြစ်သော်လည်း စက္ခုဝိညာဏ်စိတ်က မမှီပါ။ စုတိစိတ်မှ ပဋိလောမ အားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သော အတီတဘဝင်စိတ်၏ရှေး ပထမဘဝင်စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော မဇ္ဈိမာယုတ စက္ခုပသာဒရုပ်တစ်ခုကိုသာ စက္ခုဝိညာဏ်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ငြိသို့ရောက်သော စက္ခုပသာဒရုပ်ဖြစ်၍ စက္ခုဝိညာဏ် စိတ်က မှီပါသည်။ စက္ခုဝိညာဏ်စိတ်မှကြွင်းသော စုတိစိတ်မှပြန်၍ ရေသည်ရှိသော် တစ်ဆယ့်ခြောက်ချက်မြောက်သော အတီတဘဝင်မှ စ၍ စုတိတိုင်အောင်သော စိတ်တို့သည် စုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက်သော ပထမဘဝင်စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ဟဒယ ဝတ္ထုရုပ်တစ်ခုကိုသာ မှီကုန်၏။

တစ်နည်းကား မရဏာသန္နပထမဇောစိတ်သည် ဟဒယဝတ္ထု ရုပ်ကို မှီပါသည်။ ဟဒယဝတ္ထုရုပ်ကိုမှီ၏ဟုဆိုသော် မရဏာသန္န ပထမဇောစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိ သော် (၁၈) ချက်မြောက်သော နဝမဘဝင်စိတ်၏ ငြိမှစ၍ စုတိစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၁၇) ချက် မြောက်သော အတီတဘဝင်စိတ်၏ရှေး ပထမဘဝင် စိတ်၏ ဥပါဒ် တိုင်အောင် ခဏငယ် (၂၄) ချက်၌ ခဏတိုင်း ခဏတိုင်း ဟဒယဝတ္ထု ရုပ်ဖြစ်၍ မရဏာသန္နပထမဇောစိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဟဒယဝတ္ထုရုပ်ပေါင်း (၂၄) ရုပ် ပေါင်းဆုံမိပါသည်။ ၎င်း (၂၄) ရုပ် လုံးကို အကုန်မှီသလော။ အကုန်မမှီပါ။

မရဏာသန္နပထမဇောစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း

ပြန်၍ ရေသည်ရှိသော် (၁၈) ချက်မြောက်သော နဝမဘဝင်စိတ်၏ ဌီမှဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို မရဏာသန္နပထမဇောစိတ်၏ ဉပါဒ်သို့ ရောက်သောအခါ ဘင်ရပ်ဖြစ်၍ အသေဖြစ်သောကြောင့် မရဏာသန္နပထမဇောစိတ်က မမှီပါ။ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ကိုသာ မရဏာသန္န ပထမ ဇောစိတ်က မှီပါသည်။ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ကို မရဏာသန္န ပထမဇောစိတ်က မှီ၏ဟုဆိုသော် မရဏာသန္နပထမဇောစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၁၈) ချက်မြောက်သော နဝမဘဝင်စိတ်၏ ဘင်မှစ၍ စုတိစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော အတီတဘဝင်စိတ်၏ ရှေးပထမဘဝင်စိတ်၏ ဉပါဒ်တိုင်အောင် ခဏငယ် (၂၃) ချက်၌ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်တို့သည် မရဏာသန္န ပထမဇောစိတ်၏ ဉပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ် (၂၃) ခု ဖြစ်ပါသည်။ ၎င်းဌီသို့ရောက်သော ဟဒယဝတ္ထုရုပ် (၂၃) ခုလုံးကို အကုန်မှီသလော။ အကုန်မမှီပါ။ မရဏာသန္န ပထမ ဇောစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၁၈) ချက်မြောက်သော နဝမဘဝင်စိတ်၏ ဘင်မှစ၍ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၈) ချက်မြောက်သော ပထမဘဝင်၏ ရှေးဒုတိယဘဝင်စိတ်၏ ဘင်တိုင်အောင် ခဏငယ် ၂၂ ချက်၌ ဖြစ်ခဲ့သော မန္ဒာယုက ဟဒယဝတ္ထုရုပ် (၂၂) ခုကို မရဏာသန္န ပထမဇောစိတ် ဉပါဒ်သို့ ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်သော်လည်း မရဏာသန္န ပထမဇောစိတ်က မမှီပါ။ စုတိစိတ်မှ ပဋိလောမ အားဖြင့် အစဉ်အတိုင်းပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သော အတီတဘဝင်စိတ်၏ ရှေးပထမဘဝင်စိတ်၏ ဉပါဒ်မှဖြစ်ခဲ့သော မဇ္ဈိမာယုက ဟဒယဝတ္ထု

ရုပ်ကိုသာ မရဏာသန္န ပထမဇောစိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ငြီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်၍ မရဏာသန္န ပထမဇောစိတ်က မှီပါသည်။

ဤသို့ စက္ခုဝိညာဏ်မှကြွင်းသော စုတိစိတ်မှ ပြန်၍ရေသည် ရှိသော် (၁၆) ချက်မြောက်သော အတီတဘဝင်စိတ်မှစ၍ စုတိတိုင် အောင်သော စိတ်တို့သည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇) ချက် မြောက်သော ပထမဘဝင်စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို သာ မှီကုန်၏။ ဘဝသစ်၌ အမှီအားဖြင့်ကား ပဋိသန္ဓေစိတ်သည် မိမိ နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီ၏။ ပဋိသန္ဓေ နောင် ပထမ ဘဝင်အစရှိသော အလုံးစုံသော နောက်နောက်သော စိတ်တို့သည် ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ဟဒယ ဝတ္ထုရုပ်ကို မှီကုန်၏။ တစ်နည်းအကျယ်ကား– ပထမဘဝင်စိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီပါသည်။ ဟဒယဝတ္ထုရုပ်ကို မှီ၏ဟုဆိုသော် ပထမဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည် ရှိသော် ၂ ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ပထမဘဝင် စိတ်၏ ဥပါဒ်တိုင်အောင် ခဏငယ် ၄ ချက်အတွင်း၌ ခဏတိုင်း ခဏ တိုင်း ဟဒယဝတ္ထုရုပ်ဖြစ်၍ ပထမဘဝင်စိတ်၏ ဥပါဒ်သို့ ရောက်သော အခါ ဟဒယဝတ္ထုရုပ်ပေါင်း (၄) ရုပ် ပေါင်းဆုံမိပါ သည်။ ၎င်း (၄) ရုပ်လုံးကို အကုန်မှီသလော။ အကုန်မမှီပါ။

၎င်းပထမဘဝင်စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထု ရုပ်ကိုလည်း ဖြစ်စ ဥပါဒ်ရုပ်ဖြစ်၍ နုသောကြောင့် ပထမဘဝင်စိတ်က မမှီပါ။ ငြီသို့ရောက်သော ဟဒယဝတ္ထုရုပ်ကိုသာ ပထမဘဝင်စိတ်က မှီပါသည်။ ငြီသို့ရောက်သော ဟဒယဝတ္ထုရုပ်ကို ပထမဘဝင်စိတ်က မှီ၏ဟုဆိုသော် ပထမဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း

ပြန်၍ ရေသည်ရှိသော် (၂) ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ စ၍ ၎င်းပဋိသန္ဓေစိတ်၏ ဘင်တိုင်အောင် ခဏငယ် (၃) ချက်၌ ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်တို့သည် ပထမဘဝင်စိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ် (၃) ခု ဖြစ်ပါသည်။ ၎င်း ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ် (၃) ခုလုံးကို အကုန်မှီသလော။ အကုန်မမှီပါ။

ပထမဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် ၂ ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဌီနှင့်ဘင်မှ ဖြစ်ခဲ့သော အမန္တာယုက ဟဒယဝတ္ထုရုပ် ၂ ခုကို ပထမဘဝင်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်သော်လည်း ပထမဘဝင်စိတ်က မမှီပါ။ ပထမဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် ၂ ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ ဖြစ်ခဲ့သော မဇ္ဈိမာယုက ဟဒယဝတ္ထုရုပ်တစ်ခုကိုသာ ပထမဘဝင်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်၍ ပထမဘဝင်စိတ်က မှီပါသည်။ ဒုတိယဘဝင်စိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီပါသည်။ ဟဒယဝတ္ထုရုပ်ကို မှီ၏ဟုဆိုသော် ဒုတိယဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် ၃ ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဒုတိယဘဝင်စိတ်၏ ဥပါဒ်တိုင်အောင် ခဏငယ် (၇) ချက်၌ ခဏတိုင်း ခဏတိုင်း ဟဒယဝတ္ထုရုပ်ဖြစ်၍ ဒုတိယဘဝင်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဟဒယဝတ္ထုရုပ်ပေါင်း (၇) ရုပ် ပေါင်းဆုံမိပါသည်။ ၎င်း (၇) ရုပ်လုံး အကုန်မှီသလော။ အကုန်မမှီပါ။

၎င်းဒုတိယဘဝင်စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုရုပ်ကို ဖြစ်စ ဥပါဒ်ရုပ်ဖြစ်၍ နေသောကြောင့် ဒုတိယဘဝင်စိတ်က

မမှီပါ။ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ကိုသာ ဒုတိယဘဝင်စိတ်က မှီပါသည်။ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ကို ဒုတိယဘဝင်စိတ်က မှီ၏ဟုဆိုသော် ဒုတိယဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၃) ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဒုတိယဘဝင်စိတ်၏ရှေး ပထမဘဝင်စိတ်၏ ဘင်တိုင်အောင် ခဏငယ် ၆ ချက်၌ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်တို့သည် ဒုတိယဘဝင်စိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ် ၆ ခု ဖြစ်ပါသည်။ ၎င်း ၆ ခုလုံးကို အကုန်မှီသလော။ အကုန်မမှီပါ။

ဒုတိယဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် ၃ ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ၎င်းပဋိသန္ဓေစိတ်၏ ဘင်တိုင်အောင် ခဏငယ် ၃ ချက်၌ဖြစ်ခဲ့သော မန္ဒာယုက ဟဒယဝတ္ထုရုပ် ၃ ခုကို ဒုတိယဘဝင်စိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ် ဖြစ်သော်လည်း ဒုတိယဘဝင်စိတ်က မမှီပါ။ ဒုတိယဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် ၂ ချက်မြောက်သော ပထမဘဝင်စိတ်၏ ဌီနှင့်ဘင်မှဖြစ်ခဲ့သော အမန္ဒာယုက ဟဒယဝတ္ထုရုပ် ၂ ခုကို ဒုတိယဘဝင်စိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်သော်လည်း ဒုတိယဘဝင်စိတ်က မမှီပါ။ ဒုတိယဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် ၂ ချက်မြောက်သော ပထမဘဝင်စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော မဇ္ဈိမာယုက ဟဒယဝတ္ထုရုပ်တစ်ခုကိုသာ ဒုတိယဘဝင်စိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်၍ ဒုတိယဘဝင်စိတ်က မှီပါသည်။ သောဠသမ ဘဝင်စိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီပါသည်။ ဟဒယဝတ္ထုရုပ်ကို မှီ၏ဟုဆိုသော် သောဠသမ ဘဝင်စိတ်

မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ သောဠသမဘဝင်စိတ်၏ ဥပါဒ်တိုင်အောင် ခဏငယ် ၄၉ ချက်အတွင်း၌ ခဏတိုင်း ခဏတိုင်း ဟဒယဝတ္ထုရုပ်ဖြစ်၍ သောဠသမဘဝင် စိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဟဒယဝတ္ထုရုပ်ပေါင်း (၄၉) ခု ပေါင်းဆုံမိပါသည်။ ၎င်း ၄၉ ခုလုံးကို အကုန်မှီသလော။ အကုန်မမှီပါ။

၎င်းသောဠသမဘဝင်စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုရုပ်ကိုလည်း ဖြစ်စ ဥပါဒ်ရုပ်ဖြစ်၍ နုသောကြောင့် သောဠသမဘဝင်စိတ်ကမမှီပါ။ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ကိုသာ သောဠသမ ဘဝင်စိတ်က မှီပါသည်။ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ကို သောဠသမဘဝင်စိတ်က မှီ၏ဟုဆိုသော် သောဠသမ ဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ သောဠသမဘဝင်စိတ်၏ ရှေးပန္နရသမဘဝင်စိတ်၏ ဘင်တိုင်အောင် ခဏငယ် (၄၈) ချက်၌ ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်တို့သည် သောဠသမ ဘဝင်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ် (၄၈) ခု ဖြစ်ပါသည်။ ၎င်းဌီသို့ရောက်သော ဟဒယဝတ္ထုရုပ် (၄၈) ခုလုံး အကုန်မှီသလော။ အကုန်မမှီပါ။

သောဠသမဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ပန္နရသမဘဝင်စိတ်၏ရှေး စုဒ္ဒသမဘဝင်စိတ်၏ ဘင်တိုင်အောင် ခဏငယ် (၄၅) ချက်တို့၌ဖြစ်ခဲ့သော မန္ဒာယုက ဟဒယဝတ္ထုရုပ် (၄၅) ခုကို သောဠသမဘဝင်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ် ဖြစ်သော်လည်း သောဠသမ ဘဝင်

စိတ်က မမှီပါ။ သောဠသမဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၂) ချက်မြောက်သော သောဠသမဘဝင်စိတ်၏ရှေး ပန္နရသမဘဝင်စိတ်၏ ဌီနှင့် ဘင်မှဖြစ်ခဲ့သော အမန္ဒာယုက ဟဒယဝတ္ထုရုပ်(၂) ခုကို သောဠသမ ဘဝင်စိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်သော်လည်း သောဠသမဘဝင်စိတ်က မမှီပါ။ သောဠသမ ဘဝင်စိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် ၂ ချက်မြောက်သော ပန္နရသမ ဘဝင်စိတ်၏ ဥပါဒ်မှ ဖြစ်ခဲ့သော မဇ္ဈိမာယုက ဟဒယဝတ္ထုရုပ်တစ်ခုကိုသာ သောဠသမ ဘဝင်စိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်၍ သောဠသမ ဘဝင်စိတ်က မှီပါသည်။

မနောဒွါရာဝဇ္ဇန်းစိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီပါသည်။ ဟဒယဝတ္ထုရုပ်ကို မှီ၏ဟုဆိုသော် မနောဒွါရာဝဇ္ဇန်းစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၁၈) ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဌီမှစ၍ မနောဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်တိုင်အောင် ခဏငယ် (၅၁) ချက်၌ ခဏတိုင်း ခဏတိုင်း ဟဒယဝတ္ထုရုပ်ဖြစ်၍ မနောဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဟဒယဝတ္ထုရုပ်ပေါင်း (၅၁) ရုပ် ပေါင်းဆုံမိပါသည်။ ၎င်း (၅၁) ရုပ်လုံးကို အကုန်မှီသလော။ အကုန်မမှီပါ။

မနောဒွါရာဝဇ္ဇန်းစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ ရေသည်ရှိသော် (၁၈) ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဌီမှ ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို မနောဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဘင်ရုပ်ဖြစ်၍ အသေဖြစ်သောကြောင့် မနောဒွါရာဝဇ္ဇန်းစိတ်က မမှီပါ။ ၎င်းမနောဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်ခဏ၌ဖြစ်

သော ဟာဒယဝတ္ထုရုပ်ကိုလည်း ဖြစ်စ ဥပါဒ်ရုပ်ဖြစ်၍ နေသောကြောင့် မနောဒွါရာဝဇ္ဇန်းစိတ်က မမှီပါ။ ဌီသို့ရောက်သော ဟာဒယဝတ္ထုရုပ်ကိုသာ မနောဒွါရာဝဇ္ဇန်းစိတ်က မှီပါသည်။ ဌီသို့ရောက်သော ဟာဒယဝတ္ထုရုပ်ကို မနောဒွါရာဝဇ္ဇန်းစိတ်က မှီ၏ဟုဆိုသော် မနောဒွါရာဝဇ္ဇန်းစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၁၈) ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဘင်မှစ၍ မနောဒွါရာဝဇ္ဇန်းစိတ်၏ ရှေး သောဠသမဘဝင်စိတ်၏ ဘင်တိုင်အောင် ခဏငယ် (၄၉) ချက်၌ ဖြစ်ခဲ့သော (၄၉) ခုသော ဟာဒယဝတ္ထုရုပ်တို့သည် မနောဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော ဟာဒယဝတ္ထုရုပ် (၄၉) ခု ဖြစ်ပါသည်။ ၎င်း (၄၉) ခုလုံးကို အကုန်မှီသလော။ အကုန်မမှီပါ။

မနောဒွါရာဝဇ္ဇန်းစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် (၁၈) ချက်မြောက်သော ပဋိသန္ဓေစိတ်၏ ဘင်မှစ၍ သောဠသမဘဝင်စိတ်၏ရှေး ပန္နရသမဘဝင်စိတ်၏ ဘင်တိုင်အောင် ခဏငယ် (၄၆) ချက်၌ဖြစ်ခဲ့သော မန္ဒာယုက ဟာဒယဝတ္ထုရုပ် (၄၆) ခုကို မနောဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ဌီသို့ ရောက်သော ဟာဒယဝတ္ထုရုပ် ဖြစ်သော်လည်း မနောဒွါရာဝဇ္ဇန်းစိတ်က မမှီပါ။ မနောဒွါရာဝဇ္ဇန်းစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်း ပြန်၍ရေသည်ရှိသော် (၂) ချက်မြောက်သော သောဠသမ ဘဝင်စိတ်၏ ဌီနှင့် ဘင်မှဖြစ်ခဲ့သော အမန္ဒာယုက ဟာဒယဝတ္ထုရုပ် (၂) ခုကို မနောဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်သို့ရောက်သောအခါ ဌီသို့ရောက်သော ဟာဒယဝတ္ထုရုပ်ဖြစ်သော်လည်း မနောဒွါရာဝဇ္ဇန်းစိတ်က မမှီပါ။ မနောဒွါရာဝဇ္ဇန်းစိတ်မှ ပဋိလောမအားဖြင့် အစဉ်အတိုင်းပြန်၍ ရေသည်ရှိသော် ၂ ချက်မြောက်သော သောဠသမဘဝင်စိတ်၏ ဥပါဒ်မှ ဖြစ်ခဲ့

သော မဇ္ဈိမာယုက ဟဒယဝတ္ထုရုပ် တစ်ခုကိုသာ မနောဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်သို့ ရောက်သောအခါ ငြီသို့ရောက်သော ဟဒယဝတ္ထုရုပ်ဖြစ်၍ မနောဒွါရာဝဇ္ဇန်းစိတ်က မှီပါသည်။

ဤသို့ ဘဝသစ်၌ ပဋိသန္ဓေနောင် ပထမဘဝင်အစရှိသော အလုံးစုံသော နောက်နောက်သောစိတ်တို့သည် ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်၏ ဥပါဒ်မှဖြစ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ ဤဝိထိသည်ကား ပစ္စုပ္ပန် ရူပါရုံကမ္မနိမိတ်ကို အာရုံပြု၍ တဒါရုံနောင်စုတိဖြစ်သော စက္ခုဒွါရမရဏာသန္နဝိထိမည်၏ ဟူလိုသော်။ ကြွင်းသော (၃) ဝိထိတို့ကိုလည်း ဤနည်းကိုမှီ၍ဆိုလေ။

အထူးကား တဒါရုံနောင် ဘဝင်၊ ဘဝင်နောင် စုတိဖြစ်အံ့ အတီတဘဝင်ဥပါဒ်မှ ဖြစ်ခဲ့သော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်သည် စုတိစိတ်၏ဘင်မှာ ချုပ်ပါသည်။ ပဋိသန္ဓေစိတ်သည် အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ဇောနောင် စုတိဖြစ်အံ့ အတီတဘဝင် ဥပါဒ်မှဖြစ်ခဲ့သော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်သည် ပဋိသန္ဓေနောင် ဒုတိယဘဝင်စိတ်၏ ဘင်မှာချုပ်၏။ ပဋိသန္ဓေ ဘဝင် (၂) ချက်တို့သည် အတီတဘဝင် ဥပါဒ်မှဖြစ်ခဲ့သော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ဇောနောင်ဘဝင်၊ ဘဝင်နောင်စုတိဖြစ်အံ့ အတီတဘဝင်စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ပစ္စုပ္ပန်ရူပါရုံကမ္မ နိမိတ်သည် ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ ဘင်မှာ ချုပ်၏။ ပဋိသန္ဓေ ဘဝင် တစ်ချက်တို့သည် အတီတဘဝင် ဥပါဒ်မှဖြစ်ခဲ့သော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ဤကား အထူးတည်း။ ဤကား ပစ္စုပ္ပန်ရူပါရုံကမ္မနိမိတ်ကို အာရုံပြု၍ စက္ခုဒွါရ မရဏာသန္န (၄) ဝိထိ ဖြစ်ဟန်တည်း။

ဤနည်းအတူ ပစ္စုပ္ပန်သဒ္ဒါရုံကမ္မနိမိတ်ကို အာရုံပြု၍ သောတ

ဒွါရ မရဏာသန္န (၄) ဝိထိ၊ ပစ္စုပ္ပန်ဂန္ဓာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဃာနဒွါရ မရဏာသန္န (၄) ဝိထိ၊ ပစ္စုပ္ပန်ရသာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဇိဝှါဒွါရ မရဏာသန္န (၄) ဝိထိ၊ ဖောဋ္ဌဗ္ဗာရုံ (၃) ခုတို့တွင် ပစ္စုပ္ပန်ပထဝီ ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာယဒွါရ မရဏာသန္န (၄) ဝိထိ၊ ပစ္စုပ္ပန်တေဇောဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာယဒွါရ မရဏာသန္န (၄) ဝိထိ၊ ပစ္စုပ္ပန် ဝါယောဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာယဒွါရ မရဏာသန္န (၄) ဝိထိစီ ဖြစ်ကုန်၏။ ဤကား ပဉ္စမဒွါရ မရဏာသန္နဝိထိဖြစ်ဟန်တည်း။

ထို့နောင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကိုအာရုံပြု၍ မနောဒွါရ မရဏာသန္နဝိထိဖြစ်လိုလတ်သော် တဒါရုံနောင်စုတိ (လ) အားဖြင့် (၄) ပါး အပြားရှိ၏။ ထို (၄) ပါးတို့တွင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ တဒါရုံနောင်စုတိဖြစ်သော မနောဒွါရ မရဏာသန္နဝိထိ ဖြစ်ဟန်ကား မိမိ ပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေ စိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် ပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာမကုသိုလ်၊ အကုသိုလ်ဇော ၂၀ တို့တွင် တစ်ခုခု မရဏာသန္နဇော ၅ ကြိမ်။ ထို့နောင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို လည်းကောင်း အာရုံပြု၍ တဒါရုံဇကာဒသတို့တွင် တစ်ခုခု သည် တဒါရုံကိစ္စတတ်၍ ၂ ကြိမ်။ ထို့နောင် မိမိ ပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ စုတိ တစ်ကြိမ်။ ထို့နောင် များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္န

ဇောသည် ယူအပ်ပြီးသော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာမ ပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခုသည် ပဋိသန္ဓေကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် မိမိ ပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိ ပဋိသန္ဓေ စိတ်၏ အာရုံဖြစ်သော များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရ ဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ် ကို အာရုံပြု၍ ဘဝင် (၄) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် (လ) အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင် (၁၂) ကြိမ်။ ထို့နောင် ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်ဟု ဆိုအပ်သော ဘဝသစ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟုဆိုအပ်သော ဘဝသစ်ကို အာရုံပြု၍ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ် သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် (လ) အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ချုပ်၏။

အချုပ်အားဖြင့်ကား အတီတဘဝင်ဥပါဒ်မှ ဖြစ်ခဲ့သော ပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်သည် ပဋိသန္ဓေနောင် စတုတ္ထဘဝင်၏ ဘင်မှာ ချုပ်၏။ ဘဝဟောင်း၌ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ မရဏာ သန္နဇော (၅) ကြိမ်၊ တဒါရုံ (၂) ကြိမ်တို့သည် ပစ္စုပ္ပန်ရူပါရုံ ကမ္မ နိမိတ်ကို အာရုံပြုကုန်၏။ မိမိပဋိသန္ဓေစိတ်နှင့်တူသော ရှေ့ဘဝင် စုတိစိတ်တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။

ဘဝသစ်၌ အာရုံအားဖြင့်ကား ပဋိသန္ဓေစိတ်သည် များသော အားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်

ပြီးသော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ပဋိသန္ဓေနောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင် ၄ ကြိမ်တို့သည် များသောအားဖြင့် (လ) ယူအပ်ပြီးသော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ထို့နောင် ဘဝင် ၁၂ ကြိမ်။ ဘဝနိကန္တိက လောဘဇောနောင် ဘဝင်တို့သည် အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိကလောဘဇော ၇ ကြိမ်တို့သည် ဝိပါကိနာမက္ခန္ဓာ ကဋတ္တာရုပ်ဟု ဆိုအပ်သော ဘဝသစ်ကိုအာရုံပြုကုန်၏။ ဘဝဟောင်း၌ အမှီအားဖြင့်ကား စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၆) ချက်မြောက်စတုတ္ထဘဝင်မှစ၍ စုတိတိုင်အောင်သော စိတ်တို့သည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇ ချက်မြောက်သော ပဉ္စမဘဝင်စိတ်၏ ဥပါဒ်မှ ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ ဘဝသစ်၌ အမှီအားဖြင့်ကား ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီပါသည်။ ပဋိသန္ဓေနောင် ပထမဘဝင် အစရှိသော အလုံးစုံသော နောက်နောက်သော စိတ်တို့သည် ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ ဘဝဟောင်း၌လည်းကောင်း၊ ဘဝသစ်၌လည်းကောင်း ဟဒယဝတ္ထုရုပ်ကို အကျယ်ဆို၍ မှီပုံနည်းကို ရှေးစက္ခုဒွါရ မရဏာသန္နဝိထိ၌ ဆိုအပ်ခဲ့ပြီးသော နည်းကိုမှီ၍ဆိုလေ။

ဤဝိထိသည်ကား တဒါရုံနောင် စုတိဖြစ်သော မနောဒွါရ မရဏာသန္န ဝိထိမည်၏ ဟူလိုသော်။ ကြွင်းသော ၃ ဝိထိကိုလည်း ဤနည်းကိုမှီ၍ဆိုလေ။ အထူးကား တဒါရုံနောင်ဘဝင်၊ ဘဝင်နောင် စုတိဖြစ်အံ့ အတီတဘဝင်ဥပါဒ်မှ ဖြစ်ခဲ့သော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်သည် ပဋိသန္ဓေနောင် တတိယဘဝင် စိတ်၏ဘင်မှာ ချုပ်၏။ ဇောနောင်စုတိဖြစ်အံ့ အတီတဘဝင်စိတ်၏ ဥပါဒ်မှ (လ) သည်

ပဋိသန္ဓေနောင် ဆဋ္ဌဘဝင်စိတ်၏ ဘင်မှာချုပ်၏။ ဇောနောင် ဘဝင်၊ ဘဝင်နောင်စုတိဖြစ်အံ့ အတီတဘဝင်စိတ်၏ ဥပါဒ်မှ (လ) သည် ပဋိသန္ဓေနောင် ပဉ္စမဘဝင်စိတ်၏ ဘင်မှာချုပ်၏။ ဤကား ပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရမရဏာသန္န (၄) ဝိထိဖြစ်ဟန် တည်း။

ထို့နောင် အတိတ်ဖြစ်သော ရူပါရုံကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္နဝိထိ ဖြစ်လိုလတ်သော် တဒါရုံနောင် စုတိ(လ) အားဖြင့် (၄) ပါးအပြားရှိ၏။ ထို (၄) ပါးတို့တွင် အတိတ် ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ တဒါရုံနောင် စုတိဖြစ်သော မနောဒွါရ မရဏာသန္နဝိထိဖြစ်ဟန်ကား မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ (လ) တစ်ပါးပါးကို အာရုံ ပြု၍ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင်အတိတ် (လ) ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်။ ထိုနောင် အတိတ် (လ) ကို အာရုံပြု၍ ကာမကုသိုလ်၊ အကုသိုလ်ဇော (၂၀) တို့တွင် တစ်ခုခုသည် မရဏာသန္နဇော (၅) ကြိမ်။ ထို့နောင်အတိတ် (လ) ကို အာရုံပြု၍ တဒါရုံဇောဒသတို့တွင် တစ်ခုခု တဒါရုံ (၂) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ(လ) တစ်ပါးပါး ကို အာရုံပြု၍ စုတိတစ်ကြိမ်။ ထို့နောင် များသောအားဖြင့် ဘဝတစ်ပါး က မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာမပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခု ပဋိ သန္ဓေကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် ဘဝတစ်ပါးက(လ)၍ ဘဝင် ၁၆။ ထို့နောင် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာ

ရုပ်ဟုဆိုအပ်သော ဘဝသစ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်။ ထို့နောင် (လ) ၍ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိပဋိသန္ဓေ စိတ်၏ အာရုံဖြစ်သော များသောအားဖြင့် (လ) ၍ ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ ချုပ်၏။

ဘဝဟောင်း၌ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော (၅) ကြိမ်၊ တဒါရုံ (၂) ကြိမ်တို့သည် အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ မိမိပဋိသန္ဓေစိတ်နှင့်တူသော ရှေ့ဘဝင်စုတိစိတ်တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။

ဘဝသစ်၌ အာရုံအားဖြင့်ကား ပဋိသန္ဓေစိတ်သည် များသောအားဖြင့် ဘဝတစ်ပါးမှ မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ပဋိသန္ဓေ နောင်မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင် (၁၆)၊ ဘဝနိကန္တိက လောဘဇောနောင်ဘဝင်တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော (၇) ကြိမ် တို့သည် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟု ဆိုအပ်သော ဘဝသစ်ကို အာရုံပြုကုန်၏။

ဘဝဟောင်း၌ အမှီအားဖြင့်ကား စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၆) ချက်မြောက်သော ပဉ္စမဘဝင်မှစ၍ စုတိတိုင်အောင်သော စိတ်တို့သည် စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော ဆဋ္ဌဘဝင်စိတ်၏ ဥပါဒ်မှ ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ် တစ်ခုကိုသာ မှီကုန်၏။ ဘဝသစ်၌ အမှီအားဖြင့်ကား ပဋိသန္ဓေစိတ်သည် မိမိနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကိုမှီ၏။ ပဋိသန္ဓေနောင် ပထမ

ဘဝင် အစရှိသော အလုံးစုံသော နောက်နောက်သော စိတ်တို့သည် ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်၏ ဥပါဒ်မှဖြစ်သော ဟဒယ ဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီကုန်၏။ ဘဝဟောင်း၌လည်း ကောင်း၊ ဘဝသစ်၌လည်းကောင်း ဟဒယဝတ္ထုရုပ်ကို အကျယ်ဆို၍ မှီပုံနည်းကို ရှေးစက္ခုဒွါရ မရဏာသန္နဝိထိ၌ ဆိုအပ်ခဲ့ပြီးသောနည်းကို မှီ၍ဆိုလေ။ ဤဝိထိသည်ကား အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ တဒါရုံနောင် စုတိဖြစ်သော မနောဒွါရ မရဏာသန္နဝိထိမည်၏ ဟူလို သော်။ ကြွင်းသော (၃) ဝိထိကိုလည်း ဤနည်းကိုမှီ၍ဆိုလေ။ ဤကား အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န (၄) ဝိထိ ဖြစ်ဟန်တည်း။

ဤသို့ ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န (၈) ဝိထိ။ ဤနည်းအတူ သဒ္ဒါရုံကမ္မနိမိတ်၌ မနောဒွါရ မရဏာသန္န (၈) ဝိထိ။ ဂန္ဓာရုံ ကမ္မနိမိတ်၌ မနောဒွါရ မရဏာသန္န (၈) ဝိထိ။ ရသာရုံ ကမ္မနိမိတ်၌ မနောဒွါရ မရဏာသန္န (၈) ဝိထိ။ ဖောဋ္ဌဗ္ဗာရုံ ၃ ခုတို့တွင် ပထဝီဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်၌ မနောဒွါရ မရဏာသန္န (၈) ဝိထိ။ တေဇောဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်၌ မနောဒွါရ မရဏာသန္န (၈) ဝိထိ။ ဝါယောဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်၌ မနောဒွါရ မရဏာသန္န (၈)ဝိထိ။ ပသာဒရုပ် ၅ ခု ဓမ္မာရုံကမ္မနိမိတ် တစ်ခုခု၌ မနောဒွါရ မရဏာသန္န (၈) ဝိထိစီ။ သုခုမရုပ် (၁၀) ဓမ္မာရုံကမ္မနိမိတ် တစ်ခုခု၌ မနောဒွါရ မရဏာသန္န (၈) ဝိထိစီ ဖြစ်ကုန်၏။

ထို့နောင် ပစ္စုပ္ပန်ကာယဝိညတ် ဓမ္မာရုံကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္နဝိထိ ဖြစ်လိုလတ်သော် တဒါရုံနောင် စုတိ။ တဒါရုံနောင်ဘဝင်၊ ဘဝင်နောင်စုတိ။ ဇောနောင် စုတိ။ ဇောနောင် ဘဝင်၊ ဘဝင်နောင် စုတိအားဖြင့် ၄ ပါး အပြားရှိ၏။ ထို ၄ ပါးတို့တွင်

ပစ္စုပ္ပန်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ တဒါရုံနောင် စုတိဖြစ်သော မနောဒွါရ မရဏာသန္နဝိထိ ဖြစ်ဟန်ကား မိမိပဋိသန္ဓေ စိတ်နှင့်တူသော စိတ်သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဟု ဘဝင်ကိစ္စ ဖြစ်၍ချုပ်၏။

ထို့နောင် ပစ္စုပ္ပန်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် ပစ္စုပ္ပန်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာမကုသိုလ်၊ အကုသိုလ်ဇော (၂၀) တို့တွင် တစ်ခုခုသည် မရဏာသန္နဇော (၅) ကြိမ်။ ထို့နောင် ပစ္စုပ္ပန်ကာယဝိညတ် ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ တဒါရုံဇောဒသတို့တွင် တစ်ခုခုသည် တဒါရုံ ၂ ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ စုတိတစ်ကြိမ်။

ထို့နောင် များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာမပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခုသည် ပဋိသန္ဓေကိစ္စတတ်၍တစ်ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင် (၁၆)။ ထို့နောင် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟုဆိုအပ်သော ဘဝသစ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောက် ဝိပါက် (လ) အာရုံ ပြု၍ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ် နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသော အားဖြင့် (လ) အာရုံပြု၍ ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ဘဝဟောင်း၌ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော (၅) ကြိမ်၊ တဒါရုံ (၂) ကြိမ် တို့သည် ပစ္စုပ္ပန်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ မိမိပဋိသန္ဓေစိတ်နှင့်တူသော ရှေ့ဘဝင်၊ စုတိစိတ်တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ဘဝသစ်၌ အာရုံအားဖြင့်ကား ပဋိသန္ဓေစိတ်သည် များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ပဋိသန္ဓေနောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင် (၁၆)၊ ဘဝနိကန္တိက လောဘဇောနောင် ဘဝင်တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသော အားဖြင့် (လ) အာရုံပြုကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်တို့သည် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟု ဆိုအပ်သော ဘဝသစ်ကို အာရုံပြုကုန်၏။

ဘဝဟောင်း၌ အမှီအားဖြင့်ကား စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၆) ချက်မြောက်သော ပဥ္စမဘဝင်မှစ၍ စုတိတိုင်အောင်သော စိတ်တို့သည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သော ဆဋ္ဌဘဝင်စိတ်၏ ဥပါဒ်မှ ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ ဘဝသစ်၌ အမှီအားဖြင့်ကား ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကိုမှီကုန်၏။ ပဋိသန္ဓေနောင် ပထမဘဝင် အစရှိသော အလုံးစုံသော နောက်နောက်သောစိတ်တို့သည် ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်ကမှီကုန်၏။ ဘဝဟောင်း၌လည်းကောင်း၊ ဘဝသစ်၌လည်းကောင်း ဟဒယဝတ္ထုရုပ်ကို အကျယ်ဆို၍ မှီပုံနည်းကို ရှေးစက္ခုဒွါရ မရဏာသန္နဝိထိ၌ ဆိုအပ်ခဲ့ပြီးသောနည်းကို မှီ၍ဆိုလေ။ ဤဝိထိသည်ကား ပစ္စုပ္ပန်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍

တဒါရုံနောင် စုတိဖြစ်သော မနောဒွါရ မရဏာသန္န ဝိထိမည်၏ဟူလိုသော်။ ကြွင်းသော (၃) ဝိထိကိုလည်း ဤနည်းကိုမှီ၍ချလေ။ ဤကား ပစ္စုပ္ပန်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န ၄ ဝိထိဖြစ်ဟန်တည်း။

ထို့နောင် အတိတ်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္နဝိထိဖြစ်လိုလတ်သော် ဤသို့စသည်ဖြင့် ရှေး ပစ္စုပ္ပန်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န (၄) ဝိထိဖြစ်ဟန်ကို နည်းမှီ၍ဆိုလေ။ ပစ္စုပ္ပန်မဆိုရ။ အတိတ်ဆိုရသည်သာ ထူး၏။ ဤကား အတိတ်ကာယဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န (၄) ဝိထိ ဖြစ်ဟန်တည်း။ ဤသို့ ပစ္စုပ္ပန်ကာလဝိညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န (၄) ဝိထိ၊ အတိတ်ကာယဝိညတ် ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န (၄) ဝိထိ အားဖြင့် ကာယဝိညတ် ဓမ္မာရုံ ကမ္မနိမိတ်၌ မနောဒွါရ မရဏာသန္န (၈) ဝိထိ။

ဤနည်းအတူ ကြွင်းသော သုခမရုပ် (၅) ခု ဓမ္မာရုံ ကမ္မနိမိတ် တစ်ခုခု၌ မနောဒွါရ မရဏာသန္န (၈) ဝိထိစီ။ ကာမစိတ် (၅၄) ခု ဓမ္မာရုံ ကမ္မနိမိတ် တစ်ခုခု၌ မနောဒွါရ မရဏာသန္န (၈) ဝိထိစီ၊ ၎င်း ကာမစိတ် (၅၄) ခု၌ယှဉ်သော စေတသိက်ဒွေပညာသ ဓမ္မာရုံ ကမ္မနိမိတ် တစ်ခုခု၌ (၈) ဝိထိစီ ဖြစ်ကုန်၏။ ဤသို့များသောအားဖြင့် ဘဝတစ်ပါးက (၆) ဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော ပစ္စုပ္ပန်၊ အတိတ်ဖြစ်သော ကာမအာရုံ ၆ ပါးဟုဆိုအပ်သော ကမ္မနိမိတ်ကို အာရုံပြု၍ ကာမပဋိသန္ဓေ (၁၀) ဖြစ်ဟန်တည်း။

ထို့နောင် ပစ္စုပ္ပန်ရူပါရုံ ဂတိနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္နဝိထိ ဖြစ်လိုလတ်သော် ဤသို့စသဖြင့် ရှေးပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္နဝိထိဖြစ်ဟန်ကို နည်း

မှီ၍ဆိုလေ။ ဂတိနိမိတ်ကို ဆိုရသည်သာထူး၏။ ဤကား ပစ္စုပ္ပန် ရူပါရုံ ဂတိနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န ၄ ဝိထိဖြစ်ဟန် တည်း။ ဤသို့ များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာ သန္နဇောသည် ယူအပ်ပြီးသော ပစ္စုပ္ပန်ရူပါရုံ ဂတိနိမိတ်ကို အာရုံပြု၍ ကာမပဋိသန္ဓေ (၁၀) ဖြစ်ဟန်တည်း။ ထို့နောင် အတိတ်ဖြစ်သော ပဋိသန္ဓေကို ဖြစ်စေတတ်သော ကာမကုသိုလ်၊ အကုသိုလ် စေတနာ ဟု ဆိုအပ်သော ဓမ္မာရုံကံကို အာရုံပြု၍ မနောဒွါရ မရဏာသန္နဝိထိ ဖြစ်လိုလတ်သော် ဤသို့ စသည်ဖြင့်ဆို၍ မနောဒွါရ မရဏာသန္န (၄) ဝိထိချလေ၊ အချုပ်မပါ။

ဤကား အတိတ်ဖြစ်သော ပဋိသန္ဓေကို ဖြစ်စေတတ်သော ကာမကုသိုလ်၊ အကုသိုလ် စေတနာဟုဆိုအပ်သော ဓမ္မာရုံကံကို အာရုံ ပြု၍ မနောဒွါရ မရဏာသန္န (၄) ဝိထိဖြစ်ဟန်တည်း။ ဤသို့များသော အားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ် ပြီးသော အတိတ်ဖြစ်သော ပဋိသန္ဓေကို ဖြစ်စေတတ်သော ကာမ ကုသိုလ်၊ အကုသိုလ် စေတနာဟုဆိုအပ်သော ဓမ္မာရုံကံကို အာရုံပြု၍ ကာမပဋိသန္ဓေ (၁၀) ဖြစ်ဟန်တည်း။ ကာမပဋိသန္ဓေ (၁၀) ဖြစ်ဟန် ပြီး၏။

ထို့နောင် ထင်ရှားရှိသော ဘဝဟောင်းမှ ရွေ့လျောသောအား ဖြင့် ပစ္စုပ္ပန်၏ဘဝအဆုံး စုတိနောင် မဟဂ္ဂုတ် ပဋိသန္ဓေ (၉) ခုတို့ တွင် တစ်ခုခုဖြင့် ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်အား မနောဒွါရ မရဏာ သန္နဝိထိဖြင့်ကျ၍ သေကောင်း၏။ ထိုမဟဂ္ဂုတ် ပဋိသန္ဓေ (၉) ခုတို့တွင် ကသိုဏ်း (၁၀) ပါး၊ အသုဘ (၁၀) ပါး၊ ကာယဂတာသတိ၊ အာနာပါနာသတိ၊ မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဗြဟ္မဝိဟာရတရား (၃) ပါး၊ ဤ (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ် ပဋိဘာဂနိမိတ်

တည်း ဟူသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကိုအာရုံပြု၍ မနောဒွါရမရဏာသန္န ဝိထိအဆုံး စုတိနောင် ရူပါဝစရ ပထမဈာန် ဝိပါက်စိတ်သည် ပဋိသန္ဓေ ကိစ္စတတ်၍ ဖြစ်လိုလတ်သော် ဓောနောင်စုတိ။ ဓောနောင်ဘဝင်၊ ဘဝင်နောင်စုတိအားဖြင့် (၂) ပါး အပြားရှိ၏။ ထို (၂) ပါးတို့တွင် ဓောနောင်စုတိဖြစ်ဟန်ကား မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ကသိုဏ်း (၁၀) ပါး (လ) ထို (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ် တည်းဟူသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရာ ဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် ကသိုဏ်း (၁၀) ပါး (လ) ထို (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ် ဓမ္မာရုံကမ္မနိမိတ်ကို အာရုံပြု၍ မဟာကုသိုလ်ဇော (၈) ခုတို့တွင် တစ်ခုခုသည် မရဏာသန္နဇော (၅) ကြိမ်။ ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ (လ) တစ်ပါးပါးကို အာရုံပြု၍ စုတိတစ်ကြိမ်၊ ထို့နောင် များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော ကသိုဏ်း (၁၀) ပါး(လ) ထို (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ရူပါဝစရ ပထမဈာန် ဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော ကသိုဏ်း (၁၀) ပါး(လ) ထို (၂၅)

ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ် တည်းဟူသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင် (၁၆)၊ ထိုနောင် ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်ဟုဆိုအပ်သော ဘဝသစ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် ဝိပါက် (လ) အာရုံပြု၍ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်။ ထိုနောင် မိမိပဋိသန္ဓေ စိတ်နှင့် တူသောစိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသော အားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော ကသိုဏ်း (၁၀) ပါး။(လ)။ ထို (၂၅) ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ဘဝဟောင်း၌ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မရဏာသန္နဇော (၅) ကြိမ်တို့သည် ကသိုဏ်း (၁၀) ပါး၊ အသုဘ (၁၀) ပါး၊ ကာယဂတာသတိ၊ အာနာပါနာသတိ၊ မေတ္တာ၊ ဂရုဏာ၊ မုဒိတာ ဗြဟ္မဝိဟာရတရား (၃) ပါး၊ ဤ (၂၅) ပါးတို့တွင် တစ်ပါးပါး သော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ် ကို အာရုံပြုကုန်၏။ မိမိပဋိသန္ဓေစိတ်နှင့်တူသော ရှေ့ဘဝင် စုတိစိတ် တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိ နိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ဘဝသစ်၌ အာရုံအားဖြင့်ကား ပဋိသန္ဓေစိတ်သည် များသောအားဖြင့် (လ) ကို အာရုံပြုကုန်၏။ မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင် (၁၆)၊ ဘဝနိကန္တိ က လောဘဇောနောင် ဘဝင်တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ် သော များသောအားဖြင့် (လ) အာရုံပြုကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်တို့သည် ဝိပါက်နာမက္ခန္ဓာဟု ဆိုအပ်သော ဘဝသစ်ကို အာရုံပြုကုန်၏။ ဘဝဟောင်း၌ အမှီအားဖြင့်

ကား စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၆) ချက်မြောက်သော သတ္တမ ဘဝင်မှစ၍ စုတိတိုင်အောင်သော စိတ်တို့သည် စုတိစိတ်မှ ပြန်၍ရေ သည်ရှိသော် (၁၇) ချက်မြောက်သော ပထမဘဝင်စိတ်၏ ဥပါဒ်မှဖြစ် ခဲ့သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။

ဘဝသစ်၌ အမှီအားဖြင့်ကား ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ ပဋိသန္ဓေနောင် ပထမဘဝင် အစရှိသော အလုံးစုံသော နောက်နောက်သောစိတ်တို့သည် ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီကုန်၏။ ဘဝဟောင်း၌လည်းကောင်း၊ ဘဝသစ်၌လည်းကောင်း၊ တစ်နည်းဟဒယဝတ္ထုရုပ်ကို အကျယ်ဆို၍ မှီပုံနည်းကို ရှေးစက္ခုဒွါရ မရဏာသန္နဝိထိ၌ ဆိုအပ်ခဲ့ပြီးသော နည်းကို မှီ၍ဆိုလေ။ ဤဝိထိသည်ကား ကသိုဏ်း ၁၀ ပါး (လ) ထို ၂၅ ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ် တည်းဟူသော ပညတ်မွှာရုံကမ္မနိမိတ်ကို အာရုံပြု၍ ဇောနောင် စုတိဖြစ်သော မနောဒွါရ မရဏာသန္န ဝိထိမည်၏ဟူလိုသော်။ ကြွင်းသောဝိထိ ကိုလည်း ဤနည်းကို မှီ၍ချလေ။ ဤကား ကသိုဏ်း (၁၀) ပါး(လ) ထို ၂၅ ပါးတို့တွင် (လ) ၍ မနောဒွါရ မရဏာသန္နဝိထိအဆုံး စုတိနောင် ရူပါဝစရ ပထမဈာန်ဝိပါက် ပဋိသန္ဓေဖြစ်ဟန်တည်း။ ထိုနောင် ကသိုဏ်း ၁၀ ပါး၊ အာနာပါနာသတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဗြဟ္မဝိဟာရ တရား ၃ ပါး၊ ဤ ၁၄ ပါးတို့တွင် တစ်ပါးပါး သော ပညတ်ပဋိဘာဂ နိမိတ်တည်းဟူသော ပညတ်မွှာရုံ ကမ္မနိမိတ် ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န ဝိထိအဆုံး စုတိနောင် ရူပါဝစရ ဒုတိယဈာန်ဝိပါက်စိတ်သည် ပဋိသန္ဓေ ကိစ္စတတ်၍ ဖြစ်လိုလတ်သော် ဤသို့ စသည်ဖြင့် ရှေးရူပါဝစရပထမဈာန် ဝိပါက်ပဋိသန္ဓေ ဖြစ်ဟန် ကိုနည်းမှီ၍ဆိုလေ။ အာရုံပြုသာထူး၏။

ဤကား ကသိုဏ်း ၁၀ ပါး (လ) ထို ၁၄ ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ရူပါဝစရ ဒုတိယဈာန်ဝိပါက် ပဋိသန္ဓေဖြစ်ဟန်တည်း။ ထို့နောင် ကသိုဏ်း ၁၀ ပါး (လ) ထို ၁၄ ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ်ဓမ္မာရုံကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န ဝိထိအဆုံး စုတိနောင် ရူပါဝစရတတိယဈာန် ဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စတတ်၍ ဖြစ်လိုလတ်သော် ဤသို့ စသည်ဖြင့် ရှေးရူပါဝစရ ပထမဈာန်ဝိပါက် ပဋိသန္ဓေဖြစ်ဟန်ကို နည်း မှီ၍ဆိုလေ။ အာရုံပြုသာထုး၏။ ဤကား ကသိုဏ်း ၁၀ ပါး (လ) ထို ၁၄ ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ်ဓမ္မာရုံကမ္မနိမိတ်ကို အာရုံပြု၍ ရူပါဝစရတတိယဈာန် ဝိပါက် ပဋိသန္ဓေဖြစ်ဟန်တည်း။

ထို့နောင် ကသိုဏ်း ၁၀ ပါး (လ) ထို ၁၄ ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ်ဓမ္မာရုံကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္နဝိထိအဆုံး စုတိနောင် ရူပါဝစရ စတုတ္ထဈာန် ဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စတတ်၍ ဖြစ်လိုလတ်သော် ဤသို့ စသည်ဖြင့် ရှေးရူပါဝစရ ပထမဈာန်ဝိပါက် ပဋိသန္ဓေဖြစ်ဟန်ကို နည်းမှီ၍ဆိုလေ။ အာရုံပြုသာထုး၏။ ဤကား ကသိုဏ်း ၁၀ ပါး (လ) ထို ၁၄ ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ်ဓမ္မာရုံကမ္မနိမိတ်ကို အာရုံပြု၍ ရူပါဝစရ စတုတ္ထဈာန်ဝိပါက် ပဋိသန္ဓေ ဖြစ်ဟန်တည်း။ ထို့နောင် ကသိုဏ်း ၁၀ ပါး၊ အာနာပါနာသတိ၊ ဥပေက္ခာ ဗြဟ္မဝိဟာရတရားတစ်ပါး။ ဤ ၁၂ ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ရူပါဝစရ ပဥ္စမဈာန်

ဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စတတ်၍ ဖြစ်လိုလတ်သော် ဤသို့စသည်ဖြင့် ရေးရှုပါဝစရ ပထမဈာန်ဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စတတ်၍ ဖြစ်ဟန်ကိုနည်းမှီ၍ဆိုလေ။ အာရုံပြုသာထူး၏။ ဤကားကသိုဏ်း ၁၀ ပါး (လ) ထို ၁၂ ပါးတို့တွင် တစ်ပါးပါးသော ပညတ်ပဋိဘာဂနိမိတ်တည်းဟူသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ရူပါဝစရ ပဉ္စမဈာန်ဝိပါက် ပဋိသန္ဓေဖြစ်ဟန်တည်းဆိုလေ။ အာရုံပြုသာ ထူး၏။

ထို့နောင် အာကာသသည် ကြဉ်အပ်သော ကသိုဏ်း ၉ ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ ရအပ်သော ကောင်းကင် ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကိုအာရုံပြု၍ မနောဒွါရ မရဏာသန္နဝိထိအဆုံး စုတိနောင် အာကာသာနဉ္စာ ယတနဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စတတ်၍ ဖြစ်လိုလတ်သော ဇောနောင်စုတိ။ ဇောနောင်ဘဝင်၊ ဘဝင်နောင်စုတိအားဖြင့် ၂ ပါးအပြားရှိ၏။ ထို ၂ ပါးတို့တွင် ဇောနောင် စုတိဖြစ်ဟန်ကားမိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကိုအာရုံပြု၍ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ချုပ်၏။

ထို့နောင် အာကာသသည် ကြဉ်အပ်သော ကသိုဏ်း ၉ ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် အာကာသသည် ကြဉ်အပ်သော (လ)၍ မဟာကုသိုလ်ဇော (၈) ခုတို့တွင် တစ်ခုခုမရဏာသန္နဇော (၅) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ (လ) တစ်ပါးပါးကို အာရုံပြု၍ စုတိတစ်ကြိမ်။ ထို့နောင်များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော

အာကာသသည် ကြဉ်အပ်သော ကသိုဏ်း ၉ ပါးတို့တွင် တစ်ပါးပါးကို ခွာ၍ ရအပ်သော ကောင်းကင်ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ အာကာသာနဉ္စာယတန ဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် (လ) ၍ ဘဝင် (၁၆)။ ထို့နောင် ဝိပါက်နာမက္ခန္ဓာဟုဆိုအပ်သော ဘဝသစ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် ဝိပါက်နာမက္ခန္ဓာ (လ) ၍ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော (လ) ၍ ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ဘဝဟောင်း၌ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် မရဏာသန္နဇော (၅) ကြိမ်တို့သည် အာကာသသည် ကြဉ်အပ်သော ကသိုဏ်း (၉) ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ ရအပ်သော ကောင်းကင် ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ မိမိပဋိသန္ဓေစိတ်နှင့်တူသော ရှေ့ဘဝင် စုတိစိတ်တို့သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။

ဘဝသစ်၌ အာရုံအားဖြင့်ကား အာကာသာနဉ္စာ ယတနပဋိသန္ဓေစိတ်သည် များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အာကာသသည် ကြဉ်အပ်သော ကသိုဏ်း (၉) ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ ရအပ်သော ကောင်းကင် ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ပဋိသန္ဓေနောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင် ၁၆၊ ဘဝနိကန္တိက လောဘဇော နောင် ဘဝင်တို့သည် များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အာကာသသည် ကြဉ်အပ်သော

ကသိုဏ်း (၉) ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ ရအပ်သော ကောင်းကင် ပညတ်မှောရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ ဘဝ နိကန္တိက လောဘဇော (၇) ကြိမ်တို့သည် ဝိပါက်နာမက္ခန္ဓာဟုဆိုအပ် သော ဘဝသစ်ကို အာရုံပြုကုန်၏။

ဘဝဟောင်း၌ အမှီကား စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၆) ချက်မြောက်သော သတ္တမဘာဝင်မှစ၍ စုတိတိုင်အောင်သော စိတ် တို့သည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သော အဋ္ဌမဘာဝင်စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ ဘဝသစ်၌ကား ပဋိသန္ဓေအစရှိသော အလုံးစုံသော စိတ်တို့သည် အရူပ ဘုံ၌ဖြစ်၍ ဟဒယဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်ကုန်၏။ ဘဝဟောင်း၌ ဟဒယဝတ္ထုရုပ်ကို အကျယ်ဆို၍ မှီပုံနည်းကို ရှေးစက္ခုဒွါရ မရဏာ သန္န ဝိထိ၌ ဆိုအပ်ခဲ့ပြီးသော နည်းကိုမှီ၍ဆိုလေ။ ဤဝိထိသည်ကား အာကာသသည် ကြဉ်အပ်သော ကသိုဏ်း (၉) ပါးတို့တွင် တစ်ပါးပါး ကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ်မှောရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဇောနောင်စုတိဖြစ်သော မနောဒွါရ မရဏာသန္နဝိထိမည်၏ဟူလိုသော်။ ကြွင်းသော တစ်ဝိထိကိုလည်း ဤနည်းကိုမှီ၍ဆိုလေ။ ဤကား အာကာ သသည် ကြဉ်အပ်သော (လ) ၍ မနောဒွါရ မရဏာသန္န ဝိထိအဆုံး စုတိနောင် အာကာသာနဉ္စာ ယတနဝိပါက်ပဋိသန္ဓေ ဖြစ်ဟန်တည်း။

ထို့နောင် အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ် ဟု ဆိုအပ်သော မဟဂ္ဂုတ်မှောရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န ဝိထိအဆုံး စုတိနောင် ဝိညာဏဉ္စာယတန ဝိပါက်စိတ်သည် ပဋိသန္ဓေ ကိစ္စတတ်၍ ဖြစ်လိုလတ်သော် ဤသို့ စသည်ဖြင့် အာကာသာ နဉ္စာယတန ဝိပါက်ပဋိသန္ဓေဖြစ်ဟန်ကို နည်းမှီ၍ဆိုလေ။ အာရုံပြုသာ ထူး၏။ (ဤကား အတိတ်ဖြစ်သော အာကာသာနဉ္စာ ယတနကုသိုလ်

ဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဝိညာဏဉ္စာယတနဝိပါက် ပဋိသန္ဓေဖြစ်ဟန်တည်း။) ထို့နောင် အာကာသာနဉ္စာယတနကုသိုလ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ် ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န ဝိထိအဆုံး စုတိနောင် အာကိဉ္စညာယတန ဝိပါက်စိတ်သည် ပဋိသန္ဓေကိစ္စတတ်၍ ဖြစ်လိုလတ်သော် ဤသို့ စသည်ဖြင့် အာကာသာနဉ္စာယတနဝိပါက် ပဋိသန္ဓေ ဖြစ်ဟန်ကိုနည်းမှီ၍ဆိုလေ။ အာရုံပြုသာထူး၏။ (ဤကား အာကာသာနဉ္စာယတန ကုသိုလ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ အာကိဉ္စညာယတနဝိပါက် ပဋိသန္ဓေဖြစ်ဟန်တည်း။)

ထို့နောင် အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရ မရဏာသန္န ဝိထိအဆုံး စုတိနောင် နေဝသညာ နာသညာယတန ဝိပါက်စိတ်သည် ပဋိသန္ဓေ ကိစ္စတတ်၍ ဖြစ်လိုလတ်သော် ဤသို့ စသည်ဖြင့် ရှေး အာကာသာနဉ္စာယတနဝိပါက် ပဋိသန္ဓေဖြစ်ဟန်ကို နည်းမှီ၍ဆိုလေ။ အာရုံပြုသာထူး၏။ (ဤကား အတိတ်ဖြစ်သော အာကိ ဉ္စညာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ နေဝသညာ နာသညာ ယတနဝိပါက် ပဋိသန္ဓေ ဖြစ်ဟန်တည်း။) ဤသို့ များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ရူပ ပဋိသန္ဓေ (၅) ခု။ အာကာသာနဉ္စာယတန ပဋိသန္ဓေတစ်ခု၊ အာကိဉ္စညာယတန ပဋိသန္ဓေတစ်ခုအားဖြင့် မဟဂ္ဂုတ်ပဋိသန္ဓေ (၇) ခု ဖြစ်ဟန်ကို လည်းကောင်း၊ များသောအားဖြင့် ဘဝတစ်ပါးက မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ဖြစ်သော မဟဂ္ဂုတ် ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဝိညာဏဉ္စာယတန ပဋိသန္ဓေတစ်ခု၊

နေဝသညာ နာသညာယတန ပဋိသန္ဓေတစ်ခုအားဖြင့် မဟဂ္ဂုတ်ပဋိသန္ဓေ (၂) ခု ဖြစ်ဟန်ကိုလည်းကောင်း မှတ်အပ်၏။ မဟဂ္ဂုတ်ပဋိသန္ဓေ (၉) ခု ဖြစ်ဟန်ပြီး၏။

ဤဆိုအပ်ခဲ့ပြီးသော အလုံးစုံသော မရဏာသန္နဝိထိတို့သည်ကား **"ဒွါရဝိမုတ္တာနဉ္စ။ (လ)။ အာရမ္မဏံဟောတိ"**[၄] ဟူသော အဘိဓမ္မတ္ထ သင်္ဂဟပါဠိ၏ အဓိပ္ပာယ်တည်း။ ရူပါဝစရပဉ္စမ ဈာန်ကို ရပြီးသော ဈာနလာဘီတိဟိတ် ကာမပုဂ္ဂိုလ်သည် ထင်ရှား ရှိသော ဘဝဟောင်းမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝအဆုံး စုတိနောင် အသညသတ်ဘုံ၌ ဖြစ်လိုလတ်သော် ဇောနောင်စုတိ။ ဇောနောင်ဘဝင်၊ ဘဝင်နောင် စုတိအားဖြင့် (၂) ပါးအပြားရှိ၏။ ထို (၂) ပါးတို့တွင် ဇောနောင်စုတိ ဖြစ်ဟန်ကား မိမိပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ထိုမိမိပဋိသန္ဓေ စိတ်၏ အာရုံဖြစ်သော ကံ။(လ)။ ၍ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ချုပ်၏။ ထို့နောင် ဝါယောကသိုဏ်း ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍၊ ဝါ– ကေစိဝါဒအားဖြင့် အာကာသ ကသိုဏ်း ပညတ်ဓမ္မာရုံ ကမ္မ နိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်။ ထို့နောင် ဝါယော ကသိုဏ်း ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍၊ ဝါ– ကေစိဝါဒ အားဖြင့် အာကာသ ကသိုဏ်းပညတ် ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မဟာကုသိုလ်ဇော (၈) ခုတို့တွင် တစ်ခုခုသည် မရဏာသန္နဇော (၅) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ထိုမိမိ ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ။(လ)။ ၍ စုတိတစ်ကြိမ်။ ထို့နောင် ဇီဝိတဆက္က၊ ဇီဝိတနဝက ကလာပ်ရုပ်သည် ပဋိသန္ဓေကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် ဇီဝိတဆက္က၊ ဇီဝိတနဝက ကလာပ်ရုပ်သည်ပင်လျှင် တစ်ဘဝပတ်လုံး ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ချုပ်၏။

---

၄၊ အဘိဓမ္မတ္ထသင်္ဂဟပါဠိ၊ ပကိဏ္ဏက၊ စာ – ၂၀၊ ဂါထာ – ၅၃။

ဘဝဟောင်း၌ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော (၅) ကြိမ်တို့သည် ဝါယောကသိုဏ်း ပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏၊ ဝါ– ကေစိဝါဒအားဖြင့် အာကာသ ကသိုဏ်း ပညတ် ဓမ္မာရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ မိမိပဋိသန္ဓေစိတ်နှင့် တူသော ရှေ့ဘဝင် စုတိစိတ်တို့သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ဘဝဟောင်း၌ အမှီအားဖြင့်ကား စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၆) ချက်မြောက်သော သတ္တမဘဝင်မှစ၍ စုတိတိုင်အောင်သော စိတ်တို့သည် စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော အဋ္ဌမဘဝင်စိတ်၏ ဥပါဒ်မှဖြစ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ တစ်နည်း – ဟဒယဝတ္ထုရုပ်ကို အကျယ်ဆို၍ မှီပုံနည်းကို ရှေးစက္ခုဒွါရ မရဏာသန္နဝိထိ၌ ဆိုအပ်ခဲ့ပြီးသော နည်းကို မှီ၍ဆိုလေ။ (ဤကား ကာမဘုံမှစုတေ၍ အသညသတ်ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်၏ဝိထိတည်း။)

တစ်ဖန် အသညသတ်ဘုံမှစုတေ၍ ကာမဘုံဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ထင်ရှားရှိသော ဘဝဟောင်းမှ ရှေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝအဆုံး စုတိနောင် ကာမဘုံ၌ဖြစ်သောအားဖြင့် ကာမဒွိဟိတ်၊ တိဟိတ် ပဋိသန္ဓေ (၈) ခုတို့တွင် တစ်ခုခုသည် ပဋိသန္ဓေကိစ္စတတ်၍ ဖြစ်လိုလတ်သော် ဇီဝိတဆက္က၊ ဇီဝိတနဝက ကလာပ်ရုပ်သည် ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဇီဝိတဆက္က၊ ဇီဝိတနဝက ကလာပ်ရုပ်သည်ပင်လျှင် စုတိကိစ္စတတ်၍ တစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် **"ဘဝန္တရကတံ ကမ္မံ၊ ယမော ကာသံ လဘော တတော။ ဟောတိ သာ သန္ဓိ တေနေဝ၊ ဥပဋ္ဌာပိတဂေါစရေ"**[၅] ဟူသော သစ္စသံခိပ်ဂါထာပါဌ်၌ လာရှိသည်နှင့်အညီ ရှေးဘဝဟောင်းမှ ပြုအပ်

၅။ သစ္စသင်္ခေပပါဠိ၊ စာ–၁၆၊ ဂါထာ–၁၇၁။

ခဲ့ပြီးသော ကာမာဝစရ ကုသိုလ်စေတနာတည်းဟူသော အပရာပရိယ ဒေဝနိယကံဟောင်းသည် ထင်စေအပ်သော ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ကာမဒွိဟိတ်၊ တိဟိတ် ပဋိသန္ဓေ (၈) ခုတို့တွင် တစ်ခုခုသည် ပဋိသန္ဓေကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေ စိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေ စိတ်၏ အာရုံဖြစ်သော ရှေးဘဝဟောင်းမှ ပြုအပ်ပြီးသော ကာမာဝစရ ကုသိုလ် စေတနာတည်းဟူသော အပရာပရိယ ဝေဒနိယကံဟောင်း သည် ထင်စေအပ်ကုန်သော ကံ(လ) ၍ ဘဝင် (၁၆)။ ထို့နောင် ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်ဟု ဆိုအပ်သော (လ) ၍ မနောဒွါရာ ဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် ဝိပါက် (လ) ၍ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေနှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေ စိတ်၏ အာရုံဖြစ်သော ရှေးဘဝဟောင်းမှ ပြုအပ်ပြီးသော ကာမာဝစရ ကုသိုလ် စေတနာတည်းဟူသော အပရာပရိယ ဝေဒနိယကံဟောင်း သည် ထင်စေအပ်သော ကံ (လ) ၍ ဘဝင်ဘဝင် ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ဘဝဟောင်း၌ကား ရုပ်ချည်းဖြစ်၍ အာရုံပြုအမှီကို မဆိုရကုန်။

ဘဝသစ်၌ကား ပဋိသန္ဓေစိတ်သည် ရှေးဘဝဟောင်းမှ ပြုအပ် ပြီးသော ကာမာဝစရကုသိုလ် စေတနာတည်းဟူသော အပရာပရိယ ဝေဒနိယကံဟောင်းသည် ထင်စေအပ်သော ကံ။(လ)။ တစ်ပါးပါးကို အာရုံပြုကုန်၏။ ပဋိသန္ဓေနောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော ဘဝင် (၁၆)၊ ဘဝနိကန္တိက လောဘဇောနောင် ဘဝင်တို့သည် ထိုမိမိ ပဋိသန္ဓေ စိတ်၏ အာရုံဖြစ်သော ရှေးဘဝဟောင်းမှ ပြုအပ်ခဲ့ပြီးသော (လ) ကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော (၇) ကြိမ် တို့သည် ဝိပါက် (လ) ကုန်၏။ အမှီအားဖြင့်ကား ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ ပဋိသန္ဓေ နောင်

ပထမဘဝင် အစရှိသော အလုံးစုံသော နောက်နောက်သော စိတ်တို့သည် ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်၏ ဥပါဒ်မှ ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သောစိတ်က မှီကုန်၏။ (ဤဝိထိသည်ကား အသညသတ်ဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်၏ ဝိထိတည်း။) ဤသို့ ပဋိသန္ဓေတစ်ခုယုတ် (၂၀)၊ ဝါ- ပဋိသန္ဓေ (၂၀) ဖြစ်ဟန်ပြီး၏။

ခန္ဓာ ၅ ပါး အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်သို့ ပရိနိဗ္ဗာန် စံဝင်တော်မူလတ္တံ့သော ရဟန္တာပုဂ္ဂိုလ် အရှင်သခင်မြတ်တို့အား ခန္ဓာ ၅ ပါး အကြွင်းရှိသော သဉပါဒိသေသ နိဗ္ဗာနဓာတ်အဆုံး ပရိနိဗ္ဗာနစုတိစိတ် ဖြစ်လိုလတ်သော် တဒါရုံနောင်စုတိ။ တဒါရုံနောင်ဘဝင်၊ ဘဝင်နောင်စုတိ။ ဇောနောင်စုတိ။ ဇောနောင်ဘဝင်၊ ဘဝင်နောင်စုတိ အားဖြင့် (၄) ပါး အပြားရှိ၏။ ထို (၄) ပါးတို့တွင် တဒါရုံနောင် စုတိဖြစ်ဟန်ကား မိမိပဋိသန္ဓေ စိတ်နှင့်တူသော စိတ်သည် ထိုပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါး အာရုံပြု၍ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ချုပ်၏။ ထို့နောင် တေဘုမ္မကသင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် တေဘုမ္မကသင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကြိယာဇော (၈) ခုတို့တွင် တစ်ခုခုသည် မရဏာသန္နဇော (၅) ကြိမ်။ ထို့နောင် တေဘုမ္မကသင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြု၍ တဒါရုံဇောဒသတို့တွင် တစ်ခုခုသည် တဒါရုံကိစ္စတတ်၍ ၂ ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ပရိနိဗ္ဗာနစုတိစိတ် တစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ခန္ဓာ

၅ ပါး အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ပရိနိဗ္ဗာန် စံဝင်တော်မူ၏။ သဥပါဒိသေသ နိဗ္ဗာနဓာတ်၌ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော (၅) ကြိမ်၊ တဒါရုံ (၂) ကြိမ်တို့သည် တောဘုမ္မက သင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ မိမိ ပဋိသန္ဓေစိတ်နှင့် တူသော ရှေ့ဘဝင် စုတိစိတ်သည် ထိုမိမိ ပဋိသန္ဓေ စိတ်၏ အာရုံဖြစ် သော ကံ၊ (လ) ကုန်၏။

သဥပါဒိသေသ နိဗ္ဗာနဓာတ်၌ အမှီအားဖြင့်ကား စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၆) ချက်မြောက်သော ပဌမဘဝင်မှစ၍ စုတိ တိုင်အောင်သော စိတ်တို့သည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သော ဆဋ္ဌဘဝင်စိတ်၏ ဥပါဒ်မှဖြစ်ခဲ့သော ဟဒယဝတ္ထု ရုပ်ကို မှီကုန်၏။ တစ်နည်း – ဟဒယဝတ္ထုရုပ်ကို အကျယ်ဆို၍ မှီပုံ နည်းကို ရှေးစက္ခုဒွါရ မရဏာသန္နဝိထိ၌ ဆိုအပ်ခဲ့ပြီးသော နည်းကိုမှီ၍ ဆိုလေ။ (ဤဝိထိသည်ကား တဒါရုံနောင် စုတိဖြစ်သော မနောဒွါရ မရဏာသန္နဝိထိ မည်၏ဟူလိုသော်။ (ကြွင်းသော ၃ ဝိထိကိုလည်း ဤနည်းကိုမှီ၍ဆိုလေ)။ ဤကား ခန္ဓာ ၅ ပါး အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ပရိနိဗ္ဗာန် စံဝင်တော်မူသော ရဟန္တာပုဂ္ဂိုလ် အရှင်သခင်မြတ်တို့၏ ဝိထိတည်း။

**မရဏာသန္နဝိထိ အပြီးသတ်၏။**

✧ ✧ ✧

(၅)

## ဝိထိမည်ပုံ

**ဝိထိစိတ္တပရံပရာ** ဟု ဋီကာဆရာ မိန့်ဆိုတော်မူသည်နှင့်အညီ စိတ်တို့၏ အစဉ်မပြတ် ဆက်ခါဆက်ခါ အကြားမရှိ ဖြစ်လာသော အစဉ်ကို ဝိထိဟုခေါ်ဆိုသည်။ **"ဝိယန္တိ ဂစ္ဆန္တိ ဧတ္ထာတိ ဝိထိ၊ ဝိထိဝိယာတိ ဝိထိ"**။ ဤသို့ပြုအပ် ဝစနတ်နှင့်အညီ လူတို့၏သွားရာ လာရာ လမ်းခရီး အစဉ်နှင့် တူသောကြောင့် စိတ်အစဉ် ဖြစ်ပေါ်လာသည်ကိုလည်း ဝိထိဟု ခေါ်သည်။

ပဋိသန္ဓေ စုတိတို့၏အကြား ပဝတ္တိအခါ ဘဝကို အစဉ်မပြတ်အောင် ဖြစ်စေတတ်သော ဘဝင်စိတ္တုပ္ပါဒ်သည် အကြားမရှိ မပြတ်ဖြစ်ခြင်းရှိသော ဒွါရဝိမုတ်ကိစ္စတတ်၍ ဖြစ်သဖြင့် စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရ၊ မနောဒွါရဟု ဆိုအပ်သော (၆)ပါးသော ဒွါရ၌ ဒွါရကိစ္စတတ်၍ မဖြစ်ခြင်းကြောင့် ဝိထိဟူသော ဝေါဟာရဖြင့် မဆိုအပ်၊ မဆိုထိုက်။ ဝိထိ ဝိမုတ်စိတ်သာမည်၍ ဝိထိမမည်ကုန်။ ပဉ္စဒွါရာဝဇ္ဇန်းစသော ကြွင်းသောစိတ်တို့သည်သာ ဒွါရအတွင်း၌ ဝိထိ

ကိစ္စတတ်၍ ဖြစ်ကြသဖြင့် ဝိထိဟု ခေါ်အပ်သည်။ ဤသို့ ဒွါရအတွင်း၌ ဖြစ်သော ဝိထိစိတ် အစဉ်ချခြင်းသည် ငါတို့ ဓမ္မာစရိယဖြစ်သော ပထမကျော်ဆရာကြီး ဦးအုံး ရေးသားတော်မူသော ဝိထိဓိပ္ပါယကျမ်း တို့၌ ပါရှိခဲ့လေသည်လည်း တစ်ကြောင်း၊ ဝိထိလက်ရိုးကျမ်း စသည် တို့၌ ပါရှိပြီးဖြစ်သည်လည်းတစ်ကြောင်း၊ ကျမ်းပြုဆရာတော်ဘုရား ကြီးတို့ ရေးသားရာ၌ ပါရှိသည်လည်း တစ်ကြောင်း၊ ဤသို့သော အကြောင်းများကြောင့် ဝိထိချရိုးအစဉ် ရေးသားနေခြင်းကိုမလို၊ သတ္တဝါတို့၏ သန္တာန်၌ အာရုံ၊ အာရမ္မဏိကတွဲစပ်၍ ဖြစ်ပေါ်ကြသော အာဂန္တုက ဝိထိအရေအတွက် သင်္ချာတို့ကို ဖော်ထုတ်၍ဆိုမည်။ သိမ်မွေ့ခက်ခဲနက်နဲသော ဝိထိစိတ် အစဉ်ကိုသာ သောတုဇနတို့ သိလွယ်စေရန် ရည်သန်သဖြင့် ထုတ်ဖော် ရေးသားပါအံ့။

ရှေးဦးစွာ အနိဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၊ အတိဣဋ္ဌာရုံဟူ၍ အာရုံ သုံးပါးရှိသည်ကိုမှတ်။ အာရုံဟူသည်ကား ဝိပါက်ကိုရည်သည်။ နှလုံး သွင်းဟူသည်ကား ဇောကိုရည်သည်။

✧ ✧ ✧

## ဝိညာဏ် ၆ ပါးဖြစ်ကြောင်း အင်္ဂါများ ပြခြင်း

ဝိညာဏ် (၆) ပါးဖြစ်ကြောင်း အင်္ဂါများ...

(၁) စက္ခုဝိညာဏ်သည် စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက၊ မနသိကာရ၊ ဤလေးပါးစုံညီသောအခါ၌သာ မြင်သည်။

(၂) သောတဝိညာဏ်သည် သောတပသာဒ၊ သဒ္ဒါရုံ၊ အာကာသ၊ မနသိကာရ၊ ဤလေးပါးစုံညီသောအခါ၌သာ ကြားသည်။

(၃) ဃာနဝိညာဏ်သည် ဃာနပသာဒ၊ ဂန္ဓာရုံ၊ ဝါယော၊ မနသိကာရ၊ ဤလေးပါးစုံညီသောအခါ၌သာ နံလေသည်။

(၄) ဇိဝှာဝိညာဏ်သည် ဇိဝှာပသာဒ၊ ရသာရုံ၊ အာပေါ၊ မနသိကာရ၊ ဤလေးပါး စုံညီသောအခါ၌သာ လျက်တဘ်၊ စားတတ်သည်။

(၅) ကာယဝိညာဏ်သည် ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ၊ ပထဝီ၊ မနသိကာရ၊ ဤလေးပါးစုံညီသောအခါ၌သာ တွေ့ထိတတ်သည်။

(၆) မနောဝိညာဏ်သည် ဘဝင်္ဂပစ္ဆေဒ၊ ဓမ္မာရုံ၊ ဟဒယဝတ္ထု၊ မနသိကာရ၊ ဤလေးပါး စုံသောအခါ၌သာ သိတတ်သည်။

ဤ၌ မနသိကာရကား ပဉ္စဒွါရဝိထိ၌ ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရဝိထိတို့၌ မနောဒွါရာဝဇ္ဇန်းဟုမှတ်လေ။

ပစ္စုပ္ပန်ရူပါရုံ၊ စက္ခုပသာဒ၊ ဘဝင် တိုက်ဆိုင်၍ ဉပါဒ်ပြိုင်သောအခါ ဝိထိစိတ္တုပ္ပါဒ်ဖြစ်သည်ရှိသော် ဒွါရအားဖြင့် စက္ခုဒွါရတစ်ဝိထိ၊ ဝိသယပဝတ္တိအားဖြင့် အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ အတိပရိတ္တာရုံဟူ၍ (၄) ဝိထိ။ အတီတဘဝင် အလွန်အားဖြင့် အတိမဟန္တ (၁) ဝိထိ၊ မဟန္တ (၂) ဝိထိ၊ ပရိတ္တ (၆) ဝိထိ၊ အတိပရိတ္တ (၆) ဝိထိအားဖြင့် (၁၅) ဝိထိ။ အနိဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၊ အတိဣဋ္ဌာရုံဟုဆိုအပ်သောအာရုံ၏ အစွမ်းအားဖြင့် (၄၅) ဝိထိ။ နှလုံးသွင်း၏ အစွမ်းအားဖြင့် (၂၆၁) ဝိထိ ဖြစ်၏။ ၎င်း (၂၆၁) ဝိထိကို အစိတ်အားဖြင့် ရေတွက်သော်ဇောကျသောဝိထိကား (၃) ဝိထိ။ ၎င်း (၃) ဝိထိကို အာရုံ၏အစွမ်းအားဖြင့် ရေတွက်သော် အနိဋ္ဌ (၃) ဝိထိ၊ ဣဋ္ဌမဇ္ဈတ္တ (၃) ဝိထိ၊ အတိဣဋ္ဌ (၃) ဝိထိအားဖြင့် (၉) ဝိထိဖြစ်၏။ ဇော (၂၉) ကိုတည်း (၉) ခုနှင့်မြှောက်သော် (၂၆၁) ဝိထိဖြစ်လေသည်ဟုမှတ်။

ဤနည်းကိုမှီ၍ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဒွါရတို့၌ ရေတွက်အပ်၏။ တစ်ဖန် ငါးဒွါရဖြင့်ပေါင်း၍ ရေတွက်သော် ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၍ ဒွါရအားဖြင့် ပဉ္စဒွါရ (၅) ဝိထိ။ ဝိသယပဝတ္တိအစွမ်းဖြင့် (၂၀)။ အတီတဘဝင် အလွန်အားဖြင့် (၇၅) ဝိထိ၊ တစ်နည်း-(၁၀၅) ဝိထိ။ အာရုံ၏အစွမ်းအားဖြင့် (၂၂၅) ဝိထိ၊ တစ်နည်း (၃၁၅) ဝိထိ။ နှလုံးသွင်း၏ အစွမ်းအားဖြင့် (၁၃၀၅) ဝိထိ၊ တစ်နည်း (၁၈၂၇) ဝိထိ ဖြစ်၏။ ပုဂ္ဂိုလ်သန္တာန်ဒြပ်အားဖြင့် အရေအတွက်မရှိ။ ပဉ္စဒွါရဝိထိမှတ်ရန်ပြီး၏။

မနောဒွါရဝိထိမှတ်ရန်ကား။ ရှေးဦးစွာ ဇော (၅၅) ကို တည်၍ ကာမဇော၊ အပ္ပနာဇောဟူ၍ ၂ ပါးခွဲရမည်။ အပ္ပနာဇောမှာ မဟဂ္ဂုတ်ဇော၊ လောကုတ္တရာဇောဟူ၍ ၂ ပါးခွဲရမည်။ ကာမဇောဝါရ၌ သတ္တရသာယုက ဖြစ်ကောင်းသော ရုပ်ဗာဝိသတို့တွင် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုရာ၌ ဝိဘူတာရုံ ၅ ဝိထိ၊ အဝိဘူတာရုံ ၂ ဝိထိ။ အတိတ်ရူပါရုံ အာရုံပြုရာ၌ ဝိဘူတာရုံ ၁ ဝိထိ၊ အဝိဘူတာရုံ ၁ ဝိထိ။ အနာဂတ်ရူပါရုံ အာရုံပြုရာ၌ ဝိဘူတာရုံ ၁ ဝိထိ၊ အဝိဘူတာရုံ ၁ ဝိထိ။ ၎င်းအစိတ်အစိတ်ကို အပေါင်းအားဖြင့် ရေတွက်သော် ရူပါရုံ ၁ ခုကို ဝိသယပဝတ္တိအားဖြင့် ၂ ဝိထိ၊ အတီတဘဝင်အလွန် ကာလ၏ အစွမ်းအားဖြင့် ၁၁ ဝိထိ။ အာရုံ၌ ဤအစွမ်းအားဖြင့် ၃၃ ဝိထိ။ နှလုံးသွင်း၏ အစွမ်းအားဖြင့် (၉၅၇) ဝိထိဖြစ်သည်ဟုမှတ်။ ဤနည်းအတူ သတ္တရသာယုက ပြည့်ကောင်းသော ရုပ်ဗာဝိသကို ရူပါရုံအတိုင်း နည်းမှီ၍တွက်လေ။

(အတိတ်၊ အနာဂတ်အာရုံကို အချုပ်နှင့်။ အတီတဘဝင် အလွန်ကို မဆိုရ၊ ဤကားစကားချပ်။)

ဝိထိကျပုံမှာ။ ။ မျက်ကွယ်ဖြစ်သော ရူပါရုံကို စိတ်နှင့်ကြည့်၍ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသောအခါ မနောဒွါရ ပထမဝိဘူတာရုံဝိထိ

ဖြစ်ဟန်ကား ဘဝင်ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောက် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ ဖြစ်၏။ ထို့နောင် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ လျင်စွာသိတတ်သော ကာမဇော တစ်ခုယုတ် ၃၀ တို့တွင် တစ်ခုခုသည် ဇောကိစ္စတတ်၍ (၇) ကြိမ်။ ထို့နောင် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ ဇောနောက်သို့လိုက်၍ သိသော တဒါရုံဇောကာဒသတို့တွင် တစ်ခုခုသည် တဒါရုံကိစ္စတတ်၍ (၂) ကြိမ်။ ထို့နောင် ဘဝင်ဖြစ်ထိုက်သ၍ဖြစ်၏။ အချုပ်အားဖြင့်ကား ပထမ အတီတဘဝင် တစ်ချက်နှင့်အတူ ဥပါဒ်ပြိုင်သော ပစ္စုပ္ပန်ရူပါရုံ သည် ဒုတိယတဒါရုံနောင် စတုတ္ထဘဝင်၏ဘင်မှာ ချုပ်ပါသည်။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံတို့သည် ပထမ အတီတဘဝင် နှင့် ဥပါဒ်ပြိုင်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါး တို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား ရှေးရှေး သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသော စိတ် (၄၁)၊ ဖြစ်စိတ် (၃) စိတ်၊ အကြိမ် (၁၀) ကြိမ်၊ အတီတဘဝင်တစ်ချက်လွန်၍ တဒါရုံ အဆုံးရှိခြင်းကြောင့် တဒါရမ္မဏာဝါရ ပထမဝိဘူတာရုံ ဝိထိမည်၏ ဟူလိုသော်။

ဤနည်းကိုမှီ၍ ကြွင်းသောဝိထိတို့ကို ချလေ။ သတ္တာရသာယက မပြည့်ကောင်းသည့် ရုပ်၊ စိတ်၊ စေတသိက်၊ ကာလဝိမုတ်၊ နိဗ္ဗာန် ပညတ်ကို အာရုံပြု၍ ဝိထိချရာ၌ အတီတဘဝင် အလွန်ကိုမဆိုရ။ မဟဂ္ဂုတ်၊ လောကုတ္တရာ၊ နိဗ္ဗာန်၊ ပညတ်အာရုံပြုရာ၌ တဒါရုံမကျရ။ ထင်လျှင် ဝိဘူတ။ မထင်လျှင် အဝိဘူတမှတ်။

✧ ✧ ✧

# ပစ္စုပ္ပန်လေးမျိုး မှတ်ရန်

ခဏငယ်အတွင်းကို အာရုံပြုခြင်းသည် ခဏပစ္စုပ္ပန်၊ ဝိထိအတွင်းအာရုံပြုခြင်းသည် သန္တတိပစ္စုပ္ပန်၊ မျိုသောကာလမှစ၍ ဩဇာသည် ကြေသည့်တိုင်အောင်သည် ကာလပစ္စုပ္ပန်၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဘဝဖြစ်ခြင်းသည် အဒ္ဓါပစ္စုပ္ပန် (ဤကားစကားချပ်)။

ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ယထာရဟာဖြစ်သော ကာမစိတ်၊ စေတသိက် ဓမ္မာရုံတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မနောဒွါရ ဝိဘူတာရုံ ဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၏။ ထို့နောင် ကာမစိတ်၊ စေတသိက် ဓမ္မာရုံတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ၁ ကြိမ်၊ ဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သ၍ဖြစ်၏။ (လ) တဒါရုံအဆုံးရှိခြင်းကြောင့် တဒါရမ္မဏဝါရ ဝိဘူတာရုံဝိထိမည်၏ ဟူလိုသော်။

သတ္တရသာယုက မပြည့်ကောင်းသော ရုပ်၊ စိတ်၊ စေတသိက် ဓမ္မာရုံတို့တွင် တစ်ပါးပါး၌ ပစ္စုပ္ပန် (၂) ဝိထိ၊ အတိတ် (၂) ဝိထိ၊ အနာဂတ် (၂) ဝိထိ၊ ဤသို့ (၆) ဝိထိကျလေသည်။ နိဗ္ဗာန် (၂) ဝိထိ ပညတ် (၂) ဝိထိကျလေသည်။ ဤကားစကားချပ်။

တစ်ဖန်အစိတ်စိတ်ပေါင်းရာ၌ သတ္တရသာယုက ပြည့်ကောင်းသော ရုပ်ဗာဝီသတို့၌ ဝိသယ ပဝတ္တိအားဖြင့် ၂ ဝိထိ၊ အတီတဘဝင်ကာလ၏ အစွမ်းအားဖြင့် ၂၄၂ ဝိထိ၊ အာရုံ၏ အစွမ်းအားဖြင့် ၇၂၆ ဝိထိ၊ နှလုံးသွင်း၏ အစွမ်းအားဖြင့် ၂၁၀၅၄ ဝိထိဖြစ်၏။ ကာမစိတ် ၅၄၊ စေတသိက် ၅၂၊ ဝိညတ်ဒွေ၊ လက္ခဏရုပ် ၄ ခုတို့၌ ဝိသယပဝတ္တိ အစွမ်းအားဖြင့် ၂ ဝိထိ၊ ကာလ၏ အစွမ်းအားဖြင့် ၆၇၂ ဝိထိ၊ နှလုံးသွင်း၏ အစွမ်းအားဖြင့် ၁၉၄၈၈ ဝိထိဖြစ်၏။

တစ်ဖန် ကာမတရားအာရုံတို့ကို အာရုံပြု၍ ကျသောဝိထိကို ပေါင်းပြန်သော် ကာလအစွမ်းဖြင့် (၂၁၀၅၄) ဝိထိ၊ အာရုံအစွမ်းအား ဖြင့် (၁၉၄၈၈) ဝိထိ၊ နှလုံးသွင်း၏ အစွမ်းအားဖြင့် (၄၀၅၄၂) ဝိထိ၊ ဤကား ကာမတရားကို အာရုံပြု၍ ဝိထိကျရာ၌ ရေတွက်၍ရသောဝိထိ ပေါင်းဟူ၍မှတ်။

မဟဂ္ဂုတ် စိတ်၊ စေတသိက် ဓမ္မာရုံ အာရုံပြု၍ ကျသောဝိထိ ကား ဝိသယပဝတ္တိအားဖြင့် (၂) ဝိထိ၊ ကာလ၏ အစွမ်းအားဖြင့် (၃၇၂) ဝိထိ၊ နှလုံးသွင်း၏ အစွမ်းအားဖြင့် (၁၀၄၁၆) ဝိထိဖြစ်၏။ အောက်မဂ် ၃၊ အောက်ဖိုလ် ၃၊ စိတ် စေတသိက် ဓမ္မာရုံ၌ ဝိသယပဝတ္တိအားဖြင့် (၂) ဝိထိ၊ ကာလ၏စွမ်းအားဖြင့် (၂၅၂) ဝိထိ၊ နှလုံးသွင်း၏ အစွမ်း အားဖြင့် (၂၀၁၆) ဝိထိဖြစ်၏။

အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ စိတ် စေတသိက် ဓမ္မာရုံ၌ ဝိသယ ပဝတ္တိ အစွမ်းအားဖြင့် (၂) ဝိထိ၊ ကာလ၏အစွမ်းအားဖြင့် (၂၂၈) ဝိထိ၊ နှလုံးသွင်း၏ အစွမ်းအားဖြင့် (၉၁၂) ဝိထိဖြစ်၏။ ပညတ်ဓမ္မာရုံ၌ ဝိသယပဝတ္တိအားဖြင့် (၂) ဝိထိ။ နှလုံးသွင်းအားဖြင့် (၅၆) ဝိထိဖြစ်၏။ နိဗ္ဗာန်ဓမ္မာရုံ၌ ဝိသယပဝတ္တိအားဖြင့် (၂) ဝိထိ၊ နှလုံးသွင်းအားဖြင့် (၁၆) ဝိထိဖြစ်၏။ နိဗ္ဗာန်၊ ပညတ်ဓမ္မာရုံ အာရုံပြုရာ၌ ဥပါဒ်ဋ္ဌီဘင် မရှိသဖြင့် ကာလကိုမဆိုရ။ မနောဒွါရ၌ နှလုံးသွင်းခြင်းအားဖြင့် ကျ သော ဝိထိပေါင်း (၅၃၉၅၈) ဝိထိဖြစ်၏။ အတိတ်၊ အနာဂတ်ကို အချုပ်နှင့်။ အတီတဘဝင် အလွန်မဆိုရဟုမှတ်။

ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ယထာရုပ်ဖြစ်သော ကာမတရား ဓမ္မာရုံတို့တွင် တစ်ပါးပါးကို အာရုံပြုရာ၌ ဝိဘူတာရုံဖြစ်အံ့ ဖြစ် ကောင်းသောစိတ် ၄၁၊ ဖြစ်စိတ် ၃၊ အကြိမ် (၁၀) ကြိမ်။ ဝိထိစိတ် တဒါရုံဆုံးခြင်းကြောင့် တဒါရမ္မဏဝါရ ဝိဘူတာရုံ ဝိထိမည်သည်ဟု

မှတ်၊ အဝိဘူတာရုံဖြစ်အံ့ ဖြစ်ကောင်းသော စိတ် ၃၀၊ ဖြစ်စိတ် ၂၊ အကြိမ် ၈ ကြိမ်။ ဝိထိစိတ်ဇော အဆုံးရှိခြင်းကြောင့် ဇဝနဝါရအဝိဘူတာရုံ ဝိထိမည်သည်ဟုမှတ်။ မဟဂ္ဂုတ်နှင့် ပညတ်ကို အာရုံပြုရာ၌ ဟာသိတုပ္ပါဒ်ကြဉ် ဇော (၂၈) သာဖြစ်၍ ဖြစ်ကောင်းသောစိတ် ၂၉၊ ဖြစ်စိတ် ၂၊ အကြိမ် ၈ ကြိမ်၊ ဝိထိစိတ်ဇောအဆုံးရှိခြင်းကြောင့် ဇဝနဝါရ။ ထင်သည်၏ အစွမ်းအားဖြင့်ဖြစ်သော် ဝိဘူတ။ မထင်သည်၏ အစွမ်းအားဖြင့် ဖြစ်သော် အဝိဘူတာရုံ ဝိထိမည်သည်ဟုမှတ်။

အောက်မဂ်၊ အောက်ဖိုလ် စိတ်၊ စေတသိက် နိဗ္ဗာန် ဓမ္မာရုံ အာရုံပြုရာ၌ ကာမကုသိုလ်၊ ကြိယာသမ္ပယုတ် ၈ ခုသာဖြစ်၍ ဖြစ်ကောင်းသောစိတ် ၉၊ ဖြစ်စိတ် ၂၊ အကြိမ် ၈ ကြိမ်။ ဝိထိစိတ်ဇော အဆုံးရှိခြင်း ကြောင့် ဇဝနဝါရ။ ထင်ရှားသည့်၏ အစွမ်းအားဖြင့် ဝိဘူတ။ မထင် သည်၏ အစွမ်းအားဖြင့် အဝိဘူတာရုံ ဝိထိမည်သည် ဟုမှတ်။

အရဟတ္တမဂ်၊ အရဟတ္တဖိုလ် စိတ်၊ စေတသိက် ဓမ္မာရုံ အာရုံပြုရာ၌ မဟာကြိယာ သမ္ပယုတ် (၄) ခုသာဖြစ်၍ ဖြစ်ကောင်းသော စိတ် ၅ ခု၊ ဖြစ်စိတ် ၂၊ အကြိမ် ၈ ကြိမ်၊ ဝိထိစိတ်ဇော အဆုံးရှိခြင်း ကြောင့် ဇဝနဝါရ။ ထင်ရှားသည်၏ အစွမ်းအားဖြင့် ဝိဘူတ၊ မထင်ရှားသည်၏ အစွမ်းအားဖြင့် အဝိဘူတာရုံဝိထိ မည်သည်ဟုမှတ်။

ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား ကာမဇောဝါရ မနောဒွါရဝိထိဟု မှတ်ရန်တည်း။

✧✧✧

# ပုဂ္ဂိုလ်၊ ဒွါရ၏ အစွမ်းဖြင့် ဝိထိဖြစ်ပုံပြခြင်း

## ပဉ္စဒွါရဝိထိ၌ အသီးသီးသောပုဂ္ဂိုလ်၏ အစွမ်း မှတ်ရန်

| ပုဂ္ဂိုလ် | ဖြစ်ကောင်းသောစိတ် | ဖြစ်စိတ် | အကြိမ် | တဒါရုံ | ဇော |
|---|---|---|---|---|---|
| ဒု | ၃၇ | ၇ | ၁၄ | ၃ | ၂၀ |
| သု | ၄၁ | ၇ | ၁၄ | ၇ | ၂၀ |
| ဒွိ | ၄၁ | ၇ | ၁၄ | ၁၁ | ၂၀ |
| တိ | ၄၅ | ၇ | ၁၄ | ၁၁ | ၂၀ |
| သော | ၄၀ | ၇ | ၁၄ | ၁၁ | ၁၅ |
| သ | ၄၀ | ၇ | ၁၄ | ၁၁ | ၁၅ |
| နာ | ၃၈ | ၇ | ၁၄ | ၁၁ | ၁၃ |
| ရ | ၃၄ | ၇ | ၁၄ | ၁၁ | ၉ |

## မနောဒွါရ ကာမဇောဝါရ မှတ်ရန်

| ပုဂ္ဂိုလ် | ဖြစ်ကောင်းသောစိတ် | ဖြစ်စိတ် | အကြိမ် | တဒါရုံ | ဇော |
|---|---|---|---|---|---|
| ဒု | ၂၄ | ၃ | ၁၀ | ၃ | ၂၀ |
| သု | ၂၀ | ၃ | ၁၀ | ၇ | ၂၀ |
| ဒွိ | ၂၀ | ၃ | ၁၀ | ၁၁ | ၂၀ |
| တိ | ၃၂ | ၃ | ၁၀ | ၁၁ | ၂၀ |
| သော | ၂၇ | ၃ | ၁၀ | ၁၁ | ၁၅ |
| သ | ၂၇ | ၃ | ၁၀ | ၁၁ | ၁၅ |
| နာ | ၂၅ | ၃ | ၁၀ | ၁၁ | ၁၃ |
| ရ | ၂၁ | ၃ | ၁၀ | ၁၁ | ၉ |

ပုဂ္ဂိုလ်ဒွါရ၏ အစွမ်းဖြင့် သာမညရေတွက်၍ ဖြစ်ကောင်းသော စိတ်၊ ဖြစ်စိတ်၊ အကြိမ်တို့ကို ဇယားပြထားခြင်းကို နည်းမှီ၍အာရုံပြု၏ အစွမ်းအားဖြင့် ရထိုက်သော အခြင်းအရာကို ဉာဏ်အားဖြင့် ရှေးရှု၍ ရေတွက်လေ။ (ဤကား အမှာစကားတည်း)။

အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့သည် အာရုံမပြုနိုင်၊ ရဟန္တာပုဂ္ဂိုလ်သည်သာလျှင် အာရုံပြုနိုင်သည်၊ ဖြစ်ကောင်းသောစိတ် (၅)။ ဖြစ်စိတ် (၂)။ အကြိမ် (၈) ကြိမ်။ ဇော မဟာ ကြိယာ ဉာဏသမ္ပယုတ်သာတည်း။

ဒုဂ္ဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်သည် စက္ခုဒွါရ၌ ဖြစ်ကောင်းသောစိတ် (၃၇)၊ ဖြစ်စိတ် (၇)၊ အကြိမ် (၁၄) ကြိမ်၊ ဒွါရအားဖြင့် (၁) ဝိထိ။ ဝိသယပဝတ္တိအားဖြင့် (၄) ဝိထိ၊ အတီတဘဝင် အလွန်အားဖြင့် ၁၅ ဝိထိ၊ အာရုံ၏အစွမ်းအားဖြင့် ၄၅ ဝိထိ၊ နှလုံးသွင်း၏ အစွမ်းအားဖြင့် (၂၆၁) ဝိထိဖြစ်သတည်း။ ကြွင်းသောပုဂ္ဂိုလ် ဒွါရတို့ကိုလည်း နည်းမှီ၍ဆိုလေ။

မနောဒွါရ ကာမဇောဝါရ စေတသိက်ကို အာရုံပြု၍ ဝိထိချဟန်ကား ပစ္စုပ္ပန်လောဘမူ ပထမစိတ်၌ရှိသော ဖဿကို အာရုံပြု၍ မနောဒွါရဝိထိ ဖြစ်ဟန်ကား ဘဝင်ဘဝင် (န) (ဒ) (မ) (ဇော) (၇) ကြိမ် တဒါရုံ (၂) ကြိမ်။ ဘဝင်ဘဝင်။ အကျယ်ဖော်၍ဆို၊ နည်းရရုံမျှပြပေသည်။ ဇောကား ကာမဇောတည်း၊ ဉာဏ်ရှိသမျှချဲ့လေ။

(စျာနဝိထိမှတ်ရန်) မဟဂ္ဂုတ် ဇော (၁၈) ခုတို့တွင် ပညတ်ဓမ္မာရုံကို အာရုံပြုသော မဟဂ္ဂုတ်ဇော (၁)၊ မဟဂ္ဂုတ်ဓမ္မာရုံကို အာရုံပြုသော မဟဂ္ဂုတ်ဇော (၄) ဟု ရှေးဦးစွာ ဝေဖန်ပြီးလျှင် ၎င်းမဟဂ္ဂုတ်ဇောသည် ကာမာဝစရဇောကဲ့သို့ ဖြစ်သလော။ ထိုသို့ မဟုတ်ပါ။ ရသစ်စ ဖြစ်က ၁ ကြိမ်သာ ကျပါသည်။ ရပြီးသည်နောက် ဝင်စားသည်၏

အစွမ်းအားဖြင့် အကြိမ်အရေအတွက်မရှိ ကျပါသည်။ ဈာန်ဇော ၁ ကြိမ်ကျသော ဝိထိသည် အာဒိကမ္မိကဝိထိ မည်ပါသည်။ ဈာန်ဇော အကြိမ်အရေအတွက်မရှိ ကျသော ဝိထိသည် သမာပဇ္ဇနဝိထိ မည်ပါသည်။ ၎င်းအာဒိကမ္မိက ဝိထိကို အဘယ်ကဲ့သို့ချရပါမည်နည်း။

ပညတ် (၂၆) ပါးကို အာရုံပြု၍ အပေါင်းအာဒိကမ္မိက ဝိထိချပုံကား ဘဝင်ဘဝင် (န) (ဒ)၊ ထို့နောင် (၂၆) ပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ (၁) ကြိမ်။ ထို့နောင် (၂၆) ပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် ကြိယာဉာဏသမ္ပယုတ်ဇော (၈) ခုတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု (၄) ကြိမ်၊ (၃) ကြိမ်။ ထို့နောင် (၂၆) ပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဝိညာဏဉ္စာယတန၊ နေဝသညာ နာသညာ ယတနကုသိုလ် ကြိယာဈာန်ဇော (၄) ခုကို ကြဉ်အပ်သော မဟဂ္ဂုတ်ကုသိုလ် ကြိယာ ဈာန်ဇော (၁၄) သည် အပ္ပနဈာန်ဇော ကိစ္စတတ်၍ (၁) ကြိမ်။ ထို့နောင် ဘဝင်ဖြစ်ထိုက်သ၍ဖြစ်၏။ အာရုံအားဖြင့်ကား မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ အပ္ပနာဈာန်ဇောဝိထိ စိတ်တို့သည် (၂၆) ပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ အမှီအားဖြင့်ကား အလုံးစုံသော စိတ်တို့သည် ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုတို့ကို နောက်နောက်သောစိတ်က မှီပါသည်။ ဤဝိထိ၌ဖြစ်ကောင်းသော စိတ် (၂၃)၊ ဖြစ်စိတ် (၃)၊ အကြိမ် (၅) ကြိမ် (၆) ကြိမ်၊ ဤဝိထိသည်ကား ရသစ်စကာလ၌ ဖြစ်ခြင်းကြောင့် အာဒိကမ္မိကဝိထိ

ဟူလိုသော်။ သမာပဇ္ဇနဝိထိလည်း ဤနည်းတူ။ ဈာန်အကြိမ်အရေအတွက် မရှိသည်သာ ထူးသည်။

အစိတ်အစိတ်ချနည်းကား။ တိဟိတ်ပုထုဇဉ် သေက္ခ ရူပါဝစရ ပထမဈာန အာဒိကမ္မိကဝိထိ ဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် (၂၅) ပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ ၁ ကြိမ်။ ထို့နောင် (၂၅) (လ) ပြု၍ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု (၄) ကြိမ်၊ (၃) ကြိမ်။ ထိုနောင် (၂၅) (လ) ပြု၍ ဈာန်အင်္ဂါ (၅) ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပထမဈာန်ဇောစိတ်သည် အပ္ပနာဇောကိစ္စတတ်၍ ၁ ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သ၍ ဖြစ်၏။ အာရုံ၊ အမှီတို့ကိုဆိုလေ။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် (၄) စိတ်၊ ဖြစ်စိတ် (၃) စိတ်၊ အကြိမ် (၅) ကြိမ်၊ (၆) ကြိမ်၊ ဤဝိထိသည်ကား ရူပါဝစရကုသိုလ် ပထမဈာန်ကို ရသစ်စကာလ၌ ဖြစ်ခြင်းကြောင့် ကုသိုလ်ရူပါဝစရ ပထမဈာန အာဒိကမ္မိကဝိထိမည်၏ ဟူလိုသော်။

သမာပဇ္ဇန ဝိထိချုပ်။ တိဟိတ်ပုထုဇဉ်သေက္ခ ရူပါဝစရ ပထမဈာန သမာပဇ္ဇန ဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ န၊ ဒ၊ မ။ ထိုနောင် (၂၅) ပါးသော ပညတ်ပဋိဘာဂ နိမိတ်တို့တွင် (လ) ဈာန်အင်္ဂါ (၅) ပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပထမဈာန်ဇောစိတ်သည် အပ္ပနာ ဇောကိစ္စတတ်၍ အကြိမ်များစွာ။ ထို့နောင် ဘဝင်ဖြစ်ထိုက်သ၍ ဖြစ်၏။ အာရုံ၊ အမှီကိုဆိုလေ၊ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် (၄)၊ ဖြစ်စိတ် (၃)၊ အကြိမ် အရေအတွက်မရှိ။ ဤဝိထိကား ရူပါဝစရ ပထမဈာန်ကို ဝင်စားသည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် ရူပါဝစရ ပထမဈာန သမာပဇ္ဇနဝိထိမည်၏ ဟူလိုသော်။

ဤသို့လျှင် ရူပါဝစရကုသိုလ် ပထမဈာန် ဇောစိတ်သည် ဒွါရ၏ အစွမ်းအားဖြင့် မနောဒွါရ။ ဝိသယပဝတ္တိ၏ အစွမ်းအားဖြင့် ဝိဘူတ၊ အဝိဘူတ (၂) ပါးတို့တွင် ဝိဘူတ။ ရသစ်စ ဝင်စားသည်၏ အစွမ်းအားဖြင့် (၂) ဝိထိ။ အာရုံ၏ အစွမ်းအားဖြင့် (၂၀)။ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ကိစ္စတတ်သော သင်္ခါရ၏ အစွမ်းအားဖြင့် (၁၀၀)။ ကုသိုလ် ကြိယာ၏ အစွမ်းအားဖြင့် (၂၀၀)။ ပုဂ္ဂိုလ် သန္တာန်ဒြပ် အကြိမ်အားဖြင့် ဝေဖန်သည်ရှိသော် အရေအတွက်မရှိ။

ဘုရားရဟန္တာဖြစ်က ကြိယာရူပါဝစရ ပထမဈာန အာဒိကမ္မိက ဝိထိဖြစ်ဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ (၂၅) ပါးသော ပညတ်ပဋိဘာဂ နိမိတ်တို့တွင် (လ) အာဝဇ္ဇန်းကိစ္စတတ်၍ ၁ ကြိမ်။ (၂၅) ပါး (လ) ပြု၍ မဟာကြိယာ ပထမဒွေတို့တွင် တစ်ခုခု သည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု (၄) ကြိမ်၊ (၃) ကြိမ်။ ထိုနောင် ၂၅ (လ) အပ္ပနာဈာန် ဇောကိစ္စတတ်၍ ၁ ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သ၍ ဖြစ်၏။ အာရုံ အမှီကိုဆိုလေ။ ဖြစ်ကောင်းသော စိတ် (၄)၊ ဖြစ်စိတ် (၃)၊ အကြိမ် (၅) ကြိမ်၊ (၆) ကြိမ်။ ဤဝိထိကား ရူပါဝစရ ကြိယာပထမဈာန်ကို ရသစ်စကာလ၌ ဖြစ်သောကြောင့် ရူပါဝစရ ကြိယာ ပထမဈာန အာဒိကမ္မိက ဝိထိမည်၏ဟူလိုသော်။ ရူပါဝစရ ကြိယာ ပထမဈာန သမာပဇ္ဇနဝိထိကို ရှေးနည်းကိုမှီ၍ ချလေ၊ မခဲယဉ်းတော့ပြီ။

တိဟိတ်ပုထုဇဉ်သေက္ခ ရူပါဝစရ ဒုတိယ၊ တတိယ၊ စတုတ္ထ ဈာနအာဒိကမ္မိက၊ သမာပဇ္ဇနဝိထိတို့သည် ရှေးပထမဈာနအာဒိ ကမ္မိက၊ သမာပဇ္ဇန ဝိထိကဲ့သို့ပင်တည်း။ တစ်ဆယ့်လေးပါးသော ပညတ် ပဋိဘာဂနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ဆိုရုံမျှသာ ထူး၏။ ရှေးနည်းကိုမှီ၍ သိလောက်ပြီ။

တိဟိတ်ပုထုဇဉ် သေက္ခရူပါဝစရ ပဥ္စမဈာန အာဒိကမ္မိက၊ သမာပဇ္ဇနဝိထိ၌လည်း တစ်ဆယ့်နှစ်ပါးသော ပညတ်ပဋိဘာဂ နိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ စသည် ၄ ကြိမ်၊ ၃ ကြိမ်။ ထို့နောင် ဈာန်စသည်ဆိုလေ။ အသေက္ခဖြစ်က ရူပါဝစရ ကြိယာဈာနဝိထိလည်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်၌ ကာမဇောသည် မဟာကြိယာ ပထမဒွေချ။ ပဥ္စမဈာန်၌ မဟာကြိယာတတိယဒွေချ။ အကြွင်းရှေးနည်း။

တိဟိတ်ပုထုဇဉ် သေက္ခ၌ ကုသိုလ်အာကာသာနဥ္စာ ယတန ဈာန အာဒိကမ္မိကဝိထိ ဖြစ်ဟန်ကား ဘဝင်ဘဝင်၊ န၊ ဒ။ ထို့နောင် အာကာသသည် ကြဉ်သော ကသိုဏ်း (၉) ပါးတို့တွင် တစ်ပါးပါးကို ခွာ၍ရအပ်သော ကောင်းကင်ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ ၁ ကြိမ်။ ထို့နောင် (လ)။ ပြု၍ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ၄ ကြိမ်၊ ၃ ကြိမ်။ ထိုနောင်။(လ)။ ပြု၍ ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ကုသိုလ်အာကာသာနဥ္စာယတနဈာန်စိတ်သည် အပ္ပနာဈာန်ဇောကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် ဘဝင်ဖြစ်ထိုက်သ၍ ဖြစ်၏။ အာရုံ အမှီကိုဆိုလေ။

ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄၊ ဖြစ်စိတ် ၃၊ အကြိမ် ၅ ကြိမ်၊ ၆ ကြိမ်။ ဤဝိထိကား ကုသိုလ်အာကာသာနဥ္စာယတနဈာန်ကို ရသစ်စဖြစ်ခြင်းကြောင့် ကုသိုလ်အာကာသာနဥ္စာယတန အာဒိကမ္မိကဝိထိမည်၏ဟုလိုသော်။

သမာပဇ္ဇနဝိထိလည်း နည်းတူ။ ဈာန်အကြိမ်များစွာ ကျသည်သာ ထူး၏။ ကုသိုလ်ဝိညာဏဥ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန ဈာနဝိထိတို့သည် အာရုံပြုမှုသာထူး၏။ အကြွင်းတူပြီ။

ကြိယာ အာကာသာနဉ္စာယတန၊ (လ)။ တို့သည် အသေက္ခ ပုဂ္ဂိုလ်နှင့် မဟာကြိယာ တတိယဒွေဆိုလေ။ လွယ်ပြီ။ မဟဂ္ဂုတ်ဝိထိ ပြီး၏။

မဂ္ဂဝိထိမှတ်ရန်။ အပေါင်းမဂ္ဂ ဝိထိချဟန်ကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် တေဘုမ္မက သင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ် သည် အာဝဇ္ဇန်းကိစ္စတတ်၍တစ်ကြိမ်။ ထို့နောင် တေဘုမ္မက၊(လ)။ ပြု၍ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံဟု ၂ ကြိမ်၊ ၃ ကြိမ်။ နိဗ္ဗာန်ကိုအာရုံပြု၍ မဟာကုသိုလ် ပထမ ဒွေတို့တွင် တစ်ခုခုသည် ဂေါတြဘူ၊ ဝေါဒါန်ကိစ္စတတ်၍တစ်ကြိမ်။ ဝေါဒါန်ဆိုသည်မှာ သကဒါဂါမိမဂ်စသည် ၃ ပါးကို ရည်သည်။ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ မဂ် ၄ ပါးတို့တွင် တစ်ပါးပါးသည် မဂ်ကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် နိဗ္ဗာန်ကို အာရုံပြု၍ မဂ်အားလျော် စွာ ဖိုလ် ၄ ခုတို့တွင် တစ်ခုခုသည် ဖိုလ်ကိစ္စတတ်၍ ၂ ကြိမ်၊ ၃ ကြိမ်။ ထို့နောင် ဘဝင်ဘဝင်။ အာရုံ၊ အမှီဆိုလေ။ ဤဝိထိ၌ ဖြစ်ကောင်းသော စိတ်–၁၁၊ ဖြစ်စိတ်–၄၊ အကြိမ်–၈ ကြိမ်။ ဤဝိထိကား မဂ်ကိုရသည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် မဂ္ဂဝိထိမည်၏ ဟူလိုသော်။ အပေါင်း ဖလသမာပတ္တိဝိထိလည်း ရှေးနည်းတူ၊ ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ် ကြိယာဇော ၄ ခုတို့တွင် တစ်ခုခုသည် အနုလုံ၊ အနုလုံဟု ၄ ကြိမ်၊ ၃ ကြိမ်။ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ ဖိုလ် ၄ ခုတို့တွင် တစ်ခုခုသည် ဖိုလ်ဖိုလ်ဟု အကြိမ်များစွာ။ ထို့နောင် ဘဝင်ဘဝင်။ အာရုံ အမှီဆိုလေ။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၉၊ ဖြစ်စိတ် ၃၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိသည်ကား ဝင်စားသည်၊(လ)။ သော်။

တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ် ဝိပဿနာကို အားထုတ်၍ ဝိပဿနာ

ဉာဏ်ထင်သဖြင့် သောတာပတ္တိမဂ္ဂ အာဒိကမ္မိက ဝိထိဖြစ်ဟန်ကား ဘဝင် ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ တေဘူမ္မက သင်္ခါရကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံဟု ၂ ကြိမ်၊ ၃ ကြိမ်။ နိဗ္ဗာန်ကို အာရုံပြု၍ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခုသည် ဂေါတြဘူ။ နိဗ္ဗာန်ကို အာရုံပြု၍ သောတာပတ္တိမဂ်စိတ်သည် မဂ်ကိစ္စတတ်၍တစ်ကြိမ်။ နိဗ္ဗာန်ကို အာရုံပြု၍ မဂ်အားလျော်စွာ ဖိုလ် ၂ ကြိမ်၊ ၃ ကြိမ်၊ ဘဝင် ဘဝင်။ အာရုံ အမှီဆိုလေ။ ဖြစ်ကောင်းသောစိတ် ၅ ၊ ဖြစ်စိတ် ၄ ၊ အကြိမ် ၈ ကြိမ်။ ဤဝိထိကား သောတာပတ္တိမဂ်ကို ရသည်၏ အစွမ်း အားဖြင့် ဖြစ်ခြင်းကြောင့် သောတာပတ္တိမဂ္ဂဝိထိမည်၏ ဟူလိုသော်။

ဖလသမာပတ်ဝိထိကား ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ တေဘူမ္မက သင်္ခါရကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခုသည် အနုလုံ၊ အနုလုံဟု ၄ ကြိမ်၊ ၃ ကြိမ်။ နိဗ္ဗာန်ကိုအာရုံပြု၍ သောတာပတ္တိဖိုလ်စိတ်သည် ဖိုလ်ဖိုလ်ဟု အကြိမ်များစွာ။ ဘဝင်ဘဝင်။ အာရုံ အမှီဆိုလေ။ ဖြစ်ကောင်းသောစိတ် ၄၊ ဖြစ်စိတ် ၃၊ အကြိမ်အရေအတွက်မရှိ။ ဤဝိထိကား သောတာပတ္တိဖိုလ်ကို ဝင်စားသည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် သောတာပတ္တိ ဖလသမာပတ္တိ ဝိထိမည်၏ ဟူလိုသော်။ ကြွင်းသောအထက်မဂ္ဂဝိထိ၊ ဖလသမာပတ္တိဝိထိလည်း သိလောက်ပေပြီ။

ဈာနလာဘီ တိဟိတ်ပုထုဇဉ်သေကာ ပထမဈာန သောတာပတ္တိမဂ္ဂဝိထိဖြစ်ဟန်ကား မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဖြစ်၍ ချုပ်၏။ ထိုနောင် တေဘူမ္မကသင်္ခါရတို့တွင် တစ်ပါးပါး

ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်း ကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် တောဘုမ္မကၤ(လ)၊ ၍ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံဟု ၂ ကြိမ်၊ ၃ ကြိမ်။ နိဗ္ဗာန်ကို အာရုံပြု၍ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခု သည် ဂေါတြဘူတစ်ကြိမ်။ နိဗ္ဗာန်ကိုအာရုံပြု၍ ဈာန်အင်္ဂါ ၅ ပါးနှင့် ပြည့်စုံသော ကုသိုလ်ပထမဈာန သောတာပတ္တိမဂ်စိတ်သည် မဂ်ကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် နိဗ္ဗာန်ကို အာရုံပြု၍ မဂ်အား လျော်စွာ သောတာပတ္တိဖိုလ်စိတ်သည် ဖိုလ်ကိစ္စတတ်၍ ၂ ကြိမ်၊ ၃ ကြိမ်။ ထိုနောင် ဘဝင်ဖြစ်၍ ချုပ်၏။

အာရုံ အမှီဆိုမြဲ။ ဖြစ်ကောင်းသောစိတ် ၅၊ ဖြစ်စိတ် ၄၊ အကြိမ် ၈ ကြိမ်။ ဤဝိထိသည်ကား ကုသိုလ်ပထမဈာန သောတာပတ္တိမဂ်ကို ရသည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် ပထမဈာနသောတာပတ္တိ မဂ္ဂဝိထိမည်၏ဟုလိုသော်။ (၃၀) (၆) (၈၃) သေက္ခပုဂ္ဂိုလ် ပထမဈာန သောတာပတ္တိ ဖလသမာပတ္တိ ဝိထိဖြစ်ဟန်ကား မိမိပဋိသန္ဓေ၊(လ)။ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တောဘုမ္မကသင်္ခါရတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဆင်ခြင် တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် တောဘုမ္မကၤ(လ)။ ၍ မဟာကုသိုလ် ပထမဒွေတို့တွင် တစ်ခုခု သည် အနုလုံ၊ အနုလုံဟု ၄ ကြိမ်၊ ၃ ကြိမ်။ ထိုနောင် နိဗ္ဗာန်ကို အာရုံ ပြု၍ ဈာန်အင်္ဂါ ၅ ပါးနှင့် ပြည့်စုံသော ပထမဈာန သောတာပတ္တိဖိုလ် စိတ်သည် ဖိုလ်ကိစ္စတတ်၍ အကြိမ်များစွာ။ ထိုနောင် ဘဝင် ကိစ္စ တတ်၍ ချုပ်၏။ အာရုံ အမှီဆိုမြဲ။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် ၄၊ ဖြစ်စိတ် ၃ ၊ အကြိမ်အရေအတွက် မရှိ။ ဤဝိထိကား ပထမဈာန သောတာပတ္တိဖိုလ်ကို ဝင်စားသည်၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် ပထမဈာန သောတာပတ္တိ ဖလသမာပတ္တိမည်၏ ဟူလိုသော်။

ပဥ္စမစျာနသောတာပတ္တိ မဂ္ဂဝိထိ၊ ဖလသမာပဇ္ဇနဝိထိ ချရာ၌ ရေးနည်း။ မဟာကုသိုလ် တတိယဒွေတို့တွင်၊ လ။ ဈာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော စသည်ဖြင့် ဆိုရုံထူး၏။ ကြွင်းသော သကဒါဂါ မိမဂ္ဂ၊ အနာဂါမိမဂ္ဂ၊ အရဟတ္တမဂ္ဂဝိထိ၊ ဖလသမာပတ္တိဝိထိတို့ကို ရေးနည်းကိုမှီ၍ဆိုလေ။ ဝေါတြဘူနေရာ၌ ဝေါဒါန်ဆိုပါ။ အရဟတ္တ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် မဂ္ဂဝိထိ၊ ဖလသမာ ပတ္တိဝိထိ၌ မဟာကြိယာ ပထမဒွေ။ ပဥ္စမစျာနအရဟတ္တမဂ္ဂဝိထိ၌ မဟာကြိယာတတိယဒွေဆိုပါလေ။

ဤသို့လျှင် မဂ္ဂဝိထိအကျဉ်း၌ ဒွါရအားဖြင့် မနောဒွါရ၊ ဝိသယ ပဝတ္တိအားဖြင့် ဝိဘူတ၊ ဈာန်အင်္ဂါအားဖြင့် (၂၀)၊ သင်္ခါရအားဖြင့် (၄၀) ဖြစ်သတည်း။

ပဥ္စဒွါရမရဏာသန္န ဝိထိမှတ်ရန်ကား ထင်ရှားရှိသော ဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံး စုတိကျ၍ ကာမပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခုဖြင့် ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်အား ပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၏။ တဒါရုံနောင် စုတိကျသော စက္ခုဒွါရ မရဏာသန္န ဝိထိဖြစ်ဟန်ကား မိမိပဋိသန္ဓေနှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဘဝင်ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ထိုနောင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကိုအာရုံပြု၍ ဆင်ခြင်တတ် သော ပဥ္စဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ (၁) ကြိမ်။ ထိုနောင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ မြင်တတ်သော စက္ခု ဝိညာဏ်ဒွေတို့တွင် တစ်ခုခုသည် ဒဿနကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် (လ) ၍ ခံလင့်တတ်သော သမ္ပဋိစ္ဆိုန်းဒွေတို့တွင် တစ်ခုခု

သည် သမ္ပဋိစ္ဆိုန်းကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် (လ) ၍ စုံစမ်းတတ်သော သန္တီရဏ (၃) ခုတို့တွင် တစ်ခုခုသည် သန္တီရဏ ကိစ္စတတ်၍ တစ်ကြိမ်။ ထိုနောင် (လ) ၍ မှတ်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် ဝုဋ္ဌောကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် (လ) ၍ လျင်စွာသိတတ်သော ကာမကုသိုလ် အကုသိုလ်ဇော (၂၀) တို့တွင် တစ်ခုခုသည် မရဏာသန္န ဇောကိစ္စတတ်၍ (၅) ကြိမ်။ ထိုနောင် ထိုဇော၏ အာရုံကို အာရုံပြုတတ်သော တဒါရုံ ဧကာဒသတို့တွင် တစ်ခုခုသည် တဒါရုံကိစ္စတတ်၍ (၂) ကြိမ်။ မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ စုတိကိစ္စတတ်၍ချုပ်၏။

ထိုနောင် များသောအားဖြင့် ဘဝတစ်ပါးက စက္ခုဒွါရဖြင့် မရဏာသန္န ဇောသည် ယူအပ်ပြီးသော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာမပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခုသည် ပဋိသန္ဓေကိစ္စတတ်၍ ၁ ကြိမ်။ ထိုနောင် မိမိပဋိသန္ဓေနှင့်တူသော စိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် ဘဝတစ်ပါးက စက္ခုဒွါရ မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင် (၁၆) ကြိမ်။ ထိုနောင် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟုဆိုအပ်သော ဘဝသစ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ၁ ကြိမ်။ ထိုနောင် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟုဆိုအပ်သော ဘဝသစ်ကို အာရုံပြု၍ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်။ ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ထိုမိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် ဘဝတစ်ပါးက စက္ခုဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင်ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်၍ချုပ်၏။

အချုပ်ကား အတီတဘဝင်၏ ဥပါဒ်မှဖြစ်ခဲ့သော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်သည် ပဋိသန္ဓေစိတ်၏ ဘင်မှာချုပ်ပါသည်။ ဘဝဟောင်း၌ အာရုံအားဖြင့်ကား ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မရဏာသန္နဇော၊ တဒါရုံဝိထိစိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ရှေ့ဘဝင် စုတိစိတ်တို့သည် မိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ဘဝသစ်၌ အာရုံအားဖြင့်ကား ပဋိသန္ဓေစိတ်သည် များသောအားဖြင့် ဘဝတစ်ပါးက စက္ခုဒွါရဖြင့် မရဏာသန္န ဇောသည် ယူအပ်ပြီးသော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ပဋိသန္ဓေနောင် ဘဝင် (၁၆)၊ ဘဝနိကန္တိက လောဘဇော နောင် ဘဝင်တို့သည် မိမိပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော များသောအားဖြင့် ဘဝတစ်ပါးက စက္ခုဒွါရ မရဏာသန္နဇောသည် ယူအပ်ပြီးသော အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇောတို့သည် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟုဆိုအပ်သော ဘဝသစ်ကို အာရုံပြုကုန်၏။

ဘဝဟောင်း၌ အမှီအားဖြင့်ကား စက္ခုဝိညာဏ်စိတ်သည် စုတိစိတ်မှ ပြန်၍ရေသည့်ရှိသော် (၁၇) ချက်မြောက်သော အတီတဘဝင်၏ ရှေးပထမဘဝင်စိတ်၏ ဥပါဒ်မှ ဖြစ်ခဲ့သော မဇ္ဈိမာယုကထိုက်သော စက္ခုပသာဒရုပ်တစ်ခုကိုသာ စက္ခုဝိညာဏ်စိတ်က မှီပါသည်။ စက္ခုဝိညာဏ်စိတ်မှ ကြွင်းသောအလုံးစုံသော စိတ်တို့သည် စုတိစိတ်မှ ပြန်၍ရေသည့်ရှိသော် (၁၆) ချက်မြောက်သော အတီတဘဝင်မှစ၍ စုတိတိုင်အောင်သော စိတ်တို့သည် စုတိစိတ်မှ ပြန်၍ရေသည့်ရှိသော် (၁၇) ချက်မြောက်သော အတီတဘဝင်၏ ရှေးပထမဘဝင်၏ ဥပါဒ်မှ ဖြစ်ခဲ့သော ဟာဒယဝတ္ထုကို စုတိတိုင်အောင်သော စိတ်တို့က မှီပါသည်။

ဘဝသစ်၌ အမှီအားဖြင့်ကား ပဋိသန္ဓေစိတ်သည် မိမိပဋိသန္ဓေ စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို သဟဇာတ ပစ္စယသတ္တိဖြင့် ပဋိသန္ဓေစိတ်က မှီပါသည်။ ပဋိသန္ဓေမှ ကြွင်းသော အလုံးစုံသောစိတ် တို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို နောက်နောက်သော စိတ်က မှီပါသည်။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် (၃၇)၊ ဖြစ်စိတ် (၇)၊ အကြိမ် (၁၂) ကြိမ်။ ဝိထိစိတ် တဒါရုံ အဆုံးရှိခြင်း ကြောင့် တဒါ ရမ္မဏဝါရ စက္ခုဒွါရမရဏာသန္န ဝိထိမည်၏ဟူလို သော်။ ဤနည်းကိုမှီ၍ ကြွင်း (၃) ဝိထိကိုဆိုလေ။

ဇဝနဝါရစက္ခုဒွါရ ဝိထိ၌ ဖြစ်ကောင်းသောစိတ် (၂၉)၊ ဖြစ်စိတ် (၆)၊ အကြိမ် (၁၀) ကြိမ်။ ဤသို့လျှင် စက္ခုဒွါရ မရဏာသန္နဝိထိ၌ ဒွါရ၏ အစွမ်းအားဖြင့် (၅)။ ဝါရ၏ အစွမ်းအားဖြင့် (၄)။ အာရုံ၏ အစွမ်းအားဖြင့် (၁၂)။ အကုသိုလ် နှလုံးသွင်း (၄၈)။ ကုသိုလ်နှလုံး သွင်း (၆၄)။ ဤသို့လျှင် ကုသိုလ်၊ အကုသိုလ်၊ နှလုံးသွင်း၏ အစွမ်း အားဖြင့် (၁၁၂) ဝိထိ ဖြစ်၏။

ဤသို့လျှင် ဒွါရ၏အစွမ်းအားဖြင့် (၅)။ ဝါရ၏ အစွမ်းအားဖြင့် (၂၀)၊ တစ်နည်း-(၂၈)။ အာရုံ၏ အစွမ်းအားဖြင့် (၆၀)၊ တစ်နည်းကား- (၈၄)။ အကုသိုလ် နှလုံးသွင်းအားဖြင့် (၂၄၀)၊ တစ်နည်း- (၃၃၆)။ ကုသိုလ်နှလုံးသွင်းအားဖြင့် (၃၂၀)၊ တစ်နည်း-(၄၄၈)။ ကုသိုလ်၊ အကုသိုလ် နှလုံးသွင်းအားဖြင့် ၂ ပါးကို ပေါင်းသည်ရှိသော် (၅၆၀)၊ တစ်နည်း-(၇၈၄) ဝိထိဖြစ်၏။

ကာမ မနောဒွါရ မရဏာသန္နဝိထိမှတ်ရန်ကား ထင်ရှားရှိသော ဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံး စုတိကျ၍ ကာမ ပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခုဖြင့် ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ် အား အတိတ်အကုသိုလ် ကံနိမိတ်တစ်ဆယ့်တစ်ပါးတို့တွင် တစ်ပါးပါး

ကို အာရုံပြု၍ တဒါရုံနောင် စုတိ။ တဒါရုံနောင်ဘဝင်၊ ဘဝင်နောင် စုတိ။ ဇောနောင် စုတိ၊ ဇောနောင်ဘဝင်၊ ဘဝင်နောင်စုတိအားဖြင့် လေးပါးတို့တွင် တဒါရုံနောင်စုတိ မနောဒွါရ မရဏာသန္နဝိထိ ဖြစ်ဟန်ကား မိမိ ပဋိသန္ဓေ၊ (လ)။ ဘဝင်ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အတိတ်စေတနာ ကံနိမိတ်၊ (လ)။ မနောဒွါရာဝဇ္ဇန်း။ မရဏာသန္နဇော (၅) ကြိမ်။ တဒါရုံ (၂) ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေ၊ (လ)။ စုတိကိစ္စ တတ်၍ တစ်ကြိမ်။ ထို့နောင်၊ (လ)။ အတိတ် အကုသိုလ် စေတနာကံ နိမိတ် (၁၂) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ကာမပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခုသည် ပဋိသန္ဓေ ကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် (လ)။ အတိတ် အကုသိုလ်စေတနာ၊ (လ)။ ဘဝင် (၁၆) ကြိမ်။ ထိုနောင် ဝိပါက်၊ (လ)။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်၊ ဘဝင်ဘဝင် ဖြစ်၍ချုပ်၏။ အချုပ်မဆိုရ။ အာရုံ အမှီဆိုလေ။

ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် (၂၄)၊ ဖြစ်စိတ် (၃)၊ အကြိမ် (၈) ကြိမ်၊ ဝိထိစိတ်တဒါရုံ အဆုံးရှိခြင်းကြောင့် တဒါရမ္မဏာဝါရ မနောဒွါရ မရဏာသန္န ဝိထိမည်၏ဟူလိုသော်။ အကြွင်း ၃ ဝိထိကို ချလေ။

ဤသို့လျှင် အတိတ်အကုသိုလ် စေတနာ ကံနိမိတ် ၁၂ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုရာ၌ ဒွါရအားဖြင့် (၁)၊ ဝါရ (၄)၊ နှလုံးသွင်းအားဖြင့် (၄၈) ဖြစ်၏။ ဤသို့ အကုသိုလ် စေတနာကံ ၁၂ ပါးကို အာရုံပြုရာ၌ နှလုံးသွင်းအားဖြင့် (၅၇၆) ဝိထိဖြစ်၏။ အတိတ်ကုသိုလ် ကံနိမိတ် တို့တွင် တစ်ပါးပါးကို အာရုံပြုရာ၌ ဒွါရ (၁)၊ ဝါရ (၄)၊ နှလုံးသွင်း (၃၂)။ ဤသို့လျှင် ကုသိုလ်စေတနာ (၈၃) ကံနိမိတ်ကို အာရုံပြုရာ၌ နှလုံးသွင်းအားဖြင့် (၂၅၆) ဝိထိဖြစ်၏။ တစ်ဖန် ကုသိုလ် အကုသိုလ်

စေတနာ ကံနိမိတ်ကို အာရုံပြုရာ၌ နှလုံးသွင်းအားဖြင့် ပေါင်းသည်ရှိသော် (၈၃၂) ဝိထိဖြစ်သတည်း။ ကံနိမိတ်ပြီး၏။

ထင်ရှားရှိသော ဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံး စုတိကျ၍ ကာမပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခုဖြင့် ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ်အား ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ တဒါရုံနောင်စုတိ မနောဒွါရ မရဏာသန္နဝိထိဖြစ်ဟန်ကား မိမိ ပဋိသန္ဓေ (လ)။ ဘဝင်ဘဝင်၊ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထိုနောင် ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာ ဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် ပစ္စုပ္ပန် (လ) လျင်စွာသိတတ်သော ကာမကုသိုလ်၊ အကုသိုလ်ဇော (၂၀) တို့တွင် တစ်ခုခုသည် မရဏာသန္နဇောကိစ္စတတ်၍ (၅) ကြိမ်။ ထို့နောင် ထိုဇော၏ (လ)။ တဒါရုံ (၂) ကြိမ်။ ထိုမိမိပဋိသန္ဓေ (လ)။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် (၃) ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ စုတိကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် များသော (လ) သော ပစ္စုပ္ပန် ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ကာမပဋိသန္ဓေ (၁၀) တို့တွင် တစ်ခုခု သည် ပဋိသန္ဓေကိစ္စတတ်၍ တစ်ကြိမ်။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့် (လ) အားဖြင့် ဘဝတစ်ပါးက မနောဒွါရ မရဏာသန္နဇောသည် ယူအပ်ပြီးသော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင် (၄) ကြိမ်။ ထို့နောင် (လ) သော အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင် (၁၂) ကြိမ်။ ထို့နောင် ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်ဟု ဆိုအပ် သော ဘဝသစ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်။ ထို့နောင် ဝိပါက် (လ) ၍ ဘဝနိကန္တိက လောဘဇော (၇) ကြိမ်။ ထို့နောင် မိမိ (လ) များသော (လ) အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြု၍ ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

အချုပ်ကား အတီတဘဝင်၏ ဥပါဒ်မှဖြစ်ခဲ့သော ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်သည် ပဋိသန္ဓေနောင် စတုတ္ထဘဝင်၏ ဘင်မှာချုပ်ပါသည်။ အာရုံ အမှီသိသင့်ပြီ။ ဤဝိထိ၌ ဖြစ်ကောင်းသောစိတ် (၃၂)၊ ဖြစ်စိတ် (၃)၊ အကြိမ် (၈) ကြိမ်၊ ဤဝိထိကား တဒါရုံ အဆုံးရှိခြင်းကြောင့် တဒါရမ္မဏဝါရ မနောဒွါရ မရဏာသန္နဝိထိမည်၏ ဟူလိုသော်။

ဤဝိထိကို နည်းမှီ၍ တဒါရုံနောင်ဘဝင်၊ ဘဝင်နောင်စုတိ။ ဇောနောင်စုတိ။ ဇောနောင်ဘဝင်၊ ဘဝင်နောင်စုတိ။ အကြွင်းသုံးဝိထိ ချလေ။ အတိတ်ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုရာ၌ အတီတဘဝင် အလွန်ကိုမဆိုရ။ အကြွင်း အထက် (၄) ဝိထိအတိုင်း ဘဝသစ်၏ ပဋိသန္ဓေဘဝင် ၁၆၊ ဘဝနိကန္တိက လောဘဇောနောင် ဘဝင်တို့သည် အတိတ်ချည်းသာတည်း။

ဤသို့လျှင် ရူပါရုံ ကမ္မနိမိတ်ကို အာရုံပြုရာ၌ ဒွါရ၏ အစွမ်း အားဖြင့် မနောဒွါရ၊ ကာလ၏အစွမ်းအားဖြင့် (၂)၊ ဝါရ၏ အစွမ်းအား ဖြင့် (၈)၊ အာရုံ၏အစွမ်းအားဖြင့် (၂၄)၊ အကုသိုလ်နှလုံးသွင်း (၉၆)၊ ကုသိုလ်နှလုံးသွင်း (၁၂၈)၊ အကုသိုလ်၊ ကုသိုလ် (၂) ပါးကို ပေါင်း သည်ရှိသော် နှလုံးသွင်း (၂၂၄) ဝိထိဖြစ်၏။ သတ္တရသာယုက ပြည့် ကောင်းသော ရုပ်ဗာဝီသတို့တွင် ရုပ်တစ်ခုခု၌ ပစ္စုပ္ပန်အတီတဘဝင် တစ်ချက်တည်းသာ လွန်၍ (၄) ဝိထိ၊ အတိတ်၌ အတီတဘဝင် မလွန် မူ၍ (၄) ဝိထိစီချလေ။

မနောဒွါရ (၁) (၂) (၂) (၄) (၈) (၃) (၂၄) (၈) (၁၂) (၉၆) (၁၆) (၈) (၁၂၈) (၉၆) (၂၂၄) ဤသို့လျှင် သတ္တရသာယုက ပြည့် ကောင်းသောရုပ် ကမ္မနိမိတ်ကို အာရုံပြု၍ ဒွါရ (၁)၊ ကာလ (၂)၊ ဝါရ (၁၇၆)၊ အာရုံ (၅၂၈)၊ အကုသိုလ် နှလုံးသွင်းအားဖြင့် (၂၁၁၂)၊ ကုသိုလ် နှလုံးသွင်းအားဖြင့် (၂၈၁၆)၊ ကုသိုလ်၊ အကုသိုလ် နှလုံးသွင်းကို ပေါင်း သည်ရှိသော် (၄၉၂၈) ဝိထိရ၏။

ရုပ် (၂၂) (၈) (၁၇၆) ဝါရပေါင်း။ }
(၁၇၆) (၃) (၅၂၈) အာရုံပေါင်း။
(၁၇၆) (၁၂) (၂၁၁၂) အကုသိုလ်နှလုံးသွင်းပေါင်း }
(၃၅၂) (၈) (၂၈၁၆) ကုသိုလ်နှလုံးသွင်းပေါင်း။
အကုသိုလ်၊ ကုသိုလ် နှစ်ခုပေါင်းဝိထိ (၄၉၂၈)
သတ္တရသာယုက ပြည့်ကောင်းသောရုပ် ကာမဇောဝါရ
မနောဒွါရ မရဏာသန္နဝိထိပြီး၏။

သတ္တရသာယုက မပြည့်ကောင်းသောရုပ်၊ ကာမစိတ်၊ စေတသိက် ကမ္မနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြုရာ၌ အတီတဘဝင် အလွန်ကို မဆိုမူ၍ ဒွါရအားဖြင့် (၁)၊ ဝါရအားဖြင့် (၈)၊ နှလုံးသွင်းအားဖြင့် (၁၆၀) ရ၏။ ဤသို့လျှင် သတ္တရသာယုက မပြည့်ကောင်းသော ရုပ်၊ ကာမစိတ်၊ စေတသိက် ဓမ္မာရုံ ကမ္မနိမိတ်တို့ကို အာရုံပြုရာ၌ ပေါင်း၍ ရေတွက်သည်ရှိသော် ကာလ (၂၂၄) ၊ ဝါရ (၈၉၆)၊ နှလုံးသွင်းအားဖြင့် (၁၇၉၂၀) ဝိထိရ၏။

တစ်ဖန် ကာမတရားဟူသမျှ အာရုံတို့ကို အာရုံပြုရာ၌ကျသော နှလုံးသွင်းဝိထိကို ပေါင်းသည်ရှိသော် (၂၂၈၄၈) ဝိထိရ၏။ ဤဝိထိတို့သည်ကား ကာမပဋိသန္ဓေ (၁၀) ဖြင့် နေလတ္တံ့သော သူတို့၏ မနောဒွါရ မရဏာသန္နဝိထိ ဟူလိုသော်။ ဤစကားချပ်။

မဟဂ္ဂုတ် ပဋိသန္ဓေ (၉) ခုတို့တွင် ပထမစျာန် ဝိပါက်နှင့် ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်အား ကာလဝိမုတ်ဖြစ်သော ၂၅ ပါးသော ပညတ်ကမ္မနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ ကျသော မရဏာသန္နဝိထိကား ဒွါရ ၁ ၊ ဝါရ ၂၊ နှလုံးသွင်း ၁၆ ဝိထိဖြစ်၏။ ဤသို့ အာရုံ၏အစွမ်းအားဖြင့် ပေါင်း၍ရေတွက်သည်ရှိသော် ဝါရ ၅၀၊ နှလုံးသွင်းအားဖြင့် ဝိထိပေါင်း ၄၀၀ ရ၏၊ ပထမစျာန်ဝိပါက်နှင့် ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်၏ မရဏာသန္နဝိထိပြီး၏။

ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဝိပါက်နှင့် ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်အား (၁၄) ပါးသော ပညတ်ကမ္မနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ကျသော မရဏာသန္နဝိထိကား ဒွါရ (၁)၊ ဝါရ (၂)၊ နှလုံးသွင်း (၁၆) ဝိထိစီရ၏။ ဤသို့အာရုံ၏အစွမ်းအားဖြင့် ပေါင်း၍ ရေတွက်သည်ရှိသော် ဝါရ (၂၈)၊ နှလုံးသွင်းအားဖြင့် ရေတွက်သည်ရှိသော် (၂၂၄) ဝိထိရ၏။ ပဉ္စမဈာန်ဝိပါက်နှင့် ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်အား (၁၂) ပါးသော ပညတ်ကမ္မနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြုရာ၌ ဒွါရ (၁)၊ ဝါရ (၂)၊ နှလုံးသွင်း (၁၆) ဝိထိဖြစ်၏။ ဤသို့ အာရုံ၏ အစွမ်းအားဖြင့် ပေါင်း၍ရေတွက်သည်ရှိသော် ဒွါရ (၁)၊ ဝါရ (၂၄)၊ နှလုံးသွင်း (၁၉၂) ဝိထိရ၏။ အာကာသာနဉ္စာယတန ဝိပါက်နှင့် ပဋိသန္ဓေနေလတ္တံ့သော ပုဂ္ဂိုလ်၏ မရဏာသန္နဝိထိကား ဒွါရ (၁)၊ ဝါရ (၂)၊ နှလုံးသွင်း (၁၆) ဝိထိရ၏။ ဤနည်းတူကြွင်းသော အရူပဝိပါက်စိတ် (၃) ခုနှင့် ပဋိသန္ဓေနေလတ္တံ့သူတို့၏ ဒွါရ၊ ဝါရ၊ ဝိထိတို့သည် ဖြစ်ကုန်၏။ အာကာသာနဉ္စာယတန၊ အာကိဉ္စညာယတန၌ ကာလဝိမုတ် ပညတ်ဓမ္မာရုံ ကမ္မနိမိတ် ဝိညာဏဉ္စာယတန၊ နေဝသညာ နာသညာယတန၌ အတိတ်မဟဂ္ဂုတ် ဓမ္မာရုံဟု အာရုံသာ ထူး၏။

ပစ္စုပ္ပန်ရူပါရုံ ဂတိနိမိတ်ကို အာရုံပြု၍ ကာမပဋိသန္ဓေ (၁၀) တို့တွင် တစ်ပါးပါးနှင့် ပဋိသန္ဓေနေလတ္တံ့သော သူတို့၏ မရဏာသန္နဝိထိကား ဒွါရ ၁၊ ဝါရ ၄ ဝိထိ၊ နှလုံးသွင်းအားဖြင့် ဝိထိ ၈၀ ဖြစ်၏။ (၄) (၂၀) (၈၀) ကုသိုလ်၊ အကုသိုလ် (၂၀) နှင့် မြောက်။ ပြီး၏။

နိရောဓသမာပတ္တိဝိထိ၊ အဘိညာဉ်ဝိထိတို့ကို ဝိထိလက်ရိုးစသည်တို့၌ ပါရှိလေသည်အတိုင်း မှတ်ဖွယ်သာဖြစ်၍ မရေးလိုက်ပြီ။ နိဗ္ဗာန်ဝင်တော်မူကုန်သော အရှင်ကောင်းတို့၏ ပရိနိဗ္ဗာန မရဏာ

သန္ဓဝိထိ ချခြင်းကို ပထမကျော်ဆရာကြီး (ဦးအုန်း) ရေးသားတော်မူသော ဝိထိအစဉ်၌ ပါရှိခဲ့သည်ဖြစ်၍ ရေတွက်ခြင်းကိုမလို။

ဤဝိထိသခေ်ပ (ဒီပနီ) ကို သဘောမိအောင် ကြည့်ရှုကြံဆောင်ပါက ယမိုက်ပဋ္ဌာန်း အခန်းခန်းဖြင့် ဆန်းကြယ်သော ဒေသနာတော်တို့ကို သိစွမ်းနိုင်ရန် ရည်သန်သဖြင့် စက်တင်ပုံနှိပ်၍ ရိုက်ထုတ်အပ်ပါသတည်း။

**ဝိထိသခေ်ပဒီပနီကျမ်း ပြီး၏။**

✧✧✧

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပုဂ္ဂလစိတ္တဒီပနီကျမ်း

## နိဒါနကထာ

အောင်မင်္ဂလာ အောင်စေရာကို ဩဘာဘာဂုဏ်ဟိတ် ဝိသိဋ္ဌ ဇေယျာ မဟာအတုလ သုဂတဂုဏ်ထူး အောင်ပွဲမှူးဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်သည် မိခင်နတ်မြတ် ကျေးဇူးတော်ဆပ်လို၍ ဆဋ္ဌမ လွန်မြောက် ၇ ဝါအရောက်တွင် ပင်အောက်ကသစ် နတ်ဖြစ်ကမ္ဘလာ ကျောက်နေရာ၌ ကောင်းစွာတင့်တယ် စမ္မာယ်တော်မူပြီးလျှင် မိခင် နတ်မှူး အဦးပြုပြီးခါ ဗြဟ္မာနတ်ပေါင်း သောင်းသိန်းကုဋေ မရေတွက် နိုင်သော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလ ဆုံးမဟောချွတ် တော်မူသော အတိဂမ္ဘီရ သာဂရနှယ် နက်ကျယ်စွာလှ သံဏှာသုခုမ ဖြစ်သော အဘိဓမ္မာ ၇ ကျမ်း၏ အနက်သဘော သို့လော သို့လော တွေးတောရန် ရှိသမျှအရာ ယထာဘူတ ချက်ကျမှန်ကန် အတန်တန်

ကို ဉာဏ်ဝရဇိန်ရှိ စိန်မဏိဖြင့် တိအထိဖောက်ထွင်းမှု ရှင်းလင်း၍ ပြထားတော်မူသော အဘိဓမ္မတ္ထသင်္ဂဟ လက်သန်း အဋ္ဌကထာကျမ်းမှ ရှင်လန်းသေချာ ရွေးနှုတ်ကာဖြင့် များစွာဝေနေ ဗိုလ်ချေသိဿ ရှိသမျှ တို့ သိရစေလို စေတနာပို၍ ပုဂ္ဂိုလ်စိတ်ရ ကြောင်းကျိုးမျှကို မြန်မာ ဘာသာ ဖော်ပြထုတ်ကာ ရေးစီပါအံ့ သိဿထိုထို စာသင်ပျိုတို့ နောင်ကိုမလွဲ နည်းယူမြဲအောင် ရည်ဆောင်ကြံကာ စီရေးတာကို ကောင်းစွာကြည့်ရှု အရပြုက ယထာဘူတ မှန်သမျှကို ဉာဏ်ဝထင် ရှား အကျိုးများလိမ့် မိန့်သည့်ကဗျာ အောင်မြင်ရာမှု နိဒါန်းပြုသည် သောထုနောင်လာ မှတ်စေသောဝ်။

✧✧✧

## ပုဂ္ဂိုလ်အရေအတွက် ပြခြင်း

ဤစကြဝဠာအဝန်း၌ သုံးဆယ့်တစ်ဘုံတစ်ခွင်တွင် တစ်ကျိပ် နှစ် ပုဂ္ဂိုလ်ပင် ကြည်ရှင်စွာမှတ်သားရန် ရေတွက်ပြန်နည်းနယ ကောက်ယူပြသချ်ာမှာ ပုထုဇဉ် လေးယောက်၊ အရိယာရှစ်ယောက်။ ပုထုဇဉ် လေးယောက်မှာ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိပုဂ္ဂိုလ်။ အရိယာရှစ်ယောက်မှာ မဂ်လေးယောက်၊ ဖိုလ်လေးယောက်။ မဂ်လေးယောက်မှာ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သကဒါ ဂါမိမဂ်ပုဂ္ဂိုလ်၊ အနာဂါမိ မဂ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်။ ဖိုလ်လေး ယောက်မှာ သောတာပန် ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်။ ဤသို့ ပုဂ္ဂိုလ် တစ်ကျိပ်နှစ်ယောက် အရေအတွက် အမည်နာမ ပညတ် ဖြစ်ပါသည်။

## အပါယ်ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း

အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ အကုသိုလ်စိတ် ၁၂ ခု၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ ပေါင်း ၃၇ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၀၊ အကျိုးစိတ် ၁၅၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ အကုသလဝိပါက် ဥပေက္ခာသန္တီရဏနှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ခု၊ ပေါင်း ၁၅ ပါး ရပါသည်။

## လူ့ဘုံ စတုမဟာရာဇ်ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း

လူ့ဘုံ စတုမဟာရာဇ်ဘုံ၌ သုဂတိအဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ အကုသိုလ်စိတ် ၁၂ ခု၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာဝိပါက် ဝိပ္ပယုတ်စိတ် ၄ ခု၊ ပေါင်း ၄၁ ပါး ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၀၊ အကျိုးစိတ် ၁၉၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏနှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက်ဝိပ္ပယုတ်စိတ် ၄ ခု၊ ပေါင်း ၁၉ ပါးရပါသည်။

## ကာမသုဂတိ (၇) ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း

ကာမသုဂတိ ၇ ဘုံ၌ ဒွိဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ အကုသိုလ်စိတ် ၁၂ ခု၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာဝိပါက်ဝိပ္ပယုတ်စိတ် ၄ ခု၊ ပေါင်း ၄၁ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၀၊ အကျိုးစိတ် ၁၉၊ အကြောင်းအကျိုး

မဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ မဟာဝိပါက်ဝိပ္ပယုတ်စိတ် ၄ ခုတို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက် ဝိပ္ပယုတ်စိတ် ၄ ခု၊ ပေါင်း ၁၉ ပါး ရပါသည်။

ကာမသုဂတိ ၇ ဘုံ၌ ဈာန်မရ တိဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ အကုသိုလ်စိတ် ၁၂ ခု၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ပေါင်း ၄၅ ပါး ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၀၊ အကျိုး ၂၃၊ အကြောင်း အကျိုး မဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ မဟာဝိပါက်သမ္ပယုတ်စိတ် ၄ ခုတို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ပေါင်း ၂၃ ပါး ရပါသည်။

ကာမသုဂတိ ၇ ဘုံ၌ ဈာန်ရသော တိဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ အကုသိုလ်စိတ် ၁၂ ခု၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ခု၊ ပေါင်း ၅၄ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၉၊ အကျိုးစိတ် ၂၃ ၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ မဟာဝိပါက်သမ္ပယုတ်စိတ် ၄ ခုတို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ပေါင်း ၂၃ ပါးရပါသည်။

ကာမသုဂတိ ၇ ဘုံ၌ သောတာပတ္တိမဂ် ပုဂ္ဂိုလ်စိတ်ရမှာ သောတာပတ္တိမဂ်စိတ် တစ်ခုသာ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်တစ်ခု၊ အကျိုးစိတ်မပါ ဖြစ်ပါသည်။

ကာမသုဂတိ ၇ ဘုံ၌ ဈာန်မရသော သောတာပန်ပုဂ္ဂိုလ်

စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာကြဉ် အကုသိုလ် စိတ် ၇ ခု၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ် စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ သောတာပတ္တိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၄၁ ပါး ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၅၊ အကျိုး စိတ် ၂၄၊ အကြောင်းအကျိုးမဟုတ်သည့် စိတ် ၂၊ ပဋိသန္ဓေမှာ မဟာဝိပါက်သမ္ပယုတ်စိတ် ၄ ခုတို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလဝိပါက် စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂၄ ပါး ရပါသည်။

ကာမသုဂတိ ၇ ဘုံ၌ ရှာန်ရသော သောတာပန်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိ ကိစ္ဆာကြဉ် အကုသိုလ်စိတ် ၇ ခု၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ခု၊ သောတာပတ္တိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၅၀ ရပါသည်။

၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၄ ၊ အကျိုးစိတ် ၂၄၊ အကြောင်း အကျိုးမဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ မဟာဝိပါက်သမ္ပယုတ်စိတ် ၄ ခု တို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလ ဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂၄ ပါးရပါသည်။

ကာမသုဂတိ ၇ ဘုံ၌ သကဒါဂါမိမဂ် ပုဂ္ဂိုလ်စိတ်ရမှာ သကဒါ ဂါမိ မဂ်စိတ်တစ်ခုသာ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်တစ်ခု၊ အကျိုးစိတ်မပါ ဖြစ်ပါသည်။

ကာမသုဂတိ ၇ ဘုံ၌ ရှာန်မရသော သကဒါဂါမ်ပုဂ္ဂိုလ်စိတ် ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာကြဉ် အကုသိုလ်စိတ် ၇ ခု၊ ဟသိ

တုပ္ပါဒ်ကြည် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ သကဒါဂါမိဖိုလ်စိတ်တစ်ခု၊ ပေါင်း ၄၁ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၅၊ အကျိုးစိတ် ၂၄၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ မဟာဝိပါက် သမ္ပယုတ် စိတ် ၄ ခုတို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလ ဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂၄ ပါးရပါသည်။

ကာမသုဂတိ ၇ ဘုံ၌ ဈာန်ရသော သကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာကြည် အကုသိုလ်စိတ် ၇ ခု၊ ဟသိတုပ္ပါဒ်ကြည် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ခု၊ သကဒါဂါမိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၅၀ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၄၊ အကျိုးစိတ် ၂၄၊ အကြောင်း အကျိုးမဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ မဟာဝိပါက် သမ္ပယုတ် ၄ ခု တို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိ အကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂၄ ပါးရပါသည်။

ကာမသုဂတိ ၇ ဘုံ၌ အနာဂါမိမဂ်ပုဂ္ဂိုလ်စိတ်ရမှာ အနာဂါမိမဂ်စိတ် တစ်ခုသာ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်တစ်ခု အကျိုးစိတ်မပါ ဖြစ်ပါသည်။

ကာမသုဂတိ ၇ ဘုံ၌ ဈာန်မရသော အနာဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြည် အကုသိုလ်စိတ် ၅ ခု၊ ဟသိတုပ္ပါဒ်ကြည် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ အနာဂါမိဖိုလ်စိတ် ၁ ခု၊ ပေါင်း ၃၉ ပါး ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၃၊ အကျိုးစိတ် ၂၄၊ အကြောင်း

အကျိုးမဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ မဟာဝိပါက်သမ္ပယုတ်စိတ် ၄ ခုတို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ဖိုလ်စိတ် ၁ ခု၊ ပေါင်း ၂၄ ပါးရပါသည်။

ကာမသုဂတိ ၇ ဘုံ၌ ဈာန်ရသော အနာဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅ ခု၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာဝိပါက် စိတ် ၈ ခု၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ခု၊ အနာဂါမိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၄၈ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၂၊ အကျိုးစိတ် ၂၄၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ မဟာဝိပါက် သမ္ပယုတ်စိတ် ၄ ခုတို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိ အကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလ ဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂၄ ပါးရပါသည်။

ကာမသုဂတိ ၇ ဘုံ၌ အရဟတ္တမဂ်ပုဂ္ဂိုလ်စိတ်ရမှာ အရဟတ္တမဂ်စိတ် တစ်ခုသာ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်တစ်ခု၊ အကျိုးစိတ်မပါ ဖြစ်ပါသည်။

ကာမသုဂတိ ၇ ဘုံ၌ ဈာန်မရသော ရဟန္တာပုဂ္ဂိုလ်စိတ်ရမှာ ကုသိုလ်၊ အကုသိုလ်ကြဉ် အဟိတ်စိတ် ၁၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ မဟာကြိယာစိတ် ၈ ခု၊ အရဟတ္တဖိုလ်စိတ်တစ်ခု၊ ပေါင်း ၃၅ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်မပါ။ အကျိုးစိတ် ၂၄၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၁၊ ပဋိသန္ဓေမှာ မဟာဝိပါက် သမ္ပယုတ်စိတ် ၄ ခုတို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိ အကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက် စိတ် ၈ ခု၊ ဖိုလ်စိတ် ၁ ခု၊ ပေါင်း ၂၄ ပါးရပါသည်။

ကာမသုဂတိ ၇ ဘုံ၌ ဈာန်ရသော ရဟန္တာပုဂ္ဂိုလ်စိတ်ရမှာ ကုသိုလ်၊ အကုသိုလ်ကြဉ် အဟိတ်စိတ် ၁၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ မဟာကြိယာစိတ် ၈ ခု၊ မဟဂ္ဂုတ်ကြိယာစိတ် ၉ ခု၊ အရဟတ္တဖိုလ်စိတ်တစ်ခု၊ ပေါင်း ၄၄ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်မပါ။ အကျိုးစိတ် ၂၄၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၂၀၊ ပဋိသန္ဓေမှာ မဟာဝိပါက်သမ္ပယုတ်စိတ် ၄ ခုတို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၇ ခု၊ အဟိတ်ကုသလ ဝိပါက်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂၄ ပါးရပါသည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော စာတမ်းအစဉ်သည်ကား ကာမပုဂ္ဂလ တစ်ကျိပ်နှစ်ယောက်တို့ စိတ်အရေအတွက် သင်္ချာနာမပညတ်ဖြစ်ပါသည်။

## ဝေဟပ္ဖိုလ်တိုင် ရူပ (၁၀) ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း

ဝေဟပ္ဖိုလ်တိုင်ရုံ ရူပတစ်ဆယ်ဘုံ၌ တိဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ ဒေါသမူကြဉ် အကုသိုလ်စိတ် ၁၀၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၁ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟဂ္ဂုတ်စိတ် ၉ ခု၊ ရူပဝိပါက်စိတ်တစ်ခု၊ ပေါင်း ၃၉ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၇ ၊ အကျိုးစိတ် ၁၀၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ ပထမဈာန်ဘုံဖြစ်က ပထမဈာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေနေပါသည်။ ဒုတိယဈာန်ဘုံဖြစ်က ဒုတိယဈာန်၊ တတိယဈာန် ဝိပါက်စိတ် ၂ ခုတို့တွင် တစ်ခုခုနှင့် ပဋိသန္ဓေ နေပါသည်။ တတိယဈာန်ဘုံဖြစ်က စတုတ္ထဈာန် ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ စတုတ္ထဈာန်ဘုံဖြစ်က ပဉ္စမဈာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။

ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၄ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၅ ခု၊ ရူပါဝိပါက်စိတ် ၁ ခု၊ ပေါင်း ၁၀ ပါးရပါသည်။

ဝေဟပ္ဖိုလ်တိုင်ရုံ ရူပတစ်ဆယ်ဘုံ၌ သောတာပတ္တိမဂ်ပုဂ္ဂိုလ်စိတ်ရမှာ သောတာပတ္တိမဂ်စိတ် တစ်ခုသာရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်တစ်ခု၊ အကျိုးစိတ်မပါ ဖြစ်ပါသည်။

ဝေဟပ္ဖိုလ်တိုင်ရုံ ရူပတစ်ဆယ်ဘုံ၌ သောတာပန် ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅ ခု၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၁ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ခု၊ သောတာပတ္တိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၃၅ ပါး ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၂၊ အကျိုးစိတ် ၁၁၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ ပထမဈာန်ဘုံဖြစ်က ပထမဈာန် ဝိပါက်စိတ်နှင့် ပဋိသန္ဓေနေပါသည်။ (လ)။ စတုတ္ထ ဈာန်ဘုံဖြစ်က ပဥ္စမဈာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၄ ခု၊ အဟိတ်ကုသလ ဝိပါက်စိတ် ၅ ခု၊ ရူပဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၁၁ ပါးရပါသည်။

ဝေဟပ္ဖိုလ်တိုင်ရုံ ရူပတစ်ဆယ်ဘုံ၌ သကဒါဂါမိမဂ်ပုဂ္ဂိုလ်စိတ်ရမှာ သကဒါဂါမိမဂ်စိတ် တစ်ခုသာရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်တစ်ခု၊ အကျိုးစိတ်မပါ ဖြစ်ပါသည်။

ဝေဟပ္ဖိုလ်တိုင်ရုံ ရူပတစ်ဆယ်ဘုံ၌ သကဒါဂါမ် ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅ ခု၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၁ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ခု၊ ရူပဝိပါက်စိတ်တစ်ခု၊ သကဒါဂါမိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၃၅ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်း

စိတ် ၂၂၊ အကျိုးစိတ် ၁၁၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ ပထမဈာန်ဘုံဖြစ်က ပထမဈာန်ဝိပါက် စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ (လ)။ ပဥ္စမဈာန်ဘုံဖြစ်က ပဥ္စမဈာန် ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလ ဝိပါက်စိတ် ၄ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၅ ခု၊ ရူပဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၁ ပါးရပါသည်။

ဝေဟပ္ဖိုလ်တိုင်ရှိ ရူပတစ်ဆယ်ဘုံ၌ အနာဂါမိမဂ်ပုဂ္ဂိုလ်စိတ်ရမှာ အနာဂါမိမဂ်စိတ် တစ်ခုသာရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် တစ်ခု၊ အကျိုးစိတ်မပါ ဖြစ်ပါသည်။

ဝေဟပ္ဖိုလ်တိုင်ရှိ ရူပတစ်ဆယ်ဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြည် အကုသိုလ်စိတ် ၅ ခု၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟသိတုပ္ပါဒ်ကြည် အဟိတ်စိတ် ၁၁ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ခု၊ ရူပဝိပါက်စိတ်တစ်ခု၊ အနာဂါမိ ဖိုလ်စိတ် တစ်ခု၊ ပေါင်း ၃၅ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်း စိတ် ၂၂၊ အကျိုးစိတ် ၁၁၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၂၊ ပဋိသန္ဓေမှာ ပထမဈာန်ဘုံဖြစ်က ပထမဈာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ (လ)။ ပဥ္စမဈာန်ဘုံဖြစ်က ပဥ္စမဈာန်ဝိပါက်စိတ်နှင့် ပဋိ သန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၄ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၅ ခု၊ ရူပဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၁ ပါးရပါသည်။

ဝေဟပ္ဖိုလ်တိုင်ရှိ ရူပတစ်ဆယ်ဘုံ၌ အရဟတ္တမဂ်ပုဂ္ဂိုလ်စိတ်ရမှာ အရဟတ္တမဂ်စိတ် တစ်ခုသာရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် တစ်ခု၊ အကျိုးစိတ်မပါ ဖြစ်ပါသည်။

ဝေဟပ္ဖိုလ်တိုင်ရှိ ရူပတစ်ဆယ်ဘုံ၌ ရဟန္တာပုဂ္ဂိုလ်စိတ်ရမှာ ကုသိုလ်၊

အကုသိုလ်ကြဉ် ဃာန၊ ဇိဝှာ၊ ကာယကြဉ် အဟိတ်စိတ် ၁၂ ခု၊ မဟာကြိယာစိတ် ၈ ခု၊ မဟဂ္ဂုတ်ကြိယာစိတ် ၉ ခု၊ ရူပဝိပါက်စိတ်တစ်ခု၊ အရဟတ္တဖိုလ်စိတ် တစ်ခု၊ ပေါင်း ၃၁ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်မပါ၊ အကျိုးစိတ် ၁၁၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၂၀၊ ပဋိသန္ဓေမှာ ပထမစျာန်ဘုံဖြစ်က ပထမစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ (လ)။ ပဥ္စမစျာန်ဘုံဖြစ်က ပဥ္စမစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလဝိပါက်စိတ် ၄ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၅ ခု၊ ရူပဝိပါက်စိတ်တစ်ခု၊ ဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၁ ပါးရပါသည်။

## အသညသတ်ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း

အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုဂ္ဂိုလ်မှာ စိတ်မရှိ။ စေတသိက်မရှိ၊ ပဋိသန္ဓေမှာ ဇီဝိတနဝကရုပ်နှင့် ပဋိသန္ဓေနေပါသည်။ ခန္ဓာအားဖြင့် ရူပက္ခန္ဓာတစ်ပါးသာ ရပါသည်။ စိတ် စေတသိက် မရှိသော်လည်း သတ္တဝါဟု သိစေခြင်းငှာ ခန္ဓာကို ကောက်ပြလိုက်သည်။

## သုဒ္ဓါဝါသ (၅) ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း

သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမ် ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅ ခု၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၁ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ခု၊ ပဥ္စမစျာန်ဝိပါက်စိတ်တစ်ခု၊ အနာဂါမ်ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၃၅ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၂၊ အကျိုးစိတ် ၁၁၊ အကြောင်းအကျိုးမဟုတ်သည့် စိတ် ၂၊ ပဋိသန္ဓေမှာ ပဥ္စမစျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုး

မှာ အကုသလဝိပါက်စိတ် ၄ ခု၊ အဟိတ်ကုသလ ဝိပါက်စိတ် ၅ ခု၊ ပဉ္စမဈာန်ဝိပါက်စိတ်တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၁၁ ပါးရပါသည်။

သုဒ္ဓါဝါသ ငါးဘုံ၌ အရဟတ္တမဂ် ပုဂ္ဂိုလ်စိတ်ရမှာ အရဟတ္တမဂ်စိတ် တစ်ခုသာ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်တစ်ခု၊ အကျိုးစိတ်မပါ ဖြစ်ပါသည်။

သုဒ္ဓါဝါသငါးဘုံ၌ ရဟန္တာပုဂ္ဂိုလ်စိတ်ရမှာ ကုသိုလ်၊ အကုသိုလ်ကြဉ်၊ ဃာန၊ ဇိဝှာ၊ ကာယ ကြဉ် အဟိတ်စိတ် ၁၂ ခု၊ မဟာကြိယာစိတ် ၈ ခု၊ မဟဂ္ဂုတ်ကြိယာစိတ် ၉ ခု၊ ပဉ္စမဈာန်ဝိပါက် စိတ်တစ်ခု၊ အရဟတ္တဖိုလ်စိတ် တစ်ခု၊ ပေါင်း ၃၁ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်မပါ၊ အကျိုးစိတ် ၁၁၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၂၀၊ ပဋိသန္ဓေမှာ ပဉ္စမဈာန် ဝိပါက် စိတ်နှင့် ပဋိသန္ဓေနေပါသည်။ ပဝတ္တိအကျိုးမှာ အကုသလ ဝိပါက် စိတ် ၄ ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၅ ခု၊ ပဉ္စမဈာန်ဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၁၁ ပါး ရပါသည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော စာတမ်းအစဉ်သည် ရူပါ ၁၆ ဘုံသားတို့၏ စိတ်အရေအတွက် သချာနာမပြညတ် ဖြစ်ပါသည်။

## အရူပ (၄) ဘုံ၌ ပုဂ္ဂိုလ်စိတ်ရ ပြခြင်း

အာကာသာနဉ္စာယတနဘုံ၌ တိဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ ဒေါသမူကြဉ် အကုသိုလ်စိတ် ၁၀၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အရူပကုသိုလ်စိတ် ၄ ခု၊ အာကာသာနဉ္စာယတနဝိပါက်စိတ် တစ်ခု၊ ပေါင်း ၂၄ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၂ ၊ အကျိုးစိတ် ၁၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ အာကာသာနဉ္စာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါ

သည်။ ပဝတ္တိအကျိုးမှာ အာကာသာနဉ္စာယတနဝိပါက်စိတ် တစ်ခုသာ ရပါသည်။

ဝိညာဏဉ္စာယတနဘုံ၌ တိဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ ဒေါသမူကြဉ် အကုသိုလ်စိတ် ၁၀ ခု၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အာကာသာနဉ္စာယတနကြဉ် အရူပကုသိုလ်စိတ် ၃ ခု၊ ဝိညာဏဉ္စာ ယတနဝိပါက်စိတ် တစ်ခု၊ ပေါင်း ၂၃ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၁ ၊ အကျိုးစိတ် ၁၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ ဝိညာဏဉ္စာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ ဝိညာဏဉ္စာယတနဝိပါက်စိတ် တစ်ခုသာ ရပါသည်။

အာကိဉ္စညာယတနဘုံ၌ တိဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ ဒေါသမူကြဉ် အကုသိုလ်စိတ် ၁၀ ခု၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတနကြဉ် အရူပကုသိုလ်စိတ် ၂ ခု၊ အာကိဉ္စညာယတနဝိပါက်စိတ် တစ်ခု၊ ပေါင်း ၂၂ ပါး ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၂၀ ၊ အကျိုးစိတ် ၁၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ အာကိဉ္စညာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အာကိဉ္စညာယတနဝိပါက်စိတ် တစ်ခုသာ ရပါသည်။

နေဝသညာနာသညာယတနဘုံ၌ တိဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ ဒေါသမူကြဉ် အကုသိုလ်စိတ် ၁၀၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ နေဝသညာနာသညာယတနကုသိုလ်စိတ် တစ်ခု၊ နေဝသညာနာသညာယတနဝိပါက်စိတ် တစ်ခု၊ ပေါင်း ၂၁ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၉ ၊ အကျိုးစိတ် ၁၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ နေဝသညာနာသညာယတန

ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ နေဝသညာနာ သညာယတနဝိပါက်စိတ် တစ်ခုသာ ရပါသည်။

အာကာသာနဉ္စာယတနဘုံ၌ သောတာပန်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အရူပါကုသိုလ်စိတ် ၄ ခု၊ အာကာသာနဉ္စာယတနဝိပါက်စိတ် တစ်ခု၊ သောတာပတ္တိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၂၀ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၇၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ အာကာသာနဉ္စာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အာကာသာနဉ္စာယတနဝိပါက်စိတ်တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါး ရပါသည်။

ဝိညာဏဉ္စာယတနဘုံ၌ သောတာပန်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အာကာသာနဉ္စာယတနကြဉ် အရူပါကုသိုလ်စိတ် ၃ ခု၊ ဝိညာဏဉ္စာယတနဝိပါက်စိတ် တစ်ခု၊ သောတာပတ္တိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၉ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၆၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ ဝိညာဏဉ္စာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိ အကျိုးမှာ ဝိညာဏဉ္စာယတနဝိပါက်စိတ်တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါး ရပါသည်။

အာကိဉ္စညာယတနဘုံ၌ သောတာပန်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတနကြဉ် အရူပါကုသိုလ်စိတ် ၂ ခု၊ အာကိဉ္စညာယတန

ဝိပါက်စိတ်တစ်ခု၊ သောတာပတ္တိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၈ ပါး ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၅၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ အာကိဉ္စညာယတန ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အာကိဉ္စညာယတနဝိပါက်စိတ်တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါး ရပါသည်။

နေဝသညာနာသညာယတနဘုံ၌ သောတာပန်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြည် အကုသိုလ်စိတ် ၅၊ မနော ဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ နေဝသညာနာသညာ ယတနကုသိုလ်စိတ် တစ်ခု၊ နေဝသညာနာသညာယတနဝိပါက်စိတ် တစ်ခု၊ သောတာပတ္တိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၇ ပါး ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၄၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုး မဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ နေဝသညာနာသညာယတန ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ နေဝသညာ နာသညာယတန ဝိပါက်စိတ်တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါး ရပါသည်။

အရူပ ၄ ဘုံ၌ သကဒါဂါမိမဂ်ပုဂ္ဂိုလ်စိတ်ရမှာ သကဒါဂါမိမဂ် စိတ် တစ်ခုသာ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်တစ်ခု အကျိုးစိတ်မပါ ဖြစ်ပါသည်။

အာကာသာနဉ္စာယတနဘုံ၌ သကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိ ဂတ သမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြည် အကုသိုလ်စိတ် ၅၊ မနောဒွါရာ ဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အရူပါကုသိုလ်စိတ် ၄ ခု၊ အာကာသာနဉ္စာယတနဝိပါက်စိတ် တစ်ခု၊ သကဒါဂါမိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၂၀ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၇၊ အကျိုးစိတ်

၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ အာကာသာနဉ္စာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အာကာသာနဉ္စာယတန ဝိပါက်စိတ်တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါး ရပါသည်။

ဝိညာဏဉ္စာယတနဘုံ၌ သကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အာကာသာနဉ္စာယတနကြဉ် အရူပ ကုသိုလ်စိတ် ၃ ခု၊ ဝိညာဏဉ္စာယတနဝိပါက်စိတ် တစ်ခု၊ သကဒါဂါမိ ဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၉ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၆၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ ဝိညာဏဉ္စာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ ဝိညာဏဉ္စာယတနဝိပါက်စိတ်တစ်ခု၊ ဖိုလ်စိတ် တစ်ခု၊ ပေါင်း ၂ ပါး ရပါ သည်။

အာကိဉ္စညာယတနဘုံ၌ သကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတနကြဉ် အရူပကုသိုလ်စိတ် ၂ ခု၊ အာကိဉ္စညာယတန ဝိပါက်စိတ် တစ်ခု၊ သကဒါဂါမိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၈ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၅၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့် စိတ် ၁၊ ပဋိသန္ဓေမှာ အာကိဉ္စညာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အာကိဉ္စညာယတနဝိပါက် စိတ်တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါး ရပါသည်။

နေဝသညာနာသညာယတနဘုံ၌ သကဒါဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅၊ မနော

ဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ နေဝသညာနာသညာယတနကုသိုလ်စိတ် တစ်ခု၊ နေဝသညာနာသညာယတန ဝိပါက်စိတ် တစ်ခု၊ သကဒါဂါမိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၇ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၄၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ နေဝသညာနာသညာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ နေဝသညာနာသညာယတန ဝိပါက်စိတ်တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါး ရပါသည်။

အရူပ ၄ ဘုံ၌ အနာဂါမိမဂ်ပုဂ္ဂိုလ်စိတ်ရမှာ အနာဂါမိမဂ်စိတ် တစ်ခုသာ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်တစ်ခု၊ အကျိုးစိတ် မပါ ဖြစ်ပါသည်။

အာကာသာနဉ္စာယတနဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အရူပကုသိုလ်စိတ် ၄ ခု၊ အာကာသာနဉ္စာယတန ဝိပါက်စိတ်တစ်ခု၊ အနာဂါမိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၂၀ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၇၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ အာကာသာနဉ္စာယတန ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အာကာသာနဉ္စာယတနဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါးရပါသည်။

ဝိညာဏဉ္စာယတနဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတ သမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅၊ မနောဒွါရာ ဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အာကာသာနဉ္စာယတနကြဉ် အရူပကုသိုလ်စိတ် ၃ ခု၊ ဝိညာဏဉ္စာယတနဝိပါတ်စိတ် တစ်ခု၊ အနာဂါမိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၉ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်း

စိတ် ၁၆၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ ဝိညာဏဉ္စာယတန ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ ဝိညာဏဉ္စာယတနဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါးရပါသည်။

အာကိဉ္စညာယတနဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတနကြဉ် အရူပကုသိုလ်စိတ် ၂ ခု၊ အာကိဉ္စညာယတန ဝိပါက်စိတ် တစ်ခု၊ အနာဂါမိ ဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၈ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၅၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ အာကိဉ္စညာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိ အကျိုးမှာ အာကိဉ္စညာယတန ဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါးရပါသည်။

နေဝသညာနာသညာယတနဘုံ၌ အနာဂါမ်ပုဂ္ဂိုလ်စိတ်ရမှာ ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာ၊ ဒေါသမူကြဉ် အကုသိုလ်စိတ် ၅၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ နေဝသညာနာသညာယတနကုသိုလ်စိတ် ၁ ခု၊ နေဝသညာနာသညာယတန ဝိပါက်စိတ် ၁ ခု၊ အနာဂါမိဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၇ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ် ၁၄၊ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၊ ပဋိသန္ဓေမှာ နေဝသညာနာသညာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိ အကျိုးမှာ နေဝသညာနာသညာယတနဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါးရပါသည်။

အရူပ ၄ ဘုံ၌ အရဟတ္တမဂ်ပုဂ္ဂိုလ်စိတ်ရမှာ အရဟတ္တမဂ်စိတ် တစ်ခုသာ ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်တစ်ခု၊ အကျိုးစိတ် မပါ ဖြစ်ပါသည်။

အာကာသာနဉ္စာယတနဘုံ၌ ရဟန္တာပုဂ္ဂိုလ်စိတ်ရမှာ ကုသိုလ်၊ အကုသိုလ်ကြည်၊ မနောဒွါရာဝဇ္ဇန်း စိတ်တစ်ခု၊ မဟာကြိယာစိတ် ၈ ခု၊ အရူပကြိယာစိတ် ၄ ခု၊ အာကာသာနဉ္စာယတန ဝိပါက်စိတ်တစ်ခု၊ အရဟတ္တဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၅ ပါး ရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်မပါ။ အကျိုးစိတ် ၂၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၃ ခု။ ပဋိသန္ဓေမှာ အာကာသာနဉ္စာယတန ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ အာကာသာနဉ္စာယတနဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါးရပါသည်။

ဝိညာဏဉ္စာယတနဘုံ၌ ရဟန္တာပုဂ္ဂိုလ်စိတ်ရမှာ ကုသိုလ်၊ အကုသိုလ်ကြည်၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကြိယာစိတ် ၈ ခု၊ အာကာသာနဉ္စာယတနကြည် အရူပ ကြိယာစိတ် ၃ ခု၊ ဝိညာဏဉ္စာယတနဝိပါက်စိတ် တစ်ခု၊ အရဟတ္တဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၄ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်မပါ။ အကျိုးစိတ် ၂ ခု၊ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၂ ခု၊ ပဋိသန္ဓေမှာ ဝိညာဏဉ္စာယတန ဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိအကျိုးမှာ ဝိညာဏဉ္စာယတနဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါးရပါသည်။

အာကိဉ္စညာယတနဘုံ၌ ရဟန္တာပုဂ္ဂိုလ်စိတ်ရမှာ ကုသိုလ်၊ အကုသိုလ်ကြည် မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကြိယာစိတ် ၈ ခု၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတနကြည် အရူပ ကြိယာ စိတ် ၂ ခု၊ အာကိဉ္စညာယတန ဝိပါက်စိတ် တစ်ခု၊ အရဟတ္တဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၃ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်မပါ။ အကျိုးစိတ် ၂ ခု၊ အကြောင်း အကျိုးမဟုတ်သည့်စိတ် ၁၁ ခု၊ ပဋိသန္ဓေမှာ အာကိဉ္စညာယတနဝိပါက် စိတ်နှင့် ပဋိသန္ဓေ နေပါ

သည်။ ပဝတ္တိအကျိုးမှာ အာကိဉ္စညာယတန ဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါးရပါသည်။

နေဝသညာနာသညာယတနဘုံ၌ ရဟန္တာပုဂ္ဂိုလ်စိတ်ရမှာ ကုသိုလ်၊ အကုသိုလ်ကြဉ်၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ခု၊ မဟာကြိယာစိတ် ၈ ခု၊ နေဝသညာနာသညာကြိယာစိတ် တစ်၊ နေဝသညာနာသညာဝိပါက်စိတ် တစ်ခု၊ အရဟတ္တဖိုလ်စိတ် တစ်ခု၊ ပေါင်း ၁၂ ပါးရပါသည်။ ၎င်းပုဂ္ဂိုလ်မှာ အကြောင်းစိတ်မပါ။ အကျိုးစိတ် ၂ ခု။ အကြောင်းအကျိုးမဟုတ်သည့်စိတ် ၁၀ ခု၊ ပဋိသန္ဓေမှာ နေဝသညာနာသညာယတနဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေပါသည်။ ပဝတ္တိ အကျိုးမှာ နေဝသညာနာသညာယတနဝိပါက်စိတ် တစ်ခု၊ ဖိုလ်စိတ်တစ်ခု၊ ပေါင်း ၂ ပါးရပါသည်။

ဤပုဂ္ဂလစိတ္တဒီပနီကျမ်းကို သဘောမိအောင် ကြည့်ရှုကြံဆောင်ပါက ယမိုက်ပဋ္ဌာန်းအခန်းခန်းဖြင့် ဆန်းကြယ်သော ဒေသနာတော်တို့ကို သိစွမ်းနိုင်ရန် ရည်သန်သဖြင့် စက်တင်ပုံနှိပ်ရိုက်ထုတ် အပ်ပါသတည်း။


**ပုဂ္ဂလစိတ္တဒီပနီကျမ်း ပြီး၏။**


✧ ✧ ✧

# မိုးကုတ် - မင်္ဂလာ
# သာသနိက နှင့် သာသနာဝင်













# အမရပူရမြို့ မင်္ဂလာတိုက် နာယကဆရာတော်များ၏ ထေရုပ္ပတ္တိများ


တိုက်အုပ်ဆရာတော်များ အစဉ်အဆက်
(မိုးကုတ်ဆရာတော်ကြီး မင်္ဂလာတိုက်သို့ ရောက်ရှိချိန်မှစ၍ ယခုအထိ)



ဆရာတော် **ဘဒ္ဒန္တသုဇာတ**(၁၂၄၀–၁၃၀၅)သည် ၁၃၀၅–ခု၊ သက်တော်(၆၅)နှစ်၊ ဝါတော်(၄၅)ဝါအရတွင် စံလွန်တော်မူသည်။ အမရပူရမြို့၊ မင်္ဂလာတိုက် တိုက်အုပ်ဆရာတော် ဖြစ်ပြီး၊ မင်္ဂလာတိုက်၊ သီရိနာယကကျောင်း၌ သီတင်းသုံးတော်မူ၍ စာချခြင်း၊ ကျမ်းစာများ ရေးသားပြုစုခြင်းဖြင့် သာသနာ့သုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။ မိုးကုတ်ဆရာတော်ကြီး၏ ဥပဇ္ဈာယ်ဆရာတော်လည်း ဖြစ်ပါသည်။




ဆရာတော် **ဘဒ္ဒန္တကေတု** (၁၂၅၇ – ၁၃၂၅) သည် (၁၃၀၅) မှ (၁၃၂၅)ခု၊ သက်တော် (၆၈)နှစ်၊ ဝါတော်(၄၉)ဝါအရ တွင် စံလွန်တော်မူသည်အထိ အမရပူရမြို့၊ မင်္ဂလာတိုက် တိုက်အုပ်ဆရာတော်ဖြစ်ပြီး မင်္ဂလာတိုက်၊ သီရိနာယကကျောင်း၌ သီတင်းသုံးတော်မူ၍ သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော် မူခဲ့ပါသည်။




ဆရာတော် **ဘဒ္ဒန္တဝေပုလ္လ** သည် (၁၃၂၅)မှ (၁၃၃၉)ခုနှစ်အထိ အမရပူရမြို့၊ မင်္ဂလာတိုက် တိုက်အုပ်ဆရာတော်ဖြစ်ပြီး မင်္ဂလာတိုက်၊ ဘုံမြင့်ကျောင်း၌ သီတင်းသုံးတော်မူ၍ သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။



ဆရာတော် **ဘဒ္ဒန္တသာဂရ** သည် (၁၃၃၉) မှ(၁၃၄၂)ခုနှစ်အထိ အမရပူရမြို့၊ မင်္ဂလာတိုက် တိုက်အုပ်ဆရာတော်ဖြစ်ပြီး မင်္ဂလာတိုက်၊ ဗိုလ်ကျောင်း၌ သီတင်းသုံးတော်မူ၍ သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။



ဆရာတော် **ဘဒ္ဒန္တဇောတိက (ကြီး)** သည် (၁၃၄၂)မှ (၁၃၅၀)ခုနှစ် အထိ အမရပူရမြို့၊ မင်္ဂလာတိုက် တိုက်အုပ်ဆရာတော်ဖြစ်ပြီး မင်္ဂလာတိုက်၊ မိုးကုတ်ကျောင်းကြီး၌ သီတင်းသုံးတော်မူ၍ သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။



ဆရာတော်**ဘဒ္ဒန္တဇောတိက(လေး)** (၁၂၈၃–၁၃၇၂) (မင်္ဂလာတိုက်နှင့် မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနမဟာနာယက ဆရာတော်) လောင်းလျာအား စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ရတနာရွှာ

တွင် ခမည်းတော် ဦးအောင်ပေါ်+မယ်တော်ဒေါ်ပိုးစုတို့မှ ကောဇာ သက္ကရာဇ် ၁၂၈၃–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၉)ရက် (၂၅–အောက်တိုဘာလ–၁၉၂၁) အင်္ဂါနေ့ နံနက်စက် (၉)နာရီတွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသော မွေးချင်း(၅)ဦးအနက် စတုတ္ထ မြောက် သားမြတ်ရတနာ ဖြစ်တော်မူပါသည်။ ငယ်အမည်မှာ **မောင်စံထွန်း** ဖြစ်ပါသည်။

(၁၂)နှစ်သားအရွယ် ၁၂၉၅–ခုနှစ်တွင် စစ်ကိုင်းတိုင်း၊ တန့်ဆည် မြို့နယ်၊ ရွာသာရွာ၊ ကုန်းပေါ်ကျောင်းတိုက်ဆရာတော် **ဘဒ္ဒန္တသဒ္ဓမ္မ** မဟာထေရ်မြတ်အား ဥပဇ္ဈာယ်ပြု၍ ခမည်းတော်ရင်း ဦးအောင်ပေါ်၏ညီ မွေးစားခမည်းတော်ဦးအောင်စိုး + မွေးစား မယ်တော်ဒေါ်ရွှေပုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့အမည် **ရှင်ဇောတိက** ဖြစ်တော်မူပါသည်။ ၁၃၀၂–ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁)ရက်၊ (၁၁–ဧပြီလ–၁၉၄၁) သောကြာနေ့၊ (၁၂)နာရီ (၃)ဖဝါးအချိန်တွင် တန့်ဆည်မြို့နယ်၊ ရွာသာရွာ၊ ဦးပေါ်လှ+ဒေါ်ရွှေမြည့်နှင့် သားသမီးတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရွာသာရွာ၊ ကုန်းပေါ်ကျောင်းတိုက် သာသနသောဘိနီ ခဏ္ဍသိမ်၌ ရွာရှည်ရွာ၊ ဖက်သာဆရာတော် **ဘဒ္ဒန္တဂုဏ** မဟာထေရ် မြတ်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

(၁၃၀၉)မှ (၁၃၁၅)ခုနှစ်ထိ မန္တလေးမြို့၊ မြောက်ပြင် စံကျောင်းတိုက်ဆရာတော် **ဘဒ္ဒန္တပဏ္ဍာဝံသ** အထံတော်တွင် ခိုလှုံသီတင်းသုံးတော်မူပြီး မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်၌လ ည်းကောင်း၊ အမရပူရမြို့၊ မင်္ဂလာတိုက် မိုးကုတ်ဆရာတော်ကြီး

အထံ၌လည်းကောင်း ပရိယတ္တိစာပေများကို သင်ကြားအားထုတ်ခဲ့ပါသည်။ ၁၃၂၀(၁၉၅၈)မှ၁၃၂၄(၁၉၆၂) ခုနှစ်အထိ လေးနှစ်တိုင်တိုင် အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်တိုက်ကျောင်းတွင် သီတင်းသုံး၍ ဓမ္မန္တေဝါသိကတပည့်အဖြစ် မိုးကုတ်ဆရာတော်ကြီး အထံတော်၌ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံတို့ကို ဆရာနည်းကျ ကျင့်ကြံကြိုးစား အားထုတ်တော်မူခဲ့ပါသည်။ ဆရာတော်သည် မိုးကုတ်ဆရာတော်ကြီး ခန္ဓာဝန်ချပြီးနောက်ပိုင်း (၁၉၆၃)ခုနှစ်မှစ၍ အမရပူရမြို့၊ မင်္ဂလာမဂ္ဂင်ရိပ်သာတွင် အမြဲတမ်းတရားပြဆရာတော်အဖြစ် တာဝန်ပေးအပ်ခြင်း ခံယူတော်မူသည်။


မိုးကုတ်ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား ဆေးသွင်းဆေးထိုးရာမှ ပန်းထွက်လာသောသွေးစိမ်းများကို ခံယူပြီးသိမ်းဆည်းထား၏။ မသမာသူ လူတစ်စုက အဆိပ်ပါသွေးများကို ခိုးယူပြီး လောကီရေးရာနှင့် ပတ်သက်သော တုတ်ပြီးဓားပြီးဆေးပီယဆေးစသည်များအတွက် သုံးစွဲကြ၏။ ကြွင်းကျန်ရစ်သော အကြည်ဓာတ်မပြယ်သော မျက်လုံးတော်ကိုလည်း ညအချိန်စောင့်ရှောက်သူများ အလစ်တွင် ခိုးယူပင့်ဆောင်ရန်ကြံစည်သည်ကို သိရှိရခြင်းကြောင့် မိုးကုတ်ဆရာတော်ကြီး၏ မျက်လုံးဓာတ်တော်ကို စေတီတော်အတွင်း အမြန်ဆုံးဌာပနာ လိုက်ရခြင်းဖြစ်ပါသည်။ ဆရာတော်သည် ဦးကျော်သိန်း+ဒေါ်တင်လှတို့နှင့်အတူ **မင်္ဂလာဓာတုဓမ္မစေတီတော်** အမြန်ဆုံးပြီးမြောက်ရန် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်။ (ဦးကျော်သိန်းရေးသော "မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိနှင့်ကျင့်စဉ်"(၁၉၉၄)စာအုပ်၊ စာမျက်နှာ–၃၆၃။)

ဆရာတော်သည် ၁၃၇၂-ခု၊ ပြာသိုလဆန်း (၁၁)ရက် (၁၅-ဇန္နဝါရီလ-၂၀၁၁) စနေနေ့ နံနက်စောစောအချိန် (၀၀)နာရီ (၁၀) မိနစ်တွင် မန္တလေးမြို့၊ တော်ဝင်ဆေးရုံ၌ ခန္ဓာစွန့်တော်မူပါသည်။ ၁၃၇၂-ခု၊ ပြာသိုလပြည့်ကျော်(၈)ရက် (၂၇-၁-၂၀၁၁)ကြာသပတေးနေ့ မွန်းလွဲ(၃)နာရီခွဲအချိန်တွင် ဆရာတော်၏ ရုပ်ကလာပ်တော်အား တောင်သမန်အင်း အနောက်မြောက်ကွင်း အုတ်ပလ္လင်ပေါ်၌ နံ့သာထင်းများဖြင့် အန္တိမအဂ္ဂိစျာပန ပူဇော်ကြပါသည်။ ထိုနေ့ညသန်းခေါင်ကျော် (၁၂)နာရီခွဲခန့်တွင် မီးအရှိန် လျော့နည်းလာ၍ အုန်းရည်များဖြင့်ပက်ဖြန်းကာ မီးတို့ကိုငြိမ်းသတ်လိုက်၏။ အုတ်ပလ္လင်ပေါ်ရှိသမျှတို့ကို သိမ်းကျုံးစုရုံးလိုက်ပြီး အသင့်ပြုလုပ်ထားသောရွှေအိုး၊ ငွေအိုး၊ ပလတ်စတစ်ဇလားကြီးတို့ဖြင့်ထည့်၍ ဆရာတော်သီတင်းသုံးတော်မူခဲ့သော မင်္ဂလာမဂ္ဂင် ရိပ်သာအတွင်းရှိ ပဓာနနာယကကျောင်းဆောင်တော်သို့ ပင့်ဆောင်ထားကြပါသည်။ ဆရာတော် ဘဒ္ဒန္တဇောတိက(လေး)၏ မီးမခသောနှလုံးတော်၊ မျက်လုံးတော်၊ ဦးနှောက်တော်၊ သွားတော်၊ အသွေးတော်၊ ဆံတော်၊ အရိုးတော် ဓာတ်တော်စသည်များ ကြွင်းကျန်ရစ်တော်မူပြီး အမရပူရမြို့၊ မင်္ဂလာမဂ္ဂင်ရိပ်သာအတွင်းရှိ ပဓာနနာယက ကျောင်းဆောင်တွင် ဖူးမြော်နိုင်ရန် ပူဇော်ထားပါသည်။

ဆရာတော်သည် (၁၃၅၀)မှ (၁၃၅၇)ခုနှစ်အထိ မင်္ဂလာတိုက် တိုက်အုပ်ဆရာတော်ဖြစ်တော်မူပြီး အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်တိုက်ကျောင်း၌ သီတင်းသုံးတော်မူ၍ စာချခြင်း၊ ကျမ်းစာရေးသားခြင်း၊ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတရား ဟောပြောပြသခြင်းဖြင့်လည်းကောင်း၊ (၁၃၅၇)မှ (၁၃၇၂)ခုနှစ်အထိ မင်္ဂလာတိုက်

နှင့် မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနမဟာနာယက ဆရာတော်ဖြစ်တော်မူပြီး အမရပူရမြို့၊ မင်္ဂလာတိုက်၊ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ ပဓာနနာယကကျောင်း၌ သီတင်းသုံးတော်မူ၍ လည်းကောင်း သာသနာသုံးရပ်တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။ ဆရာတော်သည် မင်္ဂလာတိုက်မှ ဓမ္မကျမ်းစာအုပ်များကို ပုံနှိပ်ပူဇော်ရန် စတင်ဆောင်ရွက်တော် မူခဲ့ပါသည်။


ဆရာတော် **ဘဒ္ဒန္တရေဝတ**



(မင်္ဂလာတိုက် မဟာနာယကချုပ်ဆရာတော်) လောင်းလျာအား မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ တောင်ပြုံးကျေးရွာတွင် ခမည်းတော်ဦးမိုး+ မယ်တော်ဒေါ်ပေါ်တို့မှ ၁၂၉၃-ခု၊ နတ်တော်လဆန်း(၁၄)ရက် (၂၃-၁၂-၁၉၃၁) ဗုဒ္ဓဟူးနေ့၌ ဖွားမြင်တော်မူသော တစ်ဦးတည်းသော သားမြတ်ရတနာဖြစ်ပါသည်။ ၁၃၀၄ (၁၉၄၂)ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၁၄-ခု၊ ပထမဝါဆိုလဆန်း (၁၀)ရက် (၁-၇-၁၉၅၂)ဗုဒ္ဓဟူးနေ့ နံနက် (၇း၀၀)နာရီတွင် တောင်ပြုံးရွာမှ ဦးပေါ်အောင်+ဒေါ်ရွှေတင် တို့၏ပစ္စယာနုဂ္ဂဟဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ တောင်ပြုံးရွာ၊ ရွှေကျောင်းခဏ္ဍသိမ်၌ ဘဒ္ဒန္တဉာဏိန္ဒ (ရွှေကျောင်းဆရာတော်)အား ဥပဇ္ဈာယ်ပြု၍

မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

ဆရာတော်သည် ၁၃၁၇ (၁၉၅၅)ခုနှစ် သီတင်းကျွတ်လတွင် အမရပူရမြို့၊ မင်္ဂလာတိုက်၊ အလယ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တနရိန္ဒ (နောင်တွင် မိုးကုတ်မြို့၊ မင်္ဂလာတိုက်နာယက ဆရာတော်ဖြစ်လာသည်။ ၁၉၈၈–ခုနှစ်၌ စံလွန်တော်မူသည်။) အထံသို့ရောက်ရှိပြီး ယခုတိုင် အလယ်တိုက်ကျောင်း၌ သီတင်းသုံးတော်မူပါသည်။ (၁၃၁၈)ခုနှစ် နောက်ပိုင်းနှစ်များတွင် မိုးကုတ်ဆရာတော်ကြီးနှင့်အတူ မိုးကုတ်မြို့သို့ လိုက်ပါရလေ့ရှိသည်။ မင်္ဂလာတိုက်သို့ရောက်ရှိချိန်မှစ၍ မိုးကုတ်ဆရာတော်ကြီး၊ ဘဒ္ဒန္တနရိန္ဒနှင့် ဘဒ္ဒန္တဇောတိက(ကြီး)တို့အထံ၌ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်း တရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။ ၁၃၄၂ (၁၉၈၀) မှ၁၃၅၇(၁၉၉၅)ခုနှစ်အထိ အမရပူရမြို့နယ်၊ သံဃနာယက အဖွဲ့ ဥက္ကဋ္ဌဆရာတော် ဖြစ်ပါသည်။ ၁၃၇၂(၂၀၁၁)ခုနှစ်မှစ၍ ယခုချိန် အထိ အမရပူရမြို့၊ မင်္ဂလာတိုက်နှင့် မင်္ဂလာမဂ္ဂင်ရိပ်သာ၏ မဟာနာယကချုပ်ဆရာတော်ဖြစ်ပြီး သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။ အမရပူရမြို့၊ မင်္ဂလာတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး) စီစဉ်ဆောင်ရွက်ခဲ့သော မင်္ဂလာတိုက်မှ ဓမ္မကျမ်းစာအုပ်များကို ပုံနှိပ်ထုတ်ဝေပူဇော်ရန် ဘုန်းကြီးများမှ ဆက်လက်ဆောင်ရွက်ပါသည်။




ဆရာတော် **ဘဒ္ဒန္တဏ္ဍနန္ဒက** (မင်္ဂလာတိုက် စာချနာယက)လောင်းလျာအား မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ချောင်းကူးရွာ၊ ခမည်းတော်ဦးဘိုးထိုက်+မယ်တော်ဒေါ်ဖွားဆင့်တို့မှ ၁၂၉၅-ခု၊ ပြာသိုလပြည့်ကျော် (၁၅)ရက်၊ (၁၄-၁-၁၉၃၄) တနင်္ဂနွေနေ့၌ ဖွားမြင်တော်မူသော မွေးချင်းငါးဦးအနက် တတိယမြောက်သားမြတ်ရတနာဖြစ်ပါသည်။ ၁၃၀၇(၁၉၄၆)ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ရောက်ခဲ့ပါသည်။ ၁၃၁၅-ခု၊ ပထမဝါဆိုလဆန်း (၁၂)ရက် (၂၃-၆-၁၉၅၃) အင်္ဂါနေ့တွင် ချောင်းကူးရွာမှ ဦးကံစိုး + ဒေါ်လုံးတင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ချောင်းကူးရွာ၊ ချမ်းသာကြီးကျောင်း ခဏ္ဍသိမ်၌ ဘဒ္ဒန္တဝါယမ(ချောင်းကူးမြောက်ကျောင်းဆရာတော်)အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

(၁၃၀၇)မှ(၁၃၁၁)ခုနှစ်အထိ ဇာတိရွာကျောင်း၌ လည်းကောင်း၊ (၁၃၁၁)မှ (၁၃၂၅)ခုနှစ်အထိ ပခုက္ကူမြို့၊ သာသနဝိပုလာရာမ မန္တလေးတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသန၊ ဘဒ္ဒန္တရာဇိန္ဒ၊ ဘဒ္ဒန္တဥတ္တရနှင့် ဘဒ္ဒန္တသီဟ စသော ဆရာတော်များအထံ၌လည်းကောင်း ပရိယတ္တိစာပေများ သင်ယူတော်မူပါသည်။ ၁၃၁၄-ခုတွင် ပထမငယ်တန်း၊ ၁၃၁၅-ခု၊ နယုန်လတွင် ပထမလတ်တန်း၊ ၁၃၁၆-ခုတွင် ပထမကြီးတန်း၊ ၁၃၁၇-ခုတွင် ဓမ္မာစရိယစာမေးပွဲ ပါရာဇိကဏ်ကျမ်းကို သံယုတ္တနိကာယဂုဏ်ထူးဖြင့်

အသီးသီးဖြေဆို အောင်မြင်တော်မူပါသည်။ ၁၃၁၈–ခုတွင် သာသန ဓဇသီရိပဝရ ဓမ္မာစရိယဘွဲ့ ရရှိတော်မူပါသည်။ ၁၃၂၁–ခုတွင် ဝိနယပါဠိပါရဂူဘွဲ့ ရရှိတော်မူပါသည်။ (၁၃၂၅)မှ (၁၃၂၆)ခုနှစ်အထိ အမရပူရမြို့၊ မင်္ဂလာတိုက်သစ်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥက္ကံသအထံတွင် ယမိုက်၊ ပဌာန်းစာဝါကုန်သည်အထိ လည်းကောင်း၊ အမရပူရမြို့၊ တူးမောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယအထံတွင် ဆန်းကျမ်းစာဝါကုန်သည်အထိ လည်းကောင်း ဆရာနည်းကျ ထပ်မံသင်ယူတော်မူခဲ့ပါသည်။

ဆရာတော်သည် ၁၃၂၅–ခု၊ ကဆုန်လဆန်း(၅)ရက် (၂၇–၄–၁၉၆၃)တွင် အမရပူရမြို့၊ မင်္ဂလာတိုက်၊ ဘုံမြင့်ကျောင်းသို့ စတင် ရောက်ရှိပါသည်။ မင်္ဂလာတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝေပုလ္လအထံ ခန္ဓာညဏ်ရောက် ပဋ္ဌိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာ နည်းကျ သင်ယူခဲ့ပါသည်။ ဆရာတော်သည် ရောက်ရှိချိန်မှစ၍ ယခုချိန်အထိ အမရပူရမြို့၊ မင်္ဂလာတိုက်၊ ဘုံမြင့်ကျောင်းတွင် သီတင်းသုံးတော်မူပြီး သံဃာများအား ပရိယတ္တိစာဝါများကို ချပို့ပေးလျက်ရှိပါသည်။ အမရပူရမြို့၊ မင်္ဂလာတိုက်နှင့် မင်္ဂလာမဂ္ဂင်ရိပ်သာ၏ စာချနာယက ဆရာတော်ဖြစ်တော်မူပြီး သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင် တော်မူလျက်ရှိပါသည်။




ဆရာတော်**ဘဒ္ဒန္တတိဿ** (မင်္ဂလာတိုက် နာယက၊ မြို့နယ် သံဃနာယက ဒုတိယဥက္ကဋ္ဌ) လောင်းလျာအား မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ဖျောက်ဆိပ်ကုန်းရွာ၊ ခမည်းတော် ဦးစိန်ချော + မယ်တော်ဒေါ်ခွေးတို့မှ ၁၃၀၃ခု၊ ကဆုန်လပြည့်ကျော် (၁) ရက် (၁၀-၅-၁၉၄၁) စနေနေ့၌ ဖွားမြင်တော်မူသော မွေးချင်း ၈-ဦးအနက် ဒုတိယမြောက်သားမြတ်ရတနာ ဖြစ်ပါသည်။ ငယ်အမည်မှာ မောင်အောင်သောင်းဖြစ်ပါသည်။ ၁၃၁၂-ခု၊ တပို့တွဲလဆန်း (၆)ရက် (၁၂-၂-၁၉၅၁)တနင်္လာနေ့တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၂၂-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက် (၆-၁၁-၁၉၆၀)တနင်္ဂနွေနေ့တွင် မိဘနှစ်ပါး ခမည်းတော် ဦးစိန်ချော +မယ်တော် ဒေါ်ခွေးတို့၏ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ဖျောက်ဆိပ်ကုန်းရွာ၊ ဖျောက်ဆိပ်ကုန်းကျောင်း ခဏ္ဍာသိမ်၌ ဘဒ္ဒန္တနန္ဒမာလာ (မြင်းခြံမြို့၊ ခုနစ်ရာခိုင်ဆရာတော်)အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

ဆရာတော်သည် ၁၃၁၄-ခု၊ ဝါဆိုလဆန်း (၃)ရက် (၂၄-၆-၁၉၅၂)တွင် အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်ကျောင်းကြီးဆရာတော် ဘဒ္ဒန္တဇောတိက(ကြီး)အထံသို့ စတင်ရောက်ရှိခဲ့ပြီး မိုးကုတ်ဆရာတော်ကြီးနှင့် ဘဒ္ဒန္တဇောတိက(ကြီး)တို့အထံ၌ ခန္ဓာဉာဏ်ရောက် ပဋ္ဌိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်

ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။ ဆရာတော်သည် မိုးကုတ်ဆရာတော်ကြီးအား သီတင်းပတ်တိုင်း ဆံချပေးရသောရဟန်းဖြစ်ပါသည်။ (ဘုန်းကြီးဦးတိဿကိုယ်တိုင် အမိန့်ရှိသည်။)


ဆရာတော်သည် အမရပူရမြို့၊ မင်္ဂလာတိုက်၊ သိမ်ကျောင်းတွင် သီတင်းသုံးလျက်ရှိပါသည်။ (၁၃၄၂)မှ (၁၃၅၂)ခုနှစ်အထိ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်အဖြစ် လည်းကောင်း၊ (၁၃၅၂)မှ (၁၃၅၇) ခုနှစ်အထိ ရပ်ကွက်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် လည်းကောင်း၊ (၁၃၅၇) မှ (၁၃၆၂)ခုနှစ်အထိ အမရပူရမြို့နယ်၊ မြို့နယ်သံဃနာယကအဖွဲ့၊ တွဲဘက်အကျိုးတော်ဆောင်ဆရာတော် အဖြစ်လည်းကောင်း၊ (၁၃၆၂)ခုနှစ်မှ ယခုချိန်အထိ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။



ဆရာတော်**ဘဒ္ဒန္တခေမိန္ဒ** (မင်္ဂလာမဂ္ဂင်ရိပ်သာပဓာနနာယက) လောင်းလျာအား စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ရတနာရွာ၊ ခမည်းတော်ဦးတူ + မယ်တော်ဒေါ်စံတင်တို့မှ ၁၃၁၅-ခု၊ နတ်တော်လပြည့် ကျော်(၇)ရက် (၂၈-၁၂-၁၉၅၃) တနင်္လာနေ့ ည(၇)နာရီ၌

ဖွားမြင်တော်မူသော မွေးချင်း ၇-ဦးအနက် စတုတ္ထမြောက်သားမြတ်ရတနာဖြစ်ပါသည်။ ၁၃၂၄ (၁၉၆၂)ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၃၅-ခု၊ နယုန်လပြည့်နေ့ (၁၅-၆-၁၉၇၃) သောကြာနေ့ နံနက် ၉-နာရီ၊ ၅၅-မိနစ်၊ ၄-ဖဝါးတွင် အမရပူရမြို့၊ အရှေ့ဆင်တိုင်ရပ်မှ ဦးစံတင့်+ဒေါ်သိန်းတင်၊ သမီး-မမြင့်မြင့်စိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဖောင်တော်ဦး ကျောင်းတိုက်သိမ်၌ ဘဒ္ဒန္တဥက္ကံသအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

၁၃၂၉ (၁၉၆၇)ခုနှစ်မှစ၍ အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်တိုက်ကျောင်း ပဓာနနာယကဆရာတော် မိုးကုတ်ဆရာတော်ကြီး၏ ဓမ္မန္တေဝါသိက ဘဒ္ဒန္တဇောတိက(လေး)အထံ ရောက်ရှိပြီး ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။ ၁၃၇၂(၂၀၁၁)ခုနှစ်မှစ၍ အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနနာယကဆရာတော်အဖြစ် မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ ပြတိုက်ကျောင်း၌ သီတင်းသုံးတော်မူပြီး သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပါသည်။




ဆရာတော် **ဘဒ္ဒန္တပညာသီဟ**

(မင်္ဂလာတိုက်စာချနာယက၊ မြို့နယ်သံဃနာယက တွဲဘက်အကျိုးတော်ဆောင်) လောင်းလျာအား မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်၊ ဇီးပြားစံပြကျေးရွာ၊ ခမည်းတော် ဦးငြိမ်းမောင် + မယ်တော်ဒေါ်စောကြင်တို့မှ ၁၃၁၅–ခု၊ တပို့တွဲ လဆန်း(၈)ရက်၊ (၁၁–၂–၁၉၅၄) ကြာသပတေးနေ့၌ ဖွားမြင်တော်မူသော သားမြတ်ရတနာ ဖြစ်ပါသည်။ ၁၃၂၇–ခု၊ နယုန်လဆန်း(၇)ရက် (၆–၆–၁၉၆၅) တနင်္ဂနွေနေ့တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၃၅–ခု၊ တပို့တွဲလပြည့်ကျော်(၄)ရက်၊ (၁၀–၂–၁၉၇၄) တနင်္ဂနွေနေ့တွင် ဇီးပြားစံပြကျေးရွာ ဒါယကာ၊ ဒါယိကာမများ၏ပစ္စယာနုဂ္ဂဟဖြင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်၊ ဇီးပြားစံပြကျေးရွာ၊ ဇီးပြားတောင် ကျောင်းခဏ္ဍသိမ်၌ ဘဒ္ဒန္တကိတ္တိ (ဇီးပြားမြောက်ကျောင်းဆရာတော်)အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

၁၃၃၇–ခု၊ နယုန်လဆန်း(၇)ရက်(၁၅–၆–၁၉၇၅)တွင် အမရပူရမြို့၊ မင်္ဂလာတိုက်သို့ရောက်ရှိပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက မင်္ဂလာတိုက်နှင့် မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက (လေး)ထံ၌ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျ


သင်ယူခဲ့ပါသည်။ အမရပူရမြို့၊ မင်္ဂလာတိုက်၊ လည်ပေါ်ကျောင်းတွင် သီတင်းသုံးလျက်ရှိပြီး ၁၃၅၆(၁၉၉၄)ခုနှစ်မှ ယခုချိန်အထိ မင်္ဂလာတိုက် စာချနာယက အဖြစ်လည်းကောင်း၊ အမရပူရမြို့နယ် သံဃနာယက တွဲဘက်အကျိုးတော်ဆောင်ဆရာတော်အဖြစ် လည်းကောင်း သာသနာသုံးရပ်တာဝန်များကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။



ဆရာတော် **ဘဒ္ဒန္တဇဋိလ** (မင်္ဂလာတိုက်နာယက ဓမ္မကထိက၊ မန္တလေးတိုင်း ဝိနည်းဓိုရ်) လောင်းလျာအား စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ရတနာရွာ၊ ခမည်းတော်ဦးထွန်းမြတ် + မယ်တော် ဒေါ်အောင်စီတို့မှ ၁၃၂၄-ခု၊ တပို့တွဲလပြည့်ကျော် (၁၁)ရက် (၁၉-၂-၁၉၆၃) အင်္ဂါနေ့၌ ဖွားမြင်တော်မူသော သားမြတ်ရတနာ ဖြစ်ပါသည်။ ၁၃၃၆-ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၄၄-ခု၊ ဒုတိယဝါဆိုလဆန်း (၅)ရက်၊ (၂၅-၇-၁၉၈၂)တနင်္ဂနွေနေ့တွင် ဦးနေဝင်း+ဒေါ်ချစ်ချစ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးတိုင်းဒေသကြီး၊ မစိုးရိမ်ကျောင်းတိုက် သာသနာ့သောဘိနီခဏ္ဍသိမ်၌ ဘဒ္ဒန္တနာရဒါဘိဝံသ (မစိုးရိမ်

ဆရာတော်ကြီး)အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

၁၃၅၁–ခု၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက် (၇–၁၁–၁၉၈၉) အင်္ဂါနေ့၌ အမရပူရမြို့၊ မင်္ဂလာတိုက်သို့ ရောက်ရှိတော်မူပြီး မိုးကုတ်ဆရာတော်ကြီး၏ ဓမ္မန္တေဝါသိက၊ မင်္ဂလာတိုက်နှင့် မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာတိက(လေး)ထံ၌ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။ ဆရာတော်သည် အမရပူရမြို့၊ မင်္ဂလာတိုက်၊ ကန်တော်ကျောင်း၌ သီတင်းသုံးတော်မူ၍ မင်္ဂလာတိုက် နာယက ဓမ္မကထိကဆရာတော်အဖြစ် လည်းကောင်း၊ မန္တလေးတိုင်း ဝိနည်းမိုရ်ဆရာတော်အဖြစ်လည်းကောင်း သာသနာ သုံးရပ် တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။




ဆရာတော် **ဘဒ္ဒန္တပညာသာမိ** (မင်္ဂလာတိုက်နာယက)လောင်းလျာအား စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ရတနာရွာ၊ ခမည်းတော်ဦးသောင်းစိန် + မယ်တော်ဒေါ်အုံးကြည်တို့မှ ၁၃၂၆–ခု၊ သီတင်းကျွတ်လဆန်း (၉)ရက် (၁၅–၁၀–၁၉၆၄) ကြာသပတေးနေ့၌ ဖွားမြင်

တော်မူသော သားမြတ်ရတနာဖြစ်ပါသည်။ ၁၃၃၆-ခုတွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၄၆-ခု၊ နယုန်လဆန်း (၉)ရက်၊ (၇-၆-၁၉၈၄) ကြာသပတေးနေ့တွင် မိဘနှစ်ပါး ခမည်းတော်ဦးသောင်းစိန် + မယ်တော်ဒေါ်အုံးကြည်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ရတနာရွာ၊ ရတနာကျောင်းတိုက် ခဏ္ဍသိမ်၌ ရတနာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသာသနအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

၁၃၄၂-ခု၊ နယုန်လဆန်း(၄)ရက် (၁၇-၅-၁၉၈၀) စနေနေ့တွင် အမရပူရမြို့၊ မင်္ဂလာတိုက်၊ မိုးကုတ်တိုက်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး)အထံသို့ စတင်ရောက်ရှိပါသည်။ (၁၃၄၃)မှ (၁၃၄၉) ခုနှစ်အထိ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၊ ဓမ္မာဘာဏကကျောင်းတွင် သီတင်းသုံး၍ ဆရာတော်ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၊ ဘဒ္ဒန္တကေသရ၊ ဘဒ္ဒန္တဃောသိတ၊ ဘဒ္ဒန္တသုစိတ္တ၊ ဘဒ္ဒန္တတေဇောသာရ၊ ဘဒ္ဒန္တတိက္ခိန္ဒြိယ၊ ဘဒ္ဒန္တသုမန၊ ဘဒ္ဒန္တဇဝနဗုဒ္ဓိ၊ ဘဒ္ဒန္တပညိန္ဒတို့အထံ၌ ပရိယတ္တိစာပေများ သင်ယူခဲ့ပါသည်။ (၁၃၄၉)မှ (၁၃၇၃)ခုနှစ်အထိ အမရပူရမြို့၊ မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက၊ မင်္ဂလာတိုက်နှင့် မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး)၊ ရန်ပြေမာန်ပြေကျောင်းဆရာတော် ဘဒ္ဒန္တခေမိန္ဒတို့ထံ၌ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။

ယခုအခါ မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒ၊ ဆရာတော်ဘဒ္ဒန္တအာလောက တို့၏ ဩဝါဒကိုခံယူလျက် အမရပူရမြို့၊ "အမရသုခ"ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖြင့် လူမျိုးဘာသာမရွေး ဆေးဒါနပြုလျက်ရှိပါသည်။ ၁၃၇၃–ခု၊ ကဆုန်လဆန်း(၉)ရက်နေ့မှ ယခုချိန်အထိ အမရပူရမြို့၊ မင်္ဂလာတိုက်၊ ရန်ပြေမာန်ပြေကျောင်းတွင် သီတင်းသုံးတော်မူ၍ မင်္ဂလာတိုက်နာယကဆရာတော် ဖြစ်တော်မူပြီး သာသနာသုံးရပ် တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။



ဆရာတော်**ဘဒ္ဒန္တတေဇဝန္တ** (မင်္ဂလာ တိုက်စာချနာယက၊ မြို့နယ်သံဃဝန်ဆောင်၊ ဝိနည်းဓိုရ်) လောင်းလျာအား စစ်ကိုင်းတိုင်း ဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ကံကြီးကုန်း ရွာတွင် ခမည်းတော်ဦးပြုံးချို + မယ်တော် ဒေါ်စိန်ကြီးတို့မှ ၁၃၂၇–ခု၊ ဦးတန်ခူး လပြည့်ကျော်(၈)ရက် (၂၄–၄–၁၉၆၅) စနေနေ့၌ ဖွားမြင်တော်မူသော မွေးချင်း ညီအစ်ကို သုံးဦးအနက် တတိယမြောက် သားမြတ်ရတနာ ဖြစ်ပါ သည်။ ၁၃၃၈–ခု၌ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါ သည်။ ၁၃၄၇–ခု၊ ကဆုန်လဆန်း(၂)ရက် (၂၀–၄–၁၉၈၅)စနေနေ့၊ နံနက်၈–နာရီ၊ ၂၅–မိနစ်အချိန်တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊


(၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၅၄၅)မှ ဦးပေါ+ဒေါ်ပိုက် မိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘူတာရပ်ကွက်၊ မင်္ဂလာသိဒ္ဓိကျောင်းခဏ္ဍာသိမ်၌ ဘဒ္ဒန္တ ကောသလ္လ (တိပိဋကဓရ ပြည်ဆရာတော်)အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

(၁၃၃၈)ခုနှစ်မှစ၍ တန့်ဆည်မြို့နယ်၊ ကံကြီးကုန်းရွာ၊ ကံစွယ် ဆရာတော်ဘဒ္ဒန္တဓမ္မသီရိအထံ၌လည်းကောင်း၊ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသာဘိဝံသ၊ ဘဒ္ဒန္တပညာသာမိဘိဝံသ(အဂ္ဂါဘိဓေ)၊ ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ ဘဒ္ဒန္တဇယဒိသာဘိဝံသ၊ ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ ဘဒ္ဒန္တဥေယျာဘိဝံသ တို့အထံ၌လည်းကောင်း၊ ရန်ကုန်မြို့၊ ပဥ္စနိကာယကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လ အထံ၌လည်းကောင်း၊ ပစ္ဆိမာရုံကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ အထံ၌လည်းကောင်း၊ စစ်ကိုင်းမြို့၊ မင်းကွန်းတိပိဋကနိကာယဆရာတော်များ အထံ၌လည်းကောင်း ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။ ၁၃၅၃-ခုတွင် သာသနဓဇဓမ္မာစရိယဘွဲ့ ရရှိပါသည်။ ၁၃၅၅-ခုတွင် ဥဘတောဝိဘင်္ဂဓရဘွဲ့ရရှိပါသည်။ ၁၃၆၀-ခုတွင် ဝိနယဝိဒူဘွဲ့ ရရှိပါသည်။

၁၃၅၇-ခု၊ ကဆုန်လပြည့်ကျော်(၇)ရက် (၂၀-၅-၁၉၉၅) စနေနေ့ တွင် အမရပူရမြို့၊ မင်္ဂလာတိုက်သို့ ရောက်ရှိပါသည်။ မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဓမ္မန္တေဝါသိက၊ မင်္ဂလာတိုက်နှင့် မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင် ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး)၊ ရန်ပြေမာန်ပြေကျောင်းဆရာတော်

ဘဒ္ဒန္တခေမိန္ဒတို့ထံ၌ ခန္ဓာညာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။

မင်္ဂလာတိုက်သို့ ရောက်ရှိချိန်မှစ၍ ယခုတိုင် မိုးကုတ်တိုက်ကျောင်း၌ သီတင်းသုံးတော်မူပြီး မင်္ဂလာတိုက်စာချနာယက၊ နယ်လှည့်ဓမ္မကထိက အဖြစ်လည်းကောင်း၊ (၁၃၆၃)ခုနှစ်မှစ၍ ယခုချိန်အထိ အမရပူရမြို့နယ် ဝိနည်းဓိုရ်ဆရာတော်အဖြစ် လည်းကောင်း၊ မြို့နယ်သံဃဝန်ဆောင်ဆရာတော်အဖြစ် လည်းကောင်း သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်လျက်ရှိပါ သည်။




ဆရာတော် **ဘဒ္ဒန္တသုန္ဒရ** (မင်္ဂလာတိုက် နာယက ဓမ္မကထိက)လောင်းလျာအား မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ဖျောက်ဆိပ်ကုန်းရွာတွင်ခမည်းတော် ဦးညီခင်+မယ်တော်ဒေါ်မြတို့မှ ၁၃၃၀–ခု၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက် (၁၁–၁၀–၁၉၆၈) သောကြာနေ့၌ ဖွားမြင်တော်မူသော သားမြတ်ရတနာဖြစ်ပါသည်။ ၁၃၄၃ (၁၉၈၁)ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ သာသနာ–၂၅၃၁၊ ကောဇာ–၁၃၄၉၊ တပေါင်းလဆန်း (၁၅)ရက်

(၂-၃-၁၉၈၈) ဗုဒ္ဓဟူးနေ့ မွန်းလွဲ(၁း၁၀)နာရီတွင် မိဘနှစ်ပါး ခမည်းတော်ဦးညီခင် + မယ်တော်ဒေါ်မြတို့၏ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဖျောက်ဆိပ်ကုန်းကျောင်း ခဏ္ဍသိမ်၌ ဘဒ္ဒန္တဥာဏ(မိတ္ထီလာမြို့၊ မြို့မစာသင်တိုက်ကျောင်း ဆရာတော်)အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

(၁၃၄၅)မှ (၁၃၅၅)ခုနှစ်အထိ မိတ္ထီလာမြို့၊ မြို့မစာသင်တိုက်၊ အောင်သိဒ္ဓိကျောင်းဆရာတော် ဘဒ္ဒန္တဥာဏ(ဘီ.အေ, ဓမ္မာစရိယ) အထံ၌ လည်းကောင်း၊ အမရပူရမြို့၊ မင်္ဂလာတိုက်၊ ဘုံမြင့်ကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒက(သာသနဓဇ သိရိပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ) အထံတော်၌ လည်းကောင်း၊ မန္တလေးမြို့၊ နန္ဒိသေနာ ရာမတိုက် (ဘုရားကြီးအနီး) ဆရာတော်ဘဒ္ဒန္တအရိယာဘိဝံသ(မဟာန) နှင့် ဘဒ္ဒန္တသူရိယာဘိဝံသတို့အထံ၌ လည်းကောင်း ပရိယတ္တိအခြေခံ စာပေများ သင်ယူခဲ့ပါသည်။ ၁၃၄၉-ခု၌ အခြေပြုတန်း ခုံအမှတ် (ထီလာ-၁၅၁)ဖြင့် လည်းကောင်း၊ ၁၃၅၀-ခု၌ ပထမငယ်တန်း ခုံအမှတ်(ထီလာ-၈၆)ဖြင့် လည်းကောင်း၊ ၁၃၅၂-ခု၌ ပထမလတ်တန်း ကိုလည်းကောင်း၊ ၁၃၅၄-ခု၌ ပထမကြီးတန်း ခုံအမှတ်(ပူရ-၁၈၈) ဖြင့်လည်းကောင်း၊ ၁၃၆၁-ခု၌ ဓမ္မာစရိယစာမေးပွဲ သီလက္ခန်ကျမ်း ကို ခုံအမှတ်(ပ-၂၉၁၈)ဖြင့်လည်းကောင်း၊၁၃၆၂-ခု၌ ဒီဃနိကာယဝိဒူ (အောင်စဉ်အမှတ်-၅၇)ဖြင့်လည်းကောင်း အသီးသီး အောင်မြင်ပါသည်။

၁၃၅၂ (၁၉၉၀)ခုနှစ်၌ မင်္ဂလာတိုက်သို့ စတင်ရောက်ရှိပြီး မိုးကုတ်ကျောင်းကြီး၌ ယခုတိုင် သီတင်းသုံးတော်မူလျက် ရှိပါ သည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက ပဓာန

မဟာနာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး)၊ ဘဒ္ဒန္တခေမိန္ဒ၊ ဘဒ္ဒန္တအာလောကတို့အထံ၌ ခန္ဓာဉာဏ်ရောက် ပဋ္ဌိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်း တရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။ ဆရာတော်သည် မင်္ဂလာတိုက် နာယက ဓမ္မကထိက၊ နယ်လှည့်ဓမ္မကထိကအဖြစ် သာသနာသုံးရပ် တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။




ဆရာတော် **ဘဒ္ဒန္တခေမာစာရ** (မင်္ဂလာတိုက် စာချနာယက၊ ရပ်ကွက်သံဃနာယကဉက္ကဋ္ဌ)လောင်းလျာအား မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကြေးသွန်းရပ်၊ အိုးတော်ရပ်ကွက်တွင် ခမည်းတော် ဦးအောင်သိန်း+မယ်တော် ဒေါ်စိန်စိန်တို့မှ ၁၃၃၃ခု၊ နတ်တော်လဆန်း (၁၂)ရက် (၂၉-၁၁-၁၉၇၁) တနင်္လာနေ့၌ ဖွားမြင်တော်မူသော သားမြတ်ရတနာဖြစ်ပါသည်။ (၁၃၃၉)ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ရောက်ခဲ့ပါသည်။ ၁၃၅၃-ခု၊ ဒုတိယဝါဆိုလပြည့် (၂၆-၇-၁၉၉၁)သောကြာနေ့ နံနက် ၉-နာရီ၊ ၁၅-မိနစ်တွင် ဦးကြည်ဝင်း+ဒေါ်မြရွှင်တို့၏ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မင်္ဂလာတိုက်ခဏ္ဍသိမ်၌ မင်္ဂလာတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး)

အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

၁၃၃၈-ခု၊ ဝါဆိုလတွင် အမရပူရမြို့နယ်၊ မင်္ဂလာတိုက်၊ သီရိနာယကကျောင်းဆရာတော် ဘဒ္ဒန္တစိန္တာမဏိအထံသို့ စတင်ရောက်ရှိခဲ့ပြီး ယခုတိုင် သီရိနာယကကျောင်း၌ သီတင်းသုံးတော်မူပါသည်။ အမရပူရမြို့၊ မင်္ဂလာတိုက်စာချဆရာတော် ဘဒ္ဒန္တက္ကနန္ဒက (သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ)၊ ဘဒ္ဒန္တပညာသီဟ၊ ဘဒ္ဒန္တစိန္တာမဏိ၊ ဘဒ္ဒန္တတေဇောဘာသတို့အထံ၌ လည်းကောင်း၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် စာချဆရာတော် ဦးဝိမလဗုဒ္ဓိ(အဂ္ဂမဟာပဏ္ဍိတ)၊ ဦးဇနပ္ပတိ (အဂ္ဂမဟာပဏ္ဍိတ) တို့အထံ၌လည်းကောင်း၊ မန္တလေးမြို့၊ မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသအထံ၌ လည်းကောင်း ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။ မင်္ဂလာတိုက်နှင့် မိုးကုတ်ဝိပဿနာမင်္ဂလာမဂ္ဂင်ရိပ်သာ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး)ထံ၌ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။

၁၃၅၇-ခုနှစ်တွင် ဝိနယဝိဒူဘွဲ့ ရရှိတော်မူပါသည်။ ဆရာတော်သည် ၁၃၇၂-ခု၊ တပို့တွဲလပြည့်ကျော် (၁)ရက်နေ့မှစ၍ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်သံဃနာယက ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ မင်္ဂလာတိုက်၊ သီရိနာယကကျောင်း၌ သီတင်းသုံးတော်မူ၍ မင်္ဂလာတိုက် စာချနာယကဆရာတော် အဖြစ်လည်းကောင်း၊ စာသင်အခြေပြုတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း စာဝါအသီးသီးတို့၏ စာသင်သားသံဃာ၊

သီလရှင်တို့အား ပရိယတ္တိစာပေများ ချပို့ပေးပြီး သာသနာ သုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပါသည်။




ဆရာတော် **ဘဒ္ဒန္တမာနိတ** (မင်္ဂလာတိုက်နာယက)လောင်းလျာအား မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ချောင်းကူးရွာတွင် ခမည်းတော် ဦးစံဖဲ + မယ်တော် ဒေါ်ဖွားရှင်တို့မှ ၁၃၃၅–ခု၊ တန်ဆောင်မုန်းလ (၁၉၇၃–နိုဝင်ဘာလ) ကြာသပတေးနေ့၌ ဖွားမြင်တော်မူသော သားမြတ်ရတနာ ဖြစ်ပါသည်။ ၁၃၄၃–ခု၊ ကဆုန်လ (၁၉၈၁– မေလ)တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၅၅–ခု၊ ကဆုန်လ (၁၉၉၃–မေလ)တွင် ဦးကျော်ဦး+ဒေါ်သိန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ချောင်းကူးရွာ၊ ချမ်းသာကြီးကျောင်းခဏ္ဍသိမ်၌ ချမ်းသာကြီးကျောင်းဆရာတော် ဘဒ္ဒန္တကေသဝအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

၁၃၄၈–ခု၊ ကဆုန်လ (၁၉၈၆–မေလ)မှစ၍ အမရပူရမြို့၊ မင်္ဂလာတိုက်သို့စတင်ရောက်ရှိပါသည်။ ၁၃၄၃–ခုတွင် ပေါက်မြို့နယ်၊ ချောင်းကူးရွာ၊ ချမ်းသာကြီးကျောင်းဆရာတော် ဘဒ္ဒန္တကေသဝ အထံ၌ လည်းကောင်း၊ (၁၃၄၈)မှ (၁၃၆၂)ခုနှစ်အထိ မင်္ဂလာတိုက်၊ ဘုံမြင့်ကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဒက၊ ရွှေယမင်းကျောင်း (ယခင်

လည်ပေါ်ကျောင်း)ဆရာတော် ဘဒ္ဒန္တပညာသီဟတို့ အထံတော်၌ လည်းကောင်း၊ မန္တလေးမြို့၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလာဘိဝံသ၊ နန္ဒိသေနကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိသေနာဘိဝံသ၊ ရွှေရေးဆောင်ဆရာတော် ဘုရားကြီးတို့ အထံတော်၌လည်းကောင်း ပရိယတ္တိစာပေများ သင်ယူခဲ့ပါသည်။ ၁၃၆၂–ခုတွင် ဝိနယဝိဒူဘွဲ့ ရရှိပါသည်။


မင်္ဂလာတိုက်နှင့် မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး)ထံ၌ ခန္ဓာ ဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ် ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။ မင်္ဂလာတိုက် နာယကဆရာတော်အဖြစ် ဗိုလ်ကျောင်း၌ သီတင်းသုံး တော်မူ၍ သာသနာသုံးရပ်တာဝန်များကို ထမ်းဆောင်တော်မူလျက် ရှိပါသည်။



ဆရာတော် **ဘဒ္ဒန္တသောဘန** (မင်္ဂလာတိုက်နာယက) လောင်းလျာအား မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ထိန်လည်ရွာတွင် ခမည်းတော်ဦးသန်းမောင် + မယ်တော် ဒေါ်ရွှေမှင်တို့မှ ၁၃၃၉–ခု၊ တပို့တွဲလပြည့်ကျော် (၃)ရက် (၂၅–၂–၁၉၇၈) သောကြာနေ့၌ ဖွားမြင်တော်မူသော သားမြတ်ရတနာ ဖြစ်ပါသည်။ ၁၃၅၀–ခု၊

တပေါင်းလဆန်း(၁၀)ရက် (၁၆-၃-၁၉၈၉) ကြာသပတေးနေ့ သာမဏေပြုသည့်နေ့တွင် အမရပူရမြို့၊ မင်္ဂလာတိုက်၊ သိမ်ကျောင်း ဆရာတော် ဘဒ္ဒန္တတိဿ အထံသို့ စတင်ရောက်ရှိပါသည်။ ၁၃၅၉-ခု၊ နယုန်လပြည့် (၂၀-၆-၁၉၉၇) သောကြာနေ့တွင် ဦးသိန်းအောင်+ ဒေါ်မွေးမွေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မင်္ဂလာတိုက် ခဏ္ဍသိမ်၌ မင်္ဂလာတိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တရေဝတအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။


မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇောတိက(လေး)၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တရေဝတ၊ ဘဒ္ဒန္တတိဿ၊ ဘဒ္ဒန္တခေမိန္ဒ တို့အထံ၌ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။ ယခုအခါ မင်္ဂလာတိုက် နာယက ဆရာတော်အဖြစ် စိန်ပန်းအုဋ်ကျောင်း၌ သီတင်းသုံးတော်မူ၍ သာသနာသုံးရပ်တာဝန်များကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။



ဆရာတော် **ဘဒ္ဒန္တသုန္ဒရ** (ဓမ္မဗိမာန် အကျိုးတော်ဆောင်၊ မင်္ဂလာတိုက် နယ်လှည့်ဓမ္မကထိက)လောင်းလျာအား ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ခိုကျင် ကျေးရွာတွင် ခမည်းတော် ဦးထွန်းရွှေ+ မယ်တော်ဒေါ်လှကျင်တို့မှ ၁၃၃၁-ခု၊

ကဆုန်လဆန်း (၃)ရက် (၁၈-၄-၁၉၆၉) သောကြာနေ့၌ ဖွားမြင်တော်မူသော သားမြတ်ရတနာဖြစ်ပါသည်။ ၁၃၅၇-ခု၊ ပြာသိုလဆန်း (၂)ရက်၊ (၂၂-၁၂-၁၉၉၅)သောကြာနေ့တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၅၈-ခု၊ တပေါင်း လဆန်း(၇)ရက် (၁၅-၃-၁၉၉၇)စနေနေ့တွင် တောင်ကြီးမြို့မှ ဦးခင်အောင်+ဒေါ်အဲနန်း၊ သမီးဒေါ်စန္ဒာအောင်တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် မန္တလေးမြို့၊ မန္တလေးတောင်၊ ရွှေတောင်ကြားကျောင်း အဘယခေမာသိမ်၌ မန္တလေးမြို့၊ မိုးထိတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဉာဏအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

၁၃၅၇(၁၉၉၆)ခုနှစ်တွင် အမရပူရမြို့၊ မင်္ဂလာတိုက်သို့ စတင်ရောက်ရှိပါသည်။ မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇောတိက(လေး)၊ ဘဒ္ဒန္တခေမိန္ဒတို့အထံ၌ ခန္ဓာ ဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ် ဝိပဿနာ ကမ္မဋ္ဌာန်း တရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။ ယခုအခါ မိုးကုတ်ဆရာတော်ကြီး၏ ဇာတိရွာဖြစ်သော မန္တလေး တိုင်း၊ အမရပူရမြို့နယ်၊ မြစ်ငယ်အနီး၊ ဥယျာဉ်တော်ရွာ၊ ရွှေချက်သို ပုညသာမဂ္ဂီဓမ္မဗိမာန်တော်၌ သီတင်းသုံးတော်မူ၍ ဗိမာန် အကျိုးတော်ဆောင်ဆရာတော်၊ နယ်လှည့်ဓမ္မကထိက အဖြစ် သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။



ဆရာတော် **ဘဒ္ဒန္တကဥ္စန** (ဓမ္မကျမ်းစာအုပ်များဖြစ်မြောက်ရေး အကျိုးတော်ဆောင်၊ မင်္ဂလာမဂ္ဂင်ရိပ်သာ ကမ္မဋ္ဌာနာစရိယ) လောင်းလျာအား ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၌ ခမည်းတော် ဦးစိုးငြိမ်း + မယ်တော် ဒေါ်သန်းသန်းဝင်းတို့မှ ၁၃၄၄–ခု၊ ဝါခေါင် လဆန်း(၁၁)ရက် (၃၀–၈–၁၉၈၂)တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားမြတ်ရတနာဖြစ်ပါသည်။ ၁၃၆၁–ခု၊ ပြာသိုလပြည့်ကျော်(၇)ရက်၊ (၂၇–၁–၂၀၀၀) ကြာသပတေးနေ့တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ၁၃၆၃–ခု (၁–၁၂–၂၀၀၁) စနေနေ့တွင် ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်၊ မြို့မတောင်ကိုးလုံး မိုးကုတ်ရိပ်သာ နာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ၊ အဖွားဆရာလေးဒေါ်သစ္စညာဏီနှင့် မစန်းသီတာမိသားစုတို့၏ပစ္စယာနုဂ္ဂဟဖြင့် မြို့မတောင်ကိုးလုံး မိုးကုတ်ရိပ်သာ ခဏ္ဍသိမ်၌ နာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

၁၃၆၄ (၂၀၀၂)ခုနှစ်တွင် အမရပူရမြို့၊ မင်္ဂလာတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး)အထံသို့ ရောက်ရှိတော်မူပါသည်။ ယခုအခါ အစိုးရပထမပြန်စာမေးပွဲကို အခြေပြုတန်းမှစ၍ ပထမကြီးတန်းအထိ ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်ပါသည်။ မင်္ဂလာတိုက်နှင့် မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး)၊ ဘဒ္ဒန္တအာလောက၊

ဘဒ္ဒန္တခေမိန္ဒတို့အထံ၌ ခန္ဓာဉာဏ်ရောက် ပဋ္ဌိစ္စသမုပ္ပါဒ်လည်ပုံ၊ ပြတ်ပုံ၊ ဒိဋ္ဌိခွာပုံ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျ သင်ယူခဲ့ပါသည်။

(၁၃၆၁)ခုနှစ်မှစ၍ ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်၊ မြို့မတောင်ကိုးလုံး မိုးကုတ်ရိပ်သာ နာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ၊ အမရပူရမြို့၊ မင်္ဂလာတိုက် ပဓာနမဟာနာယက ဆရာတော် ဘဒ္ဒန္တဇောတိက(လေး)တို့ အထံ၌လည်းကောင်း၊ မန္တလေးမြို့၊ မစိုးရိမ်ကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တကုန္ဒာစက္ကာဘိဝံသ၊ ဓမ္မိကာရာမတိုက်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ၊ နန္ဒိသေနတိုက်ဆရာတော် ဘဒ္ဒန္တဝါသဝသိရီတို့အထံ၌ လည်းကောင်း ပရိယတ္တိစာပေများ သင်ယူဆည်းပူးလျက်ရှိပါသည်။

ဆရာတော်သည် မင်္ဂလာတိုက်နှင့် မင်္ဂလာမဂ္ဂင်ရိပ်သာ ပဓာနမဟာနာယကဆရာတော် ဘဒ္ဒန္တဇောတိက(လေး)၏ ပစ္ဆာသမဏရဟန်းဖြစ်တော်မူပါသည်။ အမရပူရမြို့၊ မင်္ဂလာတိုက်နှင့် မင်္ဂလာမဂ္ဂင်ရိပ်သာ၏ ဓမ္မကျမ်းစာအုပ်များဖြစ်မြောက်ရေး အကျိုးတော်ဆောင်နှင့် ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် မင်္ဂလာမဂ္ဂင်ရိပ်သာ၊ ပဓာနနာယကကျောင်း၌ သီတင်း သုံးတော်မူ၍ သာသနာသုံးရပ်တာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပါသည်။

## အမရပူရမြို့ မင်္ဂလာတိုက်
## ဓမ္မစာပေကျမ်းများ ရရှိနိုင်သောဌာနများ

၁။ မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ၊ မင်္ဂလာတိုက်၊ အိုးတော်ရပ်၊ အမရပူရမြို့။ (ဖုံး-၀၉-၂၀၅၁၀၄၁)

၂။ မင်္ဂလာတိုက်၊ အိုးတော်ရပ်၊ အမရပူရမြို့။ (ဖုံး-၀၉-၄၃၀၁၁၉၂၁)

၃။ မိုးကုတ်ကျောင်းကြီး၊ မင်္ဂလာတိုက်၊ အိုးတော်ရပ်၊ အမရပူရမြို့။ (ဖုံး-၀၉-၂၀၅၂၀၈၄)

ပြည်အမရ၊ ဒက္ခိဏာ၊ ထွန်းပသာသနာ၊
တိုက်မြတ်ဝိဟာ၊ မင်္ဂလာ၊ ရှင်စွာပျော်စံရာ၊
သုညဇယ၊ ဒွေးအစ်ပြ၊ မှတ်ကြ နှစ်ကောဇာ၊
ဘွဲ့မည်သညာ၊ ထေရ်ဆရာ၊ ကြေညာပေါ်မည်တာ၊
အများဝေနေ၊ ဉာဏ်ဖြင့်ချွေ၊ မှတ်လေ ဤကဗျာ၊
ရုပ်ခဏင်ယ်၊ သန်ျာသွယ်၊ မှတ်ဖွယ်ကြံလေပါ။

ဤစာကြည့်က ဘေးဘယကင်းပသူတို့မှာ၊
ဘေးကင်းပြန်လျှင် နိဗ္ဗာန်တွင် မြန်ပင်ရောက်မည်သာ၊
နိဗ္ဗာန်လမ်းဖြောင့် တရားစောင့် မထောင့်ဤကဗျာ၊
ကဗျာဉာဏ်ဆင် စကားပင် ဤတွင် နိဋ္ဌိတာ။

GRAPHI
NAY WINN AU
0973108